# သဘာဝအလှပန်းချီ
နှင့်
# ဆယ့်နှစ်လရာသီ တစီတကုံးများ

ဖြိုးသာရ



# သဘာဝအလှပန်းချီ
နှင့်
# ဆယ့်နှစ်လရာသီ တစီတကုံးများ

ဖြိုးသာရ



စာမူခွင့်ပြုချက်အမှတ် - ၁၀၇၃/ ၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၅၉၀၀၆၀၆

မျက်နှာဖုံးဒီဇိုင်း - **အံ့ဖွယ် (Star's)**

ထုတ်ဝေသည့်လ - ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ

ပထမအကြိမ်

**အုပ်ရေ** - ၁၀၀၀

ထုတ်ဝေသူ

ဦးသန်းမြင့် (၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊၁၀-မိုင်ကုန်း၊

အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

**ဦးဇော်မင်း (wlzard)**

အမှတ် (၁၉၇)၊ ၃၃-လမ်း (အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း (၀၂၄၃၁) နေလရောင်အော့ဖ်ဆက်

(၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ပပစိုး

တန်ဖိုး - ၇၀၀ ကျပ်

သဘာဝအလှပန်းချီ

နှင့်

ဆယ့်နှစ်လရာသီ စာစီစာကုံးများ

# ဖြိုးသာရ

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်ကွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ' အရုဏ်ဦးအလှပန်းချီ '

နိဒါန်း - အရုဏ်ဦးအနက်ကိုသရုပ်ဖော်ပါ
ညတစ်ည၏နိဂုံး ၊ နေ့တစ်နေ့၏ နိဒါန်းဖြစ်ကြောင်း သရုပ်ဖော်၍ ရေးပါ။
ဩကာသလောက၏သက်ဝင်လှုပ်ရှားမှုဖြင့်စပါ

စာကိုယ် - အရုဏ်ဦး၏တေးသံများ
- လင်းကြက်တွန်သံ
- ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံ
- ကျေးငှက်တို့၏ နံနက်ခင်းတေးသံ
- နွားခလောက်သံ
- အဘွားအို ကြေးစည်သံ
- ကက်ဆက်များမှ ဓမ္မတေးသံ
- ပဲပြုတ်သည်၏အသံချိုချို
- တိမ်တို့၏ အလှပန်းချီ
- နေခြည်ဖြာမှပွင့်ရသောနေကြာ
- နံနက်ခင်းလေပြည်
- နေရောင်ခြည်ဖြင့် အစာချက်သစ်ရွက်များ
- ခရေပန်းကောက်တေးသရုပ်ဖော်
- ရေပြင်ကျယ် အရုဏ်ရှုခင်း
- လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ကြပုံများ
- သံဃာတော်များ ဆွမ်းခံကြပုံ
- စောစောအိပ် ၊ ထ ၊ လမ်းလျှောက်
- အားကစားလေ့ကျင့်ပုံမြင်ကွင်း

နိဂုံး - ရောင်နီဦး၏ သစ်လွင်လတ်ဆတ်မှုနှင့် တက်ကြွဖွယ်စိတ်ဓါတ်
- အရုဏ်ဦးကို စာကျက်ခြင်းဖြင့် အလှဆင်ရန် ဆုံးဖြတ်ကြောင်း

## ‘ အရုဏ်ဦးအလှပန်းချီ ’

မဟာ့ရာကောင်းကင်မှာ နံ့ကွတ်သဘင် ဆင်ယင်ကျင်းပအပြီး သူရိန်မင်းက ရောင်ခြည်လက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ကြယ်တာရာ မင်းသမီးတို့ ထွက်ပြေးပျောက်ကွယ်သွားကြလေပြီ။ ညတစ်ည၏ နိဂုံးဖြစ်၍ နေ့တစ်နေ့၏နိဒါန်းသို့ရောက်ချေပြီ။ အရှေ့ကျွန်းဆီမှ လင်းရောင်ခြည် ထွက်ပြူလာသော အရုဏ်ဦးပင်ဖြစ်တော့သည်။ သြကာသ လောကကြီး တစ်ခုလုံး သက်ဝင်လှုပ်ရှားလာပေတော့မည်တကား။

အရုဏ်၏ဗွေဆော်ဦးတေးသံကား လင်းကြက်တွန်သံသာ ဖြစ်တော့၏။ ‘အောက်အီးအီးအွတ်’ဟူသော အသံသာနှင့်အတူ ရွာဦးကျောင်းမှ အုန်းမောင်း ခေါက်သံကလည်း ထွက်ပေါ်လာလေတော့၏။ ကုလားတက်ခေါက်သံနှင့် မရှေးအနှောင်း လယ်တောသွား ဦးကြီးများ၏ နွားခလောက်သံ ဂျောင်ဂျင် ဂျောင်ဂျင်ကလည်း အရုဏ်ဦး၏ တေးသံတစ်မျိုးအဖြစ် ကြားရပြန် လေသည်။ ဘုရားရှိခိုးသံနှင့်အတူ အဘွားအို၏ အမျှဝေကြေးစည်သံ ‘ဒူဝေဝေ’ ကလည်း နှစ်လိုဖွယ်ထွက်ပေါ်လာပြန်၏။ ကက်ဆက်ဆီမှ လွင့်ပျံ့ လာသော ဓမ္မတေးသံနှင့် မေတ္တာသို့ပရိတ်ရွတ်ဖတ်သံတို့မှာလည်း မင်္ဂလာ ရှိလွန်းလှပေစွ။

လမ်းမဘက်ဆီမှ 'ပဲပြုတ်'ဟူသော အသံချိုချိုကလည်း နံနက်ခင်း၏ အာဟာရအတွက် အသင့်ရောက်ရှိလာလေသည်။ မကြာမီမှာ လမ်းတစ်လျှောက် သပိတ်ကိုယ်စီဖြင့် သံဃာတော်များ အရုဏ်ခံကြွတော့မည်။ အရုဏ်ဦး၏ ဆွမ်းကြီးလောင်းပုံ မြင်ကွင်းကလည်း ကျက်သရေရှိလှပါပေ၏။

တစ်နေ့တာ အစာရှာထွက်ရန် နှိုးဆော်ရင်းနံနက်ခင်းတေးကို ဘာသာဘာဝ သီဆိုနေကြသော ကျေးငှက်တို့၏ တီတီတျာတျာအသံလေးများကလည်း ကြည်နူးဖွယ်ရာရှိနေပါသည်။ အဝေးဆီမှ ကလေးငယ်တို့၏ စာအံသံများကိုလည်းကြားရပါသေး၏။ 'နံနက်ချိန်ခါ၊ သင်အံစာ၊ ဉာဏ်မှာ ပွင့်လင်းသည်'ဟု ဆိုရိုးစကားရှိခဲ့သည် မဟုတ်ပါလား။

ပြတင်းတံခါးကို ဖွင့်လိုက်သည်နှင့် နံနက်ခင်းလေပြည်လေညှင်းလေးက ကျွန်မ၏မျက်နှာကို ထိတွေ့ကျီစယ်လိုက်လေသည်။ 'ပန်းသတင်း လေညှင်းဆောင်' ဆိုသကဲ့သို့ လေနှင့်အတူ မွှေးပျံ့သော ပန်းရနံ့ကလေးကလည်း ကျွန်မစိတ်ကို ကြည်နူးလန်းဆန်းသွားစေပါသည်။ လှမ်းမျှော်ကြည့်လိုက်သည်နှင့် နေခြည်လာရာဘက်ဆီသို့ မျှော်တလင့်လင့် မော်ဖူးနေကြသော ပန်းနေကြာများ၏ အလှကိုပါသဘာဝကျလွန်းစွာ မြင်တွေ့ရပါသည်။

တစ်ညတာပွင့်ချပ်များကိုပိတ်၍ အိပ်စက်အနားယူနေခဲ့ကြသော သစ်ရွက်ကလေးများကလည်း နေရောင်ခြည်ရရှိသည်နှင့် အာဟာရအတွက် အစာချက်ရန် အသင့်စောင့်နေကြလေပြီ။ ခရေပင်ကြီးအောက်မှာတော့ ပန်းကောက်တေးကို သရုပ်ဖော်နေသည့်အလား ခရေပွင့်ကောက်သူများကို ပျော်ပါးစဖွယ်တွေ့ရလေသည်။

မောင်လေးရေ ထ,ပါတော့
ရောင်နီလာလှပေါ့
ညီမလေးရေ ထ,ပါတော့

ရောင်နီလာလှပေါ့
တစ်ကျော့နှစ်ကျော့တေးကိုသီ
ဌက်ကျားနှုတ်ပလီ
တောင်ဆီနားက ခရေပန်း

ပင်အောက်ကြိုင်လို့လန်းဟူသောကဗျာကလေးကို သတိတရရှိမိရလေတော့၏။

ကောင်းကင်ပြင်ဆီသို့မော့အကြည့်တွင် နေခြည်ကြောင့်တိမ်စိုင်တိမ်လိပ်တို့သည် ရွှေဇာပဝါပါးပါးအနားကွပ်ထားသကဲ့သို့ ရှုမငြီးဖွယ်ရှိနေကြတော့၏။ မဟူရာမှခရမ်းရင့်၊ ထိုမှပုဇွန်ဆီရောင်သို့ တဖြည်းဖြည်းပြောင်းလဲလာသော အာကာပြင်က ဒေါင်းမင်းစကြာ၏ ဩဇာလွှမ်းမိုးမှုကို ခံရရှာလေပြီ။ မကြာမီ ကြည်လင်သော အပြာရောင် မိုးသားပြင်ကိုမြင်တွေ့ရပေတော့မည်။

မြစ်ပြင်၏ အလှကလည်း စာမဖွဲ့နိုင်လောက်အောင်ပင် ရှိနေရပြန်သည်။ ဖလ်ဝါသူရိန်၏ ရောင်ခြည်နုနုကြောင့် တလက်လက်တောက်နေသောရေပြင်က ကြည်လင်အေးမြလွန်းလှသည်။ ဝမ်းစာရှာ တံငါလှေတို့တစ်နေ့တာလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြပုံကိုလည်း တွေ့နိုင်ပေသေးသည်။ ရောင်နီဦး၏ သစ်လွင်လတ်ဆတ်မှုက တက်ကြွဖွယ်စိတ်ဓါတ်ကို မွေးဖွားပေးနေသကဲ့သို့ ဖြစ်ပေသည်။

ထို့ကြောင့်လည်း လူတန်းစားအသီးသီးတို့ တစ်နေ့တာ လုပ်ငန်းခွင်ဝင်ရန်အိပ်ရာမှ နိုးထ,ပြင်ဆင်ကြလေပြီ။ 'အစကောင်းမှ အနှောင်းသေချာ' ဆိုသကဲ့သို့ အရုဏ်၏အလှသည် နုသစ်လန်းဆန်းမှုဖြင့် ကျက်သရေမင်္ဂလာ အပေါင်းခညောင်းလျက် ရှိနေခြင်းဖြစ်သည်။ တစ်နေ့တာအတွက် အားသစ် လောင်းပေးလျက်ရှိသော လင်းအရုဏ်ပေတကား။ လယ်ယာလုပ်သားများ၊ စက်ရုံအလုပ်ရုံလုပ်သားများ၊ ဉာဏလုပ်သားများ၊ ကျောင်းသူ

ကျောင်းသားများ အားလုံးတို့သည် ဩကာသလောကကြီးကို အလုပ်အကျွေး ပြုကြရန် ခွန်အားသစ် များဖြင့် နိုးကြွလျက်ရှိနေကြပေသည်။

'စောစောအိပ်လို့ စောစောထ,လို့ စောစောလမ်းလျှောက်ကြပါစို့' ဟူသောဆောင်ပုဒ်သည်လည်း အရုဏ်ဦးအတွက် အနက်အဓိပ္ပါယ်ရှိလှ ပြန်ပါသည်။ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်လျက် နံနက်ခင်းလမ်းလျှောက် ပြေးလွှားနေကြသူတွေလည်း မနည်းလှပါ။ ကိုယ်လက်လှုပ်ရှား အားကစား ခြင်းဖြင့် တစ်နေ့တာအတွက် သွေးပူလေ့ကျင့်ခန်းယူနေကြသူများကလည်း နံနက်ခင်းရှုခင်း၏ တစ်စိတ်တစ်ဒေသကို နေရာယူနေကြလေသည်။

တစ်စတစ်စ ကြည်လင်ပြာလဲ့လာသော ကောင်းကင်ပြင်တွင် အစု လိုက်အအုံလိုက်အတန်းလိုက် အိပ်တန်းမှထွက်၍ စားကျက်ဆီသို့ဦးတည် ပျံသန်းသွားကြသော ငှက်ကလေးများကလည်း အရုဏ်ဦးအလှပန်းချီကို အသက်သွင်းလျက်ရှိနေကြပြန်လေသည်။ ဘာဏုရာဇာကား တောင်ကြော ပေါ် တွင်မေးတင်ရာမှ တရွေ့ရွေ့မြင့်တက်လာပေတော့မည်။ မှုန်ဝါးဝါး မြင်ကွင်း တို့သည် သစ်လွင်လတ်ဆတ်သောအမြင်သစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာ ပေတော့မည်။ အရုဏ်ကားဝေဝါးသော အာရုံကိုဖြိုခွင်း မည့်သူသာတည်း။

နံနက်ခင်း၏ အလှအပများကား ကြည်နူးဖွယ်တေးသံ၊ တက်ကြွ ဖွယ် မြင်ကွင်း၊ လတ်ဆတ်သောအနံ့၊ အေးမြသောလေညှင်းတို့ဖြင့် ကျက်သ ရေ မင်္ဂလာရှိနေလေပြီ။ ကျွန်မသည် လင်းအရုဏ်၏ သဘာဝအလှကို ခံစား ရင်း လူသားပီပီ ကြည်နူးနေမိပါသည်။ သို့သော် ကြည်နူးခံစား နေရုံမျှဖြင့် မပြီးပါ။ ကျွန်မကိုယ်တိုင်လည်း အရုဏ်ဦးကို လှသထက်လှရန် အလှဆင် ပေးသင့်သည်ဟု ခံယူမိပါသည်။

ကျောင်းသူတစ်ဦးဖြစ်သော ကျွန်မအတွက် အနာဂတ် သမီးကောင်း ရတနာဖြစ်ရန် ပညာကြိုးစားကျက်မှတ်ခြင်းသည် အဓိက

လိုအပ်ချက်ဖြစ်ပေသည်။ ထို့ကြောင့်အရှက်ဦးကို ကျွန်မ၏တက်ကြွသော စာအံသံဖြင့် ထပ်လောင်း အလှဆင်ရန် ဆုံးဖြတ်လိုက်မိပါသည်။ ကျွန်မ ပြတင်းတံခါးဆီ မျက်လုံးကို ခွါလိုက်ပါသည်။ ကျွန်မ၏လက်ထဲသို့ ရောက်ရှိလာသည်မှာ သင်ခန်းစာမှတ်စု စာအုပ်တစ်အုပ်ပင် ဖြစ်ပါတော့သည်။ လှသည်ထက်လှသော အရှက်ဦးဖြစ်ပါ စေသတည်း။

## ' ဆည်းဆာရှုခင်း '

နိဒါန်း - ဆည်းဆာ၏အဓိပ္ပါယ်ဖွင့်ဆိုချက်
နေ့တစ်နေ့၏နိဂုံး ၊ ညတစ်ည၏ နိဒါန်းဖြစ်ကြောင်း စ,တင်

စာကိုယ် - တိမ်ပန်းချီ
- ရေပြင်အလှ
- လယ်တောအလှ
- ရွာလယ်လမ်းမရေအိုးကိုယ်စီ
- မြို့ကြီး၏ဆည်းဆာ
- ဆည်းဆာလေပြေညင်း
- အိပ်တန်းတက်ငှက်
- အပန်းဖြေမြင်ကွင်း
- စေတီပန်းချီနှင့်တိမ်ရှုခင်း
- သံဝေဂတရား

နိဂုံး - ထာဝစဉ်ကြိုဆိုမည်ဖြစ်ကြောင်း

## ' ဆည်းဆာရွှေခင်း '

နေ့တစ်နေ့၏နိဂုံး၊ ညတစ်ည၏နိဒါန်း ကမ္ဘာလောကကြီး၏ ငြိမ်းချမ်း သာယာဆုံးသောအချိန်မှာ ဆည်းဆာပင်ဖြစ်ပါသည်။ သူရကန်စက်သည် အနောက်ဘက်ကျွန်းသို့ ယွန်းလုဆဲဆဲ ဩကာသလောကကြီးကို နှုတ်ဆက်အလင်းပေးလျက် ငွေစန္ဒာလမင်းအား တာဝန်လွှဲအပ်ရန် အဆင်သင့် ရှိနေပြီဖြစ်လေသည်။

နေညိုညို တိမ်တောက်ချိန်မို့ ကောင်းကင်ပြင်ဝယ် ပုဇွန်ဆီရောင်သန်းလျက် တိမ်အဖျားကို ရွှေနားကွပ်ထားသည့်နှယ် တင့်တယ်လွန်းလှပါသည်။ လှပသောတိမ် ပန်းချီကားချပ်ပေါ်တွင် အိပ်တန်းပြန်ငှက်ကလေးများ၏ အတန်းလိုက်အုပ်လိုက် တောင်ပံခတ်နေပုံမှာလည်း ရှုမဝနိုင်စရာဖြစ်လေသည်။

နေဝင်ချိန်တိမ်တောက်လို့
ပျိုကြောက်တဲ့သည်အချိန်

အနောက်ဆီသို့ မျှော်လိုက်ပါ။ ဒေါင်းဖလ်ဝါက ဝင်လုတွားတွား၊ တိမ်တွေကဝင့်ကြွားကြွား၊ တောင်စွယ်အကြားမှ ထိုးကျလာသော နေခြည်မျှင် နုနုလေးက ဂရုဏာသက်စဖွယ်။ ပိတောက်ရောင် ကောင်းကင်၏အောက် မြစ်ပြင်ပင်လယ်တို့၌ ရွှေအိုရောင်လှိုင်းကြက်ခွပ် ကလေးများကလည်း ဆည်းဆာ၏အလှကို သရုပ်ပြနေကြပြန်သည်။ ဝမ်းစာရှာတင်ငါလှေတို့ ကမ်းခြေဆီသို့ ဦးတည်ပြန်လာကြလေပြီ။

လယ်ယာတောတစ်ခွင်သို့ လှမ်းမျှော်ကြည့်လိုက်ပါလျှင်လည်း ကောက်စိုက်သမလေးများ လုပ်ငန်းခွင်သိမ်းရင်း ရွာအဝင်လှဖို့ ဟန်ပြင်နေကြသည်ကို တွေ့ရပေမည်။ နွားရိုင်းသွင်းချိန်ဖြစ်ပေရာ အစာဝ၍ဌာနပြန်နွားသိုး ၊ နွားမတန်းတို့က ဟိုပြေးသည်လွှား။ နွားအုပ်ကြောင့် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်ကာ ဆည်းဆာ၏သဘာဝကို ပီပီပြင်ပြင်ဖော်ပြနေပြန်ပါတော့သည်။

ရွာလယ်လမ်းမဆီမှာတော့ ရေအိုးကိုယ်စီရွက်ရင်း ရေခပ်ဆင်းလာနသော လုံမပျိုကလေးများကို တွေ့မြင်ရသကဲ့သို့ ရွာထိပ်မှရေကန်၊ ရွာလယ်ကရေတွင်းတို့၌ ရေအိုးကိုပင့်ချည်ရွက်ချည် အသိုက်အဝန်းနှင့်ပျော်ပါး စကားဆိုနေကြသော အပျိုမလေးများမှာ အကျည်းတန်လှချိန်ပေမို့လားမသိ။ မိန်းကလေးတိုင်း၏မျက်နှာမှာ ကျက်သရေရှိစွာ နုပျိုသစ်လွင်နေပါသည်။ နေညိုညိုတွင် ထမီတိုတိုရေစိုစိုနှင့် ကပိုကယိုအလှကား စာပန်းချီခြယ်သ၍ပင် ဆုံးနိုင်အံ့မထင်ပါ။

မလှမ်းမကမ်း အပင်တန်းဆီမှ ပလွေသံပေးရင်း တေးကြူနေကြသော ကာလသားလူပျိုတသိုက်ကို တွေ့မြင်ရသလို ရွာလယ်ကွင်းပြင်ကောင်းကောင်းတွင် ခြင်းခတ်နေသော လူရွယ်တချို့ကိုလည်း တွေ့မြင်ရပေသည်။ ဘယ်ဒူးညာဒူး သွယ်ကာဝိုက်ကာ မော့ကာငုံ့ကာ ခုန်ကာ ဝပ်ကာ ကြွကြွရွရွ ကစားနေပုံကား မြန်မာ့ကျေးလက်ယဉ်ကျေးမှုနှင့် ဆည်းဆာ၏လိုက်ဖက်ညီရှုခင်း ဖြစ်တော့ သည်။

မြို့ကြီးပြကြီးမှ ဆည်းဆာအလှကတော့ ကဗျာမဆန်၊ နန်းမဆန်သော်လည်း သဘာဝကျလှပြန်ပါသည်။ လုပ်ငန်းခွင်မှသိမ်းဆည်း ပြန်လာကြသော အလုပ်သမား၊ ဈေးသည် လူတန်းစားအသီးသီး၏ မျက်နှာသွင်ပြင်၌ နွမ်းလျဟန်ကထင်ထင်ရှားရှား၊ အနားယူအိမ်ပြန်ရောက်ချင်ဇောဖြင့် ကားမှတ်တိုင်များဆီ၌ လည်တဆန့်ဆန့်၊ ကားများပေါ်သို့ တိုးတိုးဝှေ့ဝှေ့၊ ကားအပြည့်အသိပ် ကြပ်ကြပ်တည်းတည်း ညည်းညည်းတွားတွား။ ဤကား မြို့ကြီး၏ အဓိပ္ပါယ်အပြည့်ဖြင့် ဆည်းဆာပေတည်း။

အိမ်အပြန်လမ်းမှာမူကား ဆည်းဆာ၏ညှင်းလေပြည်က ကြိုဆို

လက်ကမ်းလျက်ရှိနေပါသည်။ မောပန်းလာသူတို့အတွက် အေးမြလန်းဆန်းစေရန် သဘာဝက တာဝန်ပေးအပ်လိုက်ခြင်းကြောင့်ဖြစ်၏။ ဟိုအိမ်သည်အိမ်မှ ဆည်းဆာတေးသံတို့က လေအဝှေ့တွင် ဆွတ်ပျံ့ဖွယ်ရာ လွင့်ပါလာလေသည်။

တစ်နေ့တာ အစာချက်လုပ်ရာမှ အနားယူအိပ်စက်တော့မည့် သစ်ရွက်ကလေးများသည် သူတို့၏ရွက်ချပ်တံခါးများကို ပိတ်ပစ်လိုက်ကြလေပြီ။ ပင်အိုထက်ဆီမှ ပုစဉ်းရင်ကွဲသံများက အိပ်တန်းဝင်စာကလေးများ၏ အသံစာစာနှင့်အတူ ဆည်းဆာကို အဓိပ္ပာယ်ဖွင့်ဆိုနေကြသယောင်ရှိ၏။

ကွင်းပြင်ကျယ်မှ ဘောလုံးကန်ဆော့ကစားနေကြသော ကလေးတစ်သိုက်၏ ပျော်ရွှင်မြူးတူးကြပုံ မြင်ကွင်းကလည်း အာရုံမှာထင်ရှားလာပြန်သည်။ တစ်နေ့တာ ကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့ပြီး ဆည်းဆာတွင် ကိုယ်လက်လှုပ်ရှားအားကစားဖြင့် တင်းကြပ်သော စိတ်ကို ဖြေလျှော့နေကြခြင်း ပေတည်း။ မြစ်ကမ်းစပ်နှင့်ဥယျာဉ်ပန်းခြံတို့တွင်လည်း အနားယူအပန်းဖြေ ထိုင်သူတွေကထိုင်၊ လမ်းလျှောက်သူကလျှောက် ဆည်းဆာအရိပ်အောက်တွင် လေညင်းခံယူလျက်ရှိကြသည်။

ဆည်းဆာလေပြည်အဝှေ့တွင် တောင်ပေါ်ဘုရားဆီမှ ဆည်းလည်းသံလွင်လွင်ကိုလည်း တစ်ချက်တစ်ချက်ကြားရသေး၏။ စေတီထိပ်ဖျားရှိ စိန်ဖူးတော်ကမူ နေရောင်ခြည်နုနုအောက်တွင် လင်းလက်တောက်ပ နေလေသည်။ အနောက်ဖက်ရေပြင်က လွမ်းရိပ် လွမ်းငွေ့သန်းလျက်ရှိ၏။ တစ်ဖက်ခြမ်းက အပင်တန်းမှူ ဆွေးရိပ်ဆွေးယောင် ထင်လျက်ရှိ၏။ ညနေရီ ချမ်းကားလွမ်းမောဖွယ်ရာ ပန်းချီကားတစ်ချပ်နှယ်ပေတည်း။

အရာရာ မှုန်ရီဝိုးတဝါးဖြစ်သောကြောင့် ဆည်းဆာ၏အနက်ကို 'ညီအစ်ကိုမသိတသိအချိန်'ဟု တင်စားခဲ့ကြပြန်သည်။ တစ်နေ့တာ အစာရှာ၍ ပြန်လာကြသော ငှက်ဗျိုင်းဖြူများက အစုလိုက်အတန်းလိုက် ကောင်းကင်မျက်နှာကျက်ပေါ်တွင် ရွေ့လျားနေကြလေသည်။ တောင်စွယ် နေကွယ်ချိန်ရောက်လုပြီဖြစ်ရာ နေအရှိန်ကခပ်ဖျော့ဖျော့ တိမ်တွေကတော့ လေအနှော့တွင် အသွင်အမျိုးမျိုးဖြင့် ခပ်သော့သော့ပြေးနှင်လျက်။

ဆည်းဆာချိန်တိမ်ရှုခင်းကို ရှင်ဥတ္တမကျော်က တောလားဖြင့် ဂုဏ်ပြုဖွဲ့ဆိုခဲ့၏။

တိမ်ညိုမိလ္လာ ၊ တိမ်ဆူကာနှင့်
တိမ်ပြာရောင်ယှက် ၊ မရမ်းဖက်၍
တိမ်သက်တန့်ရောင် ၊ အဝါဘောင်တွင်
မှောင်ခဲ့တစ်ခါ ၊ ပြာခဲ့တစ်ချို့
ညိုခဲ့တစ်လီ ၊ ရီခဲ့တစ်ဖုံ
မှုန်ခဲ့တစ်ချက် ၊ ယုဂန်ထက်က
လေးဘက်လုံးခြုံ ၊ တိမ်ဂငူနှင့်လည်း
နဂါးရုံကြွေ ၊ ရန်ချင်းတွေ့သော်
ခိုးငွေ့လွှတ်ပြိုင် ၊ ဂုဏ်ချင်းဆိုင်ခဲ့ . . ဟူ၍ ဖြစ်လေ

သည်။ တိမ်ခိုးနှင့်တောင်ခိုးတို့ကား ဆည်းဆာ၏ အပီပြင်ဆုံးသောဆေးသားများ ပေတည်း။

မကြာမီမှာတော့ ဆေးသားပြယ်ရချေတော့မည်။ နေဝင်တော့မည် ဖြစ်သည်။ အရှေ့ဘက်ဆီမှ လ၏မျက်နှာကို တစ်ဝက်တစ်ခြမ်းမြင်စပြုလာလေသည်။ ကောင်းကင်ပြင်သည် အဖြူရင့်ရောင်ဆီသို့ ဦးတည်လျက်။ တိမ်ပန်းချီကားကလည်း အနားသတ်လျက်။ ဆက်လက်အလှည့်ကျဆင်ယင်ကျင်းပမည့် ကြယ်တာယာသဘင်က အခန်းအနားပြင်ဆင်နေပြီတည်း။

ဆည်းဆာကား ဘဝနှင့်နှိုင်းယှဉ်ကာ သံဝေဂရဖွယ်ဖြစ်သည်။ အာရုဏ်မှသည် မွန်းတည့်ပြီးလျှင် နေဝင်ဆည်းဆာကို မလွဲမသွေရောက်လာမည်ဖြစ်သကဲ့သို့ မကြာသောကာလတွင် အမည်းရောင်စောင်ထည်ကြီး လွှမ်းခြုံပေတော့မည်။ ထို့အတူ ဘဝသည်လည်း မွေးဖွားသန့်စင် ရှင်သန်ကြီးထွား အိုမင်းရင့်ရော်၍ မရဏခြုံလွှာဖြင့် နောက်ဆုံးဖုံးအုပ်ခံရမည်သာ ဖြစ်သည်။

တစ်နေဝင်၍ တစ်နေထွက် ရာသီစက်ယန္တရားကြီးကတော့ အဆက်မပြတ်လည်ပတ်နေဦးတော့မည်။ အလှတရားပေါင်းစုံဖြင့် ပြည့်ဝလျက် လွမ်းမောဖွယ်ကောင်းလှသော ဆည်းဆာချိန်ကိုလည်း စဉ်ဆက်မပြတ်

ဖြတ်ကျော်နေရဦးမည်။ လောက၏အလှ၊ သဘာဝ၏အလှတရားများဖြင့် သံဝေဂရဖွယ်တရားများကို ရသစုံလင်အောင်ပေးစွမ်း ဆောင်ကျဉ်းနိုင်သော ဆည်းဆာကို အဖန်ဖန်ကြိုဆိုနေကြရပေဦးတော့မည်သာတည်း ------။

## ‘ ရွှန်းပပလသာသောည ’

နိဒါန်း - လထွက်ပုံ သရုပ်ဖော်
မင်္ဂလာရှိစွာ စ,တင်ပါ။

စာကိုယ် - မာကျူရီနှင့်လစန္ဒာ
- မြို့နှင့်ရွာကွာခြားပုံ
- ကလေးဘဝနှင့်ဖိုးရွှေလ
- လသာသာကစားကြပုံများ
- အိမ်ရှေ့ကွပ်ပျစ်ဝိုင်း
- လရိပ်မှချစ်တေးသံ
- လသာတုန်းဗိုင်းငင်
- လပြည့်ညများစွာ၏သရုပ်
- ဘုရားကုန်းတော်ရှုခင်း
- အမျှဝေသံ
- ကြက်တွန်သံ

နိဂုံး - နံနက်ခင်းရောက်မည်ကိုစိုးကြောက်
လစန္ဒာကို နှမြောမိကြောင်း

## ' ရွှန်းပပလသာသောည '

တောင်းကင်တွင် ကြယ်တာရာနက္ခတ်သဘင် ဆင်ယင်ကျင်းပတော့ မည်ဖြစ်ပါသည်။ မဟူရာရောင် ကမ္ဗလာကော်ဇောပေါ် တွင် စိန်ပွင့်ကလေးများ တစ်စစီပြန့်ကျဲနေသည့်အလား တလင်းလင်း တလက်လက် ဖြစ်နေပါတော့ သည်။ ပွဲထွက်ရန်အချိန် နီးကပ်နေပြီဖြစ်ရာ အရှေ့ကျွန်း ဆီမှကြွမြန်းလာတော့မည့် အပျိုတော်စန္ဒာနတ်သမီးကို မျှော်လင့်လျက် ရှိနေကြပြီဖြစ်ပါသည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံလှသော လနတ်သမီး၏ လင်းရောင်ခြည်များ လူ့လောက ကမ္ဘာမြေဆီသို့ ဖြန့်ကျက်ကျ ရောက်လာတော့မည့် လသာသော ညချမ်းချိန်ခါပင် ဖြစ်ပါတော့သည်။

ဤကမ္ဘာလောကကြီး၏ တိုးတက်ပြောင်းလဲလာမှုကြောင့် ယခုအခါလူသားတို့ ဖန်တီးထားသော မာကျူရီအလင်းရောင်များက မြို့ကြီးများစွာကိုလွှမ်းမိုးထားကြလေပြီ။ သဘာဝအလင်းရောင် ဖန်တီးပေးထားသော ရှင်နေမင်းကို အံတုယှဉ်ပြိုင်ခြင်းငှာ မစွမ်းသာနိုင်ကြသော်လည်း စန္ဒာနတ်သမီးကိုမူအစွမ်း ပြိုင်ကာ အနိုင်ယူကြလေပြီဖြစ်၏ သို့ပါသော်လည်း ထာဝစဉ်အေးမြမှုကို ရှေ့ရှု သောလစန္ဒာကမူ အပြုံးမပျက်။ မိမိတာဝန်ကို ဆက်လက်ထမ်းဆောင်မြဲ ဖြစ်ပါသည်။ မာကျူရီ၏အရှိန်အဝါဖြင့် ကင်းဝေးသောကျေးလက်တောရွာများတွင်မူကား လစန္ဒာသည်ထာဝရကိုးကွယ်ရာဖြစ်သည်။ မသာလည်းတဲ၊ သာလည်း တရင်းလ၏အလင်းကို မျှော်လင့်ကာရွှေလအမြဲသာပါစေဟု ဆုမတောင်းနေမိကြပါသည်။

ကျွန်တော်သည် ပညာသင်ကြားရန်အလို့ငှာ မြို့ကြီးဆီသို့ရောက်ရှိ

နေပါသည်။ မြို့တော်၏ လသာသောညတွင် လစန္ဒာ၏ အနုပညာလက်ရာ မြောက်စွာ ခင်းကျင်းထားသော အလှအပများကို ထိတွေ့ခံစားနိုင်ခွင့်မရှိပါ။ လသာသောညများကို နှမြောတသစွာ ကုန်ဆုံးရင်း ဘဝတက်လမ်းအတွက် ရည်မှန်းကြိုးစားနေခဲ့ရပါသည်။ သို့သော် ကျွန်တော်၏ ရင်ထဲအသည်း ထဲတွင်မူ လစန္ဒာ၏ ချစ်ခင်တွယ်တာဖွယ်ရာအတိတ်နှင့်အရိပ်တို့ ပျောက် ပျက်မသွားနိုင်ကြပါ။ ပြန်လည်တမ်းတရင်း ကျွန်တော်၏ ရွာကလေးကိုမြင် ယောင် သတိရနေမိပါသည်။

'ဖိုးလမင်းရေ ထမင်းဆီဆမ်းရွှေလင်ဗန်းနဲ့ပေးပါ၊ ဝါ-ဝါ-ဝါ' ဟုဆို ကာ မေမေက ဖိုးလမင်းကြီးထံမှတောင်းခံကျွေးမွေးခဲ့သော ထမင်းကိုစားရင်း လူလားမြောက်ခဲ့ရပါသည်။ ရွှေလမှာယုန်ဝပ်၍ ဆန်ဖွပ်နေသောအဘိုးအို၏ ရုပ်ပုံလွှာကို ရှာဖွေစူးစမ်းရင်း အငိုတိတ်ခဲ့ရဖူးသကဲ့သို့ မေမေ့ရင်ခွင်ကို ထိုင်ခုံပြုကာ ငုတ်တုတ်နားထောင်ခဲ့ရဖူးသော ဖိုးလနတ်သားပုံပြင်၊ လနတ် သမီးလေးနှင့် သိုးကျောင်းသားပုံပြင်တို့ကိုလည်း ယနေ့ထက်တိုင် အမှတ်တရ ဖြစ်နေပါ သေးသည်။ လသည်ကလေးများ၏ ချစ်သူပင်မဟုတ်ပါလား။

အတန်ငယ်ကြီးပြင်းလာသောအခါ ဖိုးရွှေလကိုပို၍ပင်မျှော်လင့် တတ်လာပြန်ပါသည်။ ရွာလယ်တလင်းပြင်တွင် လသာသောည၌ သူငယ်ချင်း များ စုမိကြပါသည်။ ထုတ်စည်းတိုးသူတိုး၊ ဖန်ခုန်သူကခုန်၊ ကြက်ဖခွပ် သူကခွပ်၊ လိပ်ဥဝှက်သူကဝှက်နှင့် ဆူညံပွက်စွာကစားကြပါသည်။ ဖိုးလမင်း က ပြုံးပြုံးကြီး ကြည့်ကာ ဩဘာပေးရင်း ကျေနပ်နေခဲ့သည်ဟု ကျွန်တော် ထင်မိပါသည်။ တစ်ခါတစ်ရံမှာတော့ လ၏အလင်းရောင်ကို အမှီပြုကာ ကဗျာရွတ်ကြ၊ စာကျက်ကြပါသည်။ ထိုအခါများတွင် ဖိုးလမင်းက ပို၍အစွမ်း ပြလိုက်သည့်နှယ် ထိန်ထိန်သာနေပါတော့သည်။

လသာသောညတွင် လူကြီးသူမများကမူ အိမ်ရှေ့ကွတ်ပျစ်ပေါ်တွင် စုဝေးထိုင်ကြရင်း ရေနွေးကြမ်းသောက်၊ ပဲလှော်ဝါး၊ လက်ဖက်စားကာ စကား ပြောနေကြပါသည်။ သာရေး၊ နာရေး၊ လူမှုရေးမှစ၍ ရှေးဟောင်းနှောင်းဖြစ် များ ပြောရင်း တဝါးဝါးရယ်မောနေကြသံတို့ကား ညတေးသံတစ်မျိုးဟု ထင်မိ ပါသည်။ လူငယ်လူရွယ်တစ်ချို့ကမူ ဂစ်တာ ခေါက်ကာ သီချင်းဆိုကြ ပါသည်။

လစန္ဒာ၏ အရိပ်တွင် ချစ်သူပေါ်လာနိုးနှင့်လမင်းကိုတိုင်တည်ကာ ချစ်တေးကျူးကြရသည် မှာလည်း ကြည်နူးဖွယ်ရာ ရသတစ်မျိုးဖြစ်ပါသည်။

လသာတုန်းဗိုင်းငင်ဟူသော စကားပုံကို ကြားဖူးမည်ထင်ပါ သည်။ ကျွန်တော်တို့ ရွာကလေးမှာမူ အမျိုးသမီးများစုဝေးကာ လသာခိုက်မြေပဲခွာသူတွေ၊ မောင်းထောင်းသူတွေ၊ ဝါဖတ်ဗိုင်းငင်သူတွေနှင့် ပြောင်းရိုးစင်းသူတွေ ရှိပါသည်။ ထန်းလျက်ဖိုမှ ထန်းလျက်ကျိုနေသော အသံကလည်းတစ်ချက်တစ်ချက် ထွက်ပေါ်လာတတ်ပါသည်။ လသာသောညကြောင့် အချိန်ပိုလုပ်အားဖြင့် ထွက်ကုန်တိုးစေသော အကျိုးရှိမှုများဖြစ်ပါသည်။ ထို့ကြောင့် လသာသောညသည်ကား အရွယ်သုံးပါးစလုံး နှစ်သက်မြတ်နိုးဖွယ်ရာ အခါသမယဖြစ်ပါသည်။

လပြည့်ညများကတော့ ပို၍ကြည်နူးဖွယ်ရာဖြစ်ပါသည်။ အခါကြီးရက်ကြီးဖြစ်သော ကဆုန်လပြည့်ညတွင် တစ်ရွာလုံးပျော်ရွှင်စွာဖြင့် ညောင်ရေသွန်း ပွဲတော်ကို ဆင်နွှဲကြပါသည်။ ငွေသော်တာလမင်းကြီးကလည်း ကောင်းကင်မှ ငုံ့ကြည့်ကာ ကောင်းချီးသြဘာပေးလျှက်ရှိပါသည်။ ဝါဆိုလပြည့်ညတွင်မူ လသာသာ၌ ရွာဦးကျောင်းဆရာတော်၏အသံဝါဝါဖြင့် ရွတ်ဖတ်ဟော်ကြားသော တရားတော်များကို ကြားနာကာ သီလဆောက်တည်ကြပါသည်။ ဖိုးရွှေလကလည်း မျက်တောင်တစ်ချက်မခတ် မြတ်ဗုဒ္ဓ၏ တရားကို ကြားနာနေသယောင်ရှိပါသည်။

သီတင်းကျွတ်လပြည့်ညတွင်မူ ဆီမီးများထိန်ထိန်ညီးအောင် ပူဇော်ကာ လသာသာတလင်းပြင်၌ ဒိုးပတ်အိုးစည်များဖြင့် ပျော်ပါးစွာကခုန်ခဲ့ကြပါသည်။ တာဝတိံသာရှိ စူဠာမဏိစေတီကို ရည်မှန်းကာ ကောင်းကင်ယံဆီသို့ လွှတ်တင်သော မီးပုံးပျံကြီးကို စန္ဒာလမင်းကအပြုံးဖြင့် ဆီးကြိုနေသည့်နှယ်ရှိပါသည်။ တန်ဆောင်မုန်း လပြည့်ညကတော့ ပျော်စရာအကောင်းဆုံးဖြစ်ပါသည်။ သူခိုးနက္ခတ် ထွန်းလင်း သည်ကို အစွဲပြုကာ ကျီးမနိုးပွဲကျင်းပကြပါသည်။ ထိုညတွင် တစ်ရွာလုံး မအိပ်ကြပါ။ ကာလသားများကလည်း စုပေါင်း၍ချက်ပြုတ်စားသောက် ကြပါသည်။ ရွာသူရွာသားတို့၏ကုသိုလ်ပီတိမျက်နှာများမှာ ဖိုးရွှေလမင်း၏ အလင်းရောင်ကြောင့်

ပို၍တောက်ပြောင်နေသည်ဟု ထင်ရပါသည်။

တပို့တွဲလပြည့်ညမှာလည်း ပျော်ရွှင်စရာထမနဲပွဲ ရှိနေပါသည်။ အိမ်တိုင်းမှာလိုလို ထမနဲထိုးကြပါသည်။ ရွာသူရွာသားများ စုပေါင်း၍ လည်း ထမနဲထိုးကြပါသေးသည်။ ပျော်တတ်သောရွာသားတစ်ဦးက ထမနဲပန်းကန်ကို လက်ဖဝါးပေါ်တင်ရင်း ဖိုးလနတ်သားအတွက် ဦးဦးဖျားဖျား တင်ဆက်ပသပါကြောင်း အော်ဟစ်ခဲ့သော တစ်ခုသောတပို့တွဲလပြည့်ညကို ပြန်လည်၍ သတိရမိပါသည်။ တပေါင်းလပြည့်ည၌မူ ရွာဦး စေတီပွဲတော်ကို မြိမ့်မြိမ့် သည်းသည်းကျင်းပပါသည်။ သာယာသောနွေဦးရာသီတွင် သော်တာ လမင်းကြီးက ဝိုင်းဝိုင်းစက်စက် ထွန်းလင်းတောက်ပကာ အေးအေးချမ်းချမ်းဖြင့် ဘုရားပွဲတော်၏အလှကို ဖြည့်စွက်ပေးနေသည့်နှယ်ဖြစ်ပါသည်။

ဘုရားကုန်းတော်ပေါ်မှ မျှော်ကြည့်လိုက်လျှင် လရောင်အောက်၌ ရွှေရောင်ကော်ဇော်ကြီးများ ဖြန့်ခင်းထားသည့်အလား ကျယ်ပြောသော လယ်တောကြီးများကို တွေ့ရပါသည်။ တိုက်ခတ်လာသောည၏ လေပြည်လေညင်းကလေးကြောင့် ဆည်းလည်းသံတချွင်ချွင်ကိုလည်းကြားနေရပါသည်။ စေတီတော်ကိုမော်ကြည့်ပါလျှင် လမင်း၏အလင်းကြောင့် စိန်ဖူးတော်၏အရောင်မှာ တဖိတ်ဖိတ်လက်၍ ငွေကြယ်ပွင့်များနှင့်အပြိုင် တောက်ပနေသည်ကို ကြည်ညိုဖွယ် ဖူးမြော်ရပါသည်။

အဝေးဆီမှ ကြေးစည်သံသဲ့သဲ့ကို ကြားရ၏။ လသာသောညတွင် အမျှဝေလိုက်သံက သာခုခေါ်ဖွယ်ဖြစ်ပေသည်။ "အော်အီအီးအွတ်" ဟူ၍ ကြက်ဖကြီးတလည်း သက်ကြီးခေါင်းချချိန်ကိုရည်မှန်းကာ တွန်သံပြုနေပြန်ပါသည်။ ကျွန်တော်တို့ရွာကလေးသည်ကား လသာသောည၏ အရသာကို ပြည့်ဝစွာခံစားရင်း အိပ်မောကျခဲ့ခြင်းဖြစ်ပါသည်။

လသာသောညများစွာကို ဖြတ်သန်းလာခဲ့ရသော အတိတ်ပန်းချီကားချပ်ကို အနားသတ်လိုက်ပြီး ပြတင်းတံခါးဆီမှ ကောင်းကင်သို့ မော့ကြည့်လိုက်မိပါသည်။ ဪ---- ၄င်းလသာနေပါပကော၊ ကျွန်တော်၏ စာကြည့်ခန်းတွင်းမှာတော့ ထိန်လင်းသောမီးရောင်က နေရာယူလျက်ရှိပေရာ လစန္ဒာ၏အရိပ်အငွေ့ကို ထိတွေ့ခံစားနိုင်ခြင်း မရှိပါ။ နီးကပ်လာသော စာမေးပွဲကြီး

အတွက်ကြောင့် ၂သော်တာရွှေစင်နှင့် စိတ်ကူးယဉ်ခွင့်လည်းမရှိပါ။ အရှက်ဦးတွင် စောစီးစွာနိုးထကျက်မှတ် နိုင်ရန် အိပ်ခန်းဆီသို့ လှမ်းဝင်လိုက်ပါတော့သည်။ နှုမြောလိုက်ပါဘိ ရွှန်းပပလသာသော ညကလေးရယ်--------။

## ' နွေဂိမ္ဘာန် '

နိဒါန်း - နွေသို့ရောက်ရှိလာပုံကို သရုပ်ဖော်ခြင်း
ဥပမာ- ရွက်ဝါနှင့်နွေလေရူး

စာကိုယ် - ဥသြနှင့်နွေ
- ရိုးတံကျဲပင်အို
- ရိုးရာသင်္ကြန်ပွဲတော်
- နှစ်ဆန်းတစ်ရက်နေ့ကုသိုလ်
- ပန်းရွှေဝါပိတောက်
- မြစ်ပြင်သောင်တမ်းရှုခင်း
- ကျောင်းပိတ်ချိန်နွေရက်များ
- မီးဘေးအန္တရာယ်
- ထန်းသမားနှင့်နွေဦးကာလ
- ကဆုန်လပြည့်သာသနာ
- နယုန်မိုးသေးသရုပ်
- ဝါဆိုသင်္ကန်းနှင့်အလှူ
- မတ်လ(၂၇)ရက် အမှတ်တရ

နိဂုံး - အလှမျိုးစုရာနွေ
ပန်းချီရေးမမှီသောနွေ
နောက်တစ်ဖန်ရောက်ရန် မျှော်လင့်လျက်...

## ' နွေဂိမ္ဘာန် '

ရာသီခြားရဟတ် တစ်ပတ်လည်ပြီးချိန်မှာတော့ အလှည့်ကျရာ ဂိမ္ဘာန်ခါသို့ ရောက်ရှိလာခဲ့ပြန်ပါလေပြီ။ တစ်နှစ်တာ ဖူးငုံပွင့်အာလာခဲ့ပြီး နောက် ညိုးခြောက်ရွက်ဝါတို့ကား ပင်စည်ကိုင်းခက်များတွင် မလှပမတင့် တယ်တော့သောကြောင့် နွေလေရူးကတိုက်ခတ်ခြွေချလိုက်ပေရာ မြူးကြွ ဝဲပျံလွင့်ပါး၍ မြေပြင်လွှာဆီသို့ သက်ဆင်းကျရောက်သွားခဲ့ကြရပါသည်။ ရွက်ခြောက်ရွက်ဝါ ခင်းကျင်းထားသော ကော်ဇော်ချပ်ကြီးပေါ်တွင် ရှပ်တိုက် ပြေးသွားသော လေပြည် လေညင်းတို့ကြောင့် တရှဲရှဲအသံပြုရင်း နွေသရုပ်ကို ဖော်ထုတ်ဖွင့်လှစ်ပြသနေပြီ ဖြစ်ပါသည်။

ကိုင်းကျိုကိုင်းကြား ခိုပုန်းနေသော နွေ၏သမီးပျိုကတော့ ရွှေဥသြ ငယ်သာ ဖြစ်ပါသည်။ ဥသြဖိုမတို့၏ သံသာဟစ်ကြွေး တေးဆိုသံတို့က နွေရောက်ပြန်ပြီဟု သတိပေးလိုက်သည့်အလား။ 'ဥသြ---ဥသြ' ဟူသည့် အသံရှင်ကိုရှာဖွေမိသည့် မျက်ဝန်းအစုံက ကြည်လင်သော ကောင်းကင်ပြင် ကြီးကို မြင်တွေ့လိုက်ရပါသည်။ ရိုးတံကျဲသော ပင်အိုတို့ နှင့် အလှချင်းပြိုင် လျက် တိမ်စိုင်တိမ်လိပ်တို့က ဝါဂွမ်းဖြူကြီးများ လွင့်မျောနေသကဲ့သို့ဖြစ် သည်။ သဘာဝအလှ ပန်းချီကားသည် ဘယ်ပန်းချီရေး၍မှ မီအံ့မထင်ပါ ပေ။

နွေကာလသည် တပေါင်းလပြည့်ကျော်တစ်ရက်မှ စ,တင်ပါသည်။ သာတပေါင်း ညှာညောင်းရွက်ကြွေရာမှ တန်ခူးလတွင် ပုရစ်ဖူးတို့ ထွက်ပေါ်လာပါသည်။ တန်ခူးလသည်ကား ဆယ့်နှစ်လရာသီ၏ဦးဆုံးလဖြစ်ပြီး မြန်မာတို့၏ နှစ်သစ်မင်္ဂလာ ဆင်ယင်ကျင်းပရာ ဖြစ်ပါသည်။ ရိုးရာသင်္ကြန်ပွဲတော်သည်ကား နွေဂိမ္ဟာန်၏ အလှတရားဖြစ်ပါသည်။ ဟောင်းနွမ်းညစ်ထေးသော နှစ်ဟောင်းကို အတာရေဖြင့်ဆေးကြော၍ သစ်လွင်စေသောအခါ သမယဖြစ်ပါသည်။ တာဝတိံသာမှ သိကြားမင်း ကိုယ်တိုင်ဆင်းသက်ဆင်နွှဲသော ရိုးရာပွဲတွင် အကျ၊ အကြပ်၊ အတက်ရက်များဟု သတ်မှတ်ခေါ်တွင်ပြီး ရေသဘင်ပွဲတော်ကို ဆင်နွှဲပျော်ရွှင် ကြပါသည်။ သင်္ကြန်ပြီးနောက်တစ်ရက်ကို မြန်မာတို့က နှစ်ဆန်းတစ်ရက်နေ့ဟု ဆိုပါသည်။ ထိုနေ့တွင် ဥပုသ်သီလဆောက်တည်ကြခြင်း၊ ခေါင်းဆေးမင်္ဂလာ ပြုခြင်း၊ သက်ကြီးရွယ်အိုများကန်တော့ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက် ဖူးမြော်ခြင်းဟူသည့်ကောင်းမှု ကုသိုလ်အစုစုကို ပြုလေ့ရှိကြပါသည်။ ဤကား ဂိမ္ဟာန်နွေ၏ လောကုတ္တရာကျေးဇူးဖြစ်ပါသည်။

အတာသင်္ကြန်နှင့်အတူ ယှဉ်တွဲမြင်တွေ့ရသည်ကတော့ တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်တည်းသာ ပင်ယံမှာပွင့်ကြရှာသည့် ရွှေဝါပုန်းပိတောက်ဖြစ်ပါသည်။ လှပျိုဖြူတို့၏ ဆံကေသာအလှတွင် နေရာရကြသည့် နွေ၏မာလာများက ပန်းပိတောက်၊ ပန်းကံ့ကော်၊ ပန်းစပယ်နှင့် မြတ်လေးပန်းတို့ ဖြစ်ပါသည်။ ရာသီမသိပန်းနှင့်ညီဆိုသည့်အတိုင်း ရာသီပန်းတို့က ရာသီ၏ အလှကိုထင်ဟပ်ပုံဖော် လျက်ရှိနေကြပါ၏။

ဂိမ္ဟာန်၏သဘာဝကိုပေါ်လွင်စေသော ရှုခင်းများကတော့ ကြည်လင်သော ရေအလျဉ်မှာ ငွေမင်ရောင်သောင်ကမ်းများပေါ်ထွန်း၍ မြစ်ပြင်လမ်းကြောကို ကျဉ်းမြောင်းသွားစေခြင်းဖြစ်ပါသည်။ ရေလယ်သောင်စပ်တွင် တံငါတဲလေးများ အစီအရီရှိနေ၏။ လူးလာဆန်ခတ်ကူးလူး ပျော်မြူးနေကြ

သော ငါးများစွာသည် ကိုတံငါတို့၏ ဝမ်းစာဖူလုံရေးအတွက် ဖြစ်သည်။ နိုးတင်မြေနု များတွင်လည်း နွေသီးနှံတို့ကို အချိန်မီစိုက်ပျိုး နေကြသော ယာသမားတို့၏ ဝါးကပ်တဲလေးများရှိပါသည်။ နွေသည်စားနပ် ကွာဖူလုံရေး အတွက် တာဝန်ကျေသော ရာသီဖြစ်ကြောင်း သက်သေပြချက် များပေတည်း။

ကျောင်းများပိတ်လေပြီ။ ကျောင်းသားကျောင်းသူတို့၏အားလပ်ချိန် နွေရက်များကား စိတ်ဝင်စားဖွယ်အတိဖြစ်ပါသည်။ နွေရာသီတွင်ဖွင့်လှစ် သော အကသင်တန်း၊ ပန်းချီသင်တန်း၊ ရေကူးသင်တန်း၊ ဂျူဒိုသင်တန်းနှင့် ကွန်ပျူတာသင်တန်းစသော ကျောင်းသင်ဘာသာရပ် ပြင်ပပညာ ရပ်တစ်မျိုး မျိုးဖြင့်အချိန်ကိုအသုံးချလျက်ရှိသည်။ အချို့ကလည်း နမိသားစုရက်ရှည် ဘုရားဖူး ထွက်ကြပါသည်။ မွေးရပ်မြေကိုခွဲ၍ ပညာ သင်ယူကြသူ တို့မူကား မိမိဒေသသို့ ပြန်၍ အနားယူပျော်ပါးကြလေသည်။

နွေရောက်သည်နှင့် သတိပြုရမည်မှာ မီးဘေးအန္တရာယ်ဖြစ်ပါ သည်။ လူတို့၏ အိုးအိမ်စည်းစိမ်များစွာကို ဆုံးရှုံးစေနိုင်သောမီးသည် နွေ ကာလတွင် မဖိတ်ခေါ်ရပါဘဲ အလည်ရောက်လာတတ်ပါသည်။ ထို့ကြောင့် မီးသတ် သင်တန်းများဖွင့်လှစ်ခြင်း၊ သတိပေးခြင်း၊ နှိုးဆော်ခြင်းစသည်တို့ကို ဆောင်ရွက် ကြရပါသည်။

ဂိမ္ဘာန်နွေနှင့် ထန်းသမားတို့၏ဘဝသည်လည်း ခွဲခြား၍မရနိုင်ပြန် ပါ။ ဝန်ကြီးပဒေသရာဇာ၏ 'နွေဦးကာလမြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည် နှင့်လေး'ဟူသော ထန်းသမားတို့ ၏ ဘဝသရုပ်ဖော်ကဗျာမှာလည်း နွေ၏သဘာဝကို သရုပ်ဖော်လျက်ရှိခဲ့ပါ သည်။ နွေကိုဖွဲ့ဆိုသော ရှက်ခြောက်တေးတို့မှာလည်း မရေတွက်နိုင်။ နွေကို သီကျူးသော ကဗျာလင်္ကာတို့မှာလည်း မကုန်ခမ်းနိုင်ရှိပါသည်။

နွေလများဖြစ်သော ဂဆုန်နှင့်နယုန်လများတွင်လည်း ရိုးရာပွဲများ

ဖြင့် စည်ကားလှပါသည်။ ဘုရားအဖြစ်သို့ရောက်ရှိတော်မူခဲ့သည့် ကဆုန်လဲ ပြည့် အခါတော်နေ့တွင်ဘုရားပွင့်တော်မူခဲ့သည့် အထိမ်းအမှတ် ဗောဓိ ညောင်ပင်များ၌ ညောင်ရေသွန်းလောင်းကြသည်။ ကဆုန်ညောင် ရေသွန်းပွဲ တော်ကားအမြို့မြို့ အရွာရွာတွင် စည်ကားလွန်းလှပါသည်။ စာပြန်ပွဲများ ကျင်းပသော နယုန်လတွင်မူ သံဃာတော်များ၏ စာအံသံတို့က သာသနာ တော်စည်ပင် ပြန့်ပွားမှု၏အရိပ်လက္ခဏာများဖြစ်ပေရာ ကြည်နူးချမ်းမြေ့ အားတက်စရာ ဖြစ်ပါသည်။

ကဆုန်နယုန် လေရူးသုန်ဆိုသည့်အတိုင်း တောင်လေတဖြူးဖြူး တိုက်ခတ်လျက် ရွက်ခြောက်တို့ကို လွှဲကျင်းပစ်လိုက်ပါလေပြီ။ နယုန်မိုး သေးမြက် သားမွေးဟူ၍ တင်စားရလောက်အောင်ပင် သစ်ခက်သစ်ကိုင်း တို့ဆီမှ ရွက်နုသစ်ကလေးများ လှစ်ပြူလျက်ရှိလာကြလေသည်။ မိုးကိုကြိုလင့် သည့်အလား မိုးစက်ပန်းမွှားကလေးတို့က နွေအလှကိုဖြည့်စွက် ကြပြန်ပါ သည်။

ဝါဆိုတော့မည်။ ဝါဆိုသင်္ကန်းကပ်ခြင်း၊ အလှူဒါနပြုခြင်းတို့ဖြင့် ဆိုင်းသံဗုံသံမစဲသော ကာလဖြစ်ပါသည်။ ကျောင်းများပြန်လည်ဖွင့်လှစ်တော့ မည်ဖြစ်ရာ စာသင်ကျောင်းများ စည်ကားလာပေတော့မည်။ နွေသည် တပေါင်းလပြည့်ကျော်တစ်ရက်မှစတင်ပြီး ဝါဆိုလပြည့်နေ့တွင် ချုပ်ငြိမ်း လေမည် ဖြစ်ပါသည်။

နွေဦးရာသီ၌ မြန်မာနိုင်ငံအတွက်အမှတ်တရနေ့ထူးနေ့မြတ်ကြီး ရှိနေပါ၏။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဖက်ဆစ်ဂျပန်တို့အား ဗမာ့တပ်မတော်မှ တိုက်ထုတ်အောင်မြင်သော အထိမ်းအမှတ် မတ်လ(၂၇) ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ထားသည်ဖြစ်ရာ ထိုနေ့တွင်တပ်မတော်သား များစုပေါင်းချီတက်ပွဲကို မြို့ရွာဒေသအလိုက် ကျင်းပလေ့ရှိပါသည်။ အားတက် ဂုဏ်ယူဖွယ်ရာမြင်ကွင်းပါပေ။

သို့ဆိုလျှင် နွေသည်အလှမျိုးစုံပွင့်လန်းသော ရာသီသာဖြစ်တော့သည်။ နွေ၏သရုပ်ကို ဖော်ထုတ်ကပြသော နွေဇာတ်ခုံသည်ကား မထပ်နိုင် မရိုးနိုင်သောဆက်တင် အခမ်းအနားများဖြင့် တင့်တယ်လွန်းလှပေတော့သည်။ နွေသည်ခံစားမှု ရသများစွာကို ဖန်တီးပေးနိုင်သူ ဖြစ်တော့သည်။ မည်သည့် ရာသီတွေ မည်မျှသာယာ အေးချမ်းလှသည်ဆိုဆို နွေကို တော့မီနိုင်အံ့မထင်ပေ။ ထို့ကြောင့် နွေဂိမ္ဘာန်အနားသတ်၍ မိုးပြဇာတ်သို့ရောက်မည်ကိုပင် စိုးကြောက် နေမိပါသေးသည်။ သို့သော် ရာသီခြား ရဟတ်ကြီးကတော့ လည်ပတ်မြဲ လည်ပတ်လျက် ရှိနေသည်သာတည်း။ နွေသို့တစ်ဖန်ပြန်လည်ရောက်ရှိချိန်ကို မျှော်လင့်ရင်မောစွာ စောင့်စားနေရပေဦးတော့မည် မဟုတ်ပါလား ------။

## ' ချစ်သော မိုးရာသီ '

နိဒါန်း - မိုးရာသီ၏အစ သဘာဝကို တင်ပြရန်ဖြစ်ပါသည်။
နှစ်လိုဖွယ်ကောင်းလှကြောင်းဖြင့် စ,တင်ပါ။

စာကိုယ် - မိုးခေါ်တေးဆို ကိုရွှေဖား
- ဗေဒင်ဆရာ ကိုတောက်တဲ့
- တိမ်များ၏အလှပန်းချီ
- မိုး၏ပန်းအလှ
- ကျောင်းဖွင့်ချိန်သရုပ်
- ထွန်ရေးပြင်သည့်မြင်ကွင်း
- သက်တန့်ကြီး၏အလှ
- မိုးဘေးအန္တရာယ်
- ကလေးများပျော်ပါးပုံမြင်ကွင်း
- သဘာဝဘေးအန္တရာယ်
- ကျန်းမာရေးအတွက်နှိုးဆော်ချက်
- ဝမ်းစာရှာတံငါတို့ဘဝ
- မိုး၏ရောင်စုံအလှ
- ကောင်းကင်ပြင်ကသံစုံတီးဝိုင်း
- မိုးရာသီဝါတွင်းအကျိုး
- ဝါကျွတ်မီးထွန်းပွဲတော်နှင့်အလှူပွဲများ
- ကထိန်သင်္ကန်းကပ်လှူ
နိဂုံး - နောက်တစ်ကြိမ်မျှော်လင့်လျက်ရှိကြောင်း

## ' ချစ်သောမိုးရာသီ '

တောင်လေတဖြူးဖြူး တိုက်ခတ်လာလေပြီ ရာသီပြောင်းလဲမှု၏အစ ဖြစ်သည်။ ကြွေကျခဲ့ပြီးသော ရော်ရွက်ခြောက်တို့သည် လေနှင့်အတူ လွင့်မျော ပျောက်ကွယ်သွားကြရလေပြီ။ မွမ်းသိပ်ကြပ်တည်းပူလောင်သော ခံစားမှုတို့၏ နေရာတွင် အေးမြလန်းဆန်းကြည်နူးမှုက အစားထိုးဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ပျင်းရိငြီးငွေ့ဖွယ် ပတ်ဝန်းကျင်က သက်ဝင်လှုပ်ရှားလာတော့မည်။ ချစ်သော မိုးရာသီသို့ ရောက်ရှိလာခဲ့ပေပြီ။

မိုး၏မိတ်ဆွေ ကိုရွှေဖားတို့၏ 'အုန်းအင်' မြည်သံများကနာပျော်ဖွယ်ရာ မိုးခေါ်တေးကိုဟစ်ကြွေးနေသည့်အလား။ သစ်ကိုင်းကြားမှကို ရွှေတောက်တဲ့ကလည်း မိုးလားလေလား ဗေဒင်တွက်ရင်း 'တောက်တဲ့' သံပေး၍ နေပြန်ပါသည်။ ကောင်းကင်ပြင်တစ်ခုလုံး မှိုင်းညို့အုပ်ဆိုင်းလာလေပြီ။ အနောက်တောင်ဆီမှ စစ်ချီလာသော မုတ်သုံရာသီလေကြောင့် ပြေးလွှားနေကြသောမိုးတိမ်များသည် 'ဂဠုန်နဂါးပုံမခြား' ဆိုသကဲ့သို့ ဂဠုန်ရုပ်၊ နဂါးရုပ်ပုံသဏ္ဍာန်၊ တိမ်တောင်တိမ်လိပ်ပုံသဏ္ဍာန်တို့ဖြင့် အရပ်ရှစ်မျက်နှာလုံးပျံ့လွင့်နေကြပြီဖြစ်သည်။

မွှေးပျံ့လာသော ပန်းရနံ့များက လေအဝှေ့တွင် သင်းထုံကြိုင်လှိုင်လာတော့၏။ ဖြူဖွေးသောပန်းစပယ်၊ ပန်းမြတ်လေးတို့သည် မိန်းကလေးတို့၏

ဆံကေသာထက်ဝယ် တင့်တယ်စွာ စံပယ်ကြလေပြီ။ သဘာဝကို အလှဆင်သောမိကျောင်းပန်း ဖြူလွှင်လွှင်တို့ကလည်းမျက်စိပသာဒ ကြည်နူးစရာဖြစ်သည်။ ထိုအချိန်မှာပင် ရဲရဲနီသော စိန်ပန်းပွင့်တို့က ကျောင်းဖွင့်ချိန် သရုပ်ကို ဖော်ထုတ်ကြပြန်ပါတော့သည်။

ကျောင်းတွေဖွင့်လေပြီ။ လေနှင့်ပျိုးလာသော မိုးတို့သည်အစက်အပေါက်များအဖြစ် မြေပြင်ကိုထိတို့ကျီစယ်ကြလေသည်။ ကျောင်းသူကျောင်းသားကလေးများ မိုးကာကိုယ်စီ၊ ထီးကိုယ်စီဖြင့် လန်းဆန်းစွာကျောင်းတက်လာကြသောမြင်ကွင်းသည် ကြည်နူးနှစ်သက်ဖွယ်ရာဖြစ်သည်။ တစ်နှစ်တာစာသင်ချိန်၏အစ လွယ်အိတ်အသစ်၊ ဖိနပ်အသစ်၊ စာအုပ်ခဲတံအသစ်ကြပ်ချွတ်တို့ဖြင့် ရွှင်လန်းတက်ကြွသော မျက်နှာကလေးများသည် မိုးနှင့်အပြိုင် လှပတင့်တယ်နေလေသည်။

လယ်ကွင်းပြင်တစ်လျှောက်မှာတော့ ထွန်ရေးပြင်သည့် လယ်သမားတို့ကို တွေ့နိုင်ပါသည်။ ဝန်ကြီးပဒေသရာဇာက 'ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေလင်၊ လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအကျီ၊ စုတ်ပြဲပြီ။ ချည်နီဗောင်းတွတ်တွတ်ကယ်နှင့်လေး'ဟု စပ်ဆိုထားခဲ့သည်။ ဆင်းရဲန္ဓမ်းပါးလှသော လယ်သမားများ၏ဘဝကို မိုးကပြုပြင် ဖန်တီးပေး ပေတော့မည်။

ထွန်ယက်၊ ပျိုးကျဲ၊ ပျိုးနုတ်၊ ကောက်စိုက်နှင့် တစိုက်မတ်မတ်ကျိုးကျိုးကုပ်ကုပ် လုပ်ငန်းခွင်သို့ဝင်ကြရလေပြီ။ လယ်သူမကလေးများ၏ကောက်စိုက်တေးတကြော်ကြော်အော်ဟစ် သီဆိုသံများကို အားရကျေနပ်စွာဖြင့် မိုးမင်းကလည်း ကောင်းကင်ပြင်၌ သံစုံဟစ်ကြွေးပါတော့သည်။ မိုးစည်တီးသံ သောသောည်လျက် ဝသန်စစ်ခင်းလိုက်လေပြီ။

မိုးရေစက်များအကြား ဖြတ်သွားသောနေခြည်ကြောင့် ရောင်စဉ်ခုနှစ် သွယ်ထန်းက ကောင်းကင်ယံမှာ ထွက်ပေါ်လာပြန်သည်။ သက်တံကြီး

ဖြစ်၏။ အဆုံးအစမရှိသော သက်တံသည်ကြည်နူးဖွယ်ရာ ကောင်းသော သဘာဝ တရား၏ဖန်တီးမှု အလှတစ်ပါးပင်ဖြစ်၏။

မိုးထဲလေထဲ ဘောလုံးကန်ဆော့ကစားပျော်ပါးနေကြပုံ မြင်ကွင်းက လည်း စိတ်ချမ်းမြေ့ဖွယ်ရာဖြစ်သည်။ 'မိုးရွာရင်မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင်အုန်းသီးခွဲစားမယ်'ဟူသော ကလေးငယ်တို့၏သံပြိုင် ရေရွတ်သံများကလည်း နားဝင်ချိုမြလှပါသည်။

ချောင်းရေကလျှံ၊ ကန်ရေကတိုးမြစ်ရိုးတလျှောက် တာတမံ ကျိုးပေါက်မှုများမှ လွန်ကဲသောမိုး၏ ဆိုးကျိုးများဖြစ်ပါသည်။ လေမိုးဒဏ် ကြောင့် မခံနိုင်စွာပြိုလဲကျရရှာသည့် ဇရာပင်အိုနှင့်သစ်ကိုင်းခြောက် တို့ကြောင့် လျှပ်စစ်လိုင်းများ ပြတ်တောက်ခြင်းနှင့် ဓာတ်လိုက်မှုအန္တရာယ်တို့ ကိုအထူးသတိပြုကြရပါမည်။ တံတားများရေကျော်၍ ကားလမ်း၊ရထားလမ်း ပိတ်ဆို့မှုများကလည်း ခရီးသွားတို့ကို အနှောင့် အယှက်ပြုကြပြန်ပါသည်။

မိုးနှင့်အပြိုင် လှိုင်လှိုင်သီးသော သရက်သီးတို့ကြောင့် ရာသီပေါ် ဝမ်းရောဂါကလည်း ဝေဒနာတစ်မျိုးကို ပေးတတ်ပါသည်။ မိုးမှာကလေးငယ် များတွင်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါဆိုးကိုလည်း ကာကွယ် ဆင်ခြင်ရန်လိုအပ်လှပါသည်။ ဝမ်းရောဂါကာကွယ်ရေးအတွက် ယင်နားစာ ရှောင်ကြဉ်ရန်၊ သွေးလွန်တုပ်ကွေးရောဂါကင်းဝေးရေးအတွက် ခြင်နှိမ်နင်း ကြရန်၊ ရပ်ကွက်လမ်းများတွင် ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ကြရန် ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာတို့က လှုံ့ဆော်သတိပေးလျက်ရှိနေပါ သည်။

ရာသီချိန်မို့ ငါးပုဇွန် ရေသတ္တဝါတို့ လူးလာဆန်ခတ်ကူးသန်းကြ လေပြီ။ ကိုရွှေတံငါတို့၏ ဝမ်းစာရှာလှေငယ်ကလေးများသည် မြစ်ချောင်း တစ်လျှောက်နှင့် ပင်လယ်ပြင်တလွှား ရွက်အစုံ၊ တက်အစုံဖွင့်လျက်ရှိနေကြ ကုန်၏။ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းရသူများအတွက်

မိုးလေဝသနှင့် ဇလဗေဒဌာန၏ မြစ်ရေကြီးခြင်းသတိပေးချက်၊ မုန်တိုင်းသတိပေးချက်စသည်တို့ကို မြန်မာ့အသံနှင့်မြန်မာ့ရုပ်မြင်သံကြားတို့မှ အခါအားလျော်စွာ ကြေညာပေးလျက်ရှိပေရာ ဝိရိယစိုက်နားစွင့် သတိထားနေကြရမည်ဖြစ်သည်။

ဤရာသီတွင် စာပေဝါသနာရှင်တို့ မိုးအေးအေးနှင့် ဇိမ်ယူကွေးနေတတ်ကြသကဲ့သို့ မိုးထဲလေထဲအနားမယူနိုင်ဘဲ ပရိယေသနဝမ်းစာအတွက် လှုပ်ရှားရုန်းကန်မပျက်ရှိနေရသူများအကြား ကွာဟသောဘဝသရုပ်ကို ထင်ရှားစွာမြင်သာလေသည်။ အိမ်ပြတင်းပေါက်မှ ထိမှန်သောမိုးရေစက်သံကို အလွမ်းဂီတအဖြစ် ဖမ်းယူခံစားအဆွေးပိုနေရသူတွေလည်းရှိပါသည်။ အထက်အာကာပြင်တွင် မဟူရာစောင်ထည်ကြီးက လွှမ်းခြုံထားပြီး ကမ္ဘလာမြက်ခင်းစိမ်းစိမ်းများ၊ အနီရောင်စိန်ပန်းပွင့်နှင့် ဖြူလွလွစံပယ်လေးများ၊ မြသားပြင်သို့ထင်ဟပ်ဖွယ် ရေပြင်ကျယ်၊ အပြာရောင်မိုးစက်ပန်းမွှား၊ လင်းလက်သွာသော လျှပ်ရောင်တို့သည် ချစ်သောမိုးရာသီ၏ရောင်စုံအလှအပများ ဖြစ်ပေသည်။

မိုးသည် လောကုတ္တရာအကျိုးကိုလည်းပြုပါ၏။ မိုးရာသီ၏ဝါတွင်းကာလမှာ ရဟန်းသံဃာတော်များအတွက် တရားကျင့်ကြံရန်အသင့်လျော်ဆုံးဖြစ်ပါသည်။ ဝါတွင်းဥပုသ်မိုးဖွဲဖွဲကြားတွင် ဆွမ်းကြီးလောင်းပွဲများ ကျင်းပရာသာစုခေါ် ဖွယ်ဖြစ်ပါသည်။ ဝါကျွတ်၍မိုးနှောင်းကာလတွင် မီးထွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြပါသည်။ ရပ်ကွက်ကျေးရွာလမ်းအလိုက် ကထိန်သင်္ကန်း ကပ်လှူပွဲများကလည်း စည်ကားသိုက်မြိုက်လှပြန်သည်။ မိုး၏ကျေးဇူးကြောင့် ရွှေဝါရောင်စပါးခင်းတို့မှ ရဟန်းခံ၊ ရှင်ပြုအလှူဒါနပွဲများဆီသို့ကူးပြောင်းကာ သာသနာရောင်ဝါထွန်းလင်းစေပါသည်။

ဝါဆိုမှစ,သောမိုးသည် တန်ဆောင်မုန်းသို့ရောက်သော် လုံးဝကွယ်ပျောက်သွားခဲ့လေပြီ။ သို့တစေကမ္ဘာမြေကိုသာယာလှပစေသော၊ လယ်သမား

တဝကိုမြှင့်မားစေသော၊ စပါးဆန်ရေပြည့်လျှံစေသော၊ လူသားတို့၏ဘစင်နှလုံးကိုရွှင်လန်းစေသော၊ ကလေးငယ်တို့ကို ပျော်ပါးတက်ကြွစေသော၊ လောကုတ္တရာသာသနာရေးကို ဖေးကူသောမိုးအား ကျေးဇူးတင်စွာဖြင့် နောက်တစ်ခါ ရောက်အလာကို လွမ်းမောစွာတမ်းတ မျှော်လင့်နေရပေဦးတော့မည်တကား -------။

## ‘ သည်ဆောင်းဟေမန် ’

နိဒါန်း - ဆောင်းသို့ရောက်လာပုံသရုပ်ဖော်
မြောက်ပြန်လေနှင့်မြူနှင်းမှုံ

စာကိုယ် - တန်ဆောင်မုန်းလပွဲတော်များ
- မိုးနှင့်နှင်းနှင့်ပန်းသဇင်
- လယ်ကွင်းပြင်အလှ
- အားကစားနှင့်ဟေမန္တ
- နတ်တော်ပြာသိုပွဲတော်
- တပို့တွဲလထမနဲပွဲ
- သနပ်ခါးထင်းပူဇော်ခြင်း
- ဒေသခွဲခြားမှု
- နေ့ထူးနေ့မြတ်များ
- ကဗျာသရုပ်ဖော်
- ကျောင်းသားနှင့်ဆောင်း

နိဂုံး - တပေါင်းလပြည့်တွင် ကုန်ဆုံးသောဆောင်းကို နှမြောစွာနှုတ်ဆက်။

## ' သည်ဆောင်းဟေမန် '

အလီလီအခါခါ ပြောင်းလဲလည်ပတ်နေသော ရာသီယန္တရားကြီးက ဟေမန္တသို့ အလှည့်ကျလာပြန်လေပြီ။ စိမ့်ခနဲအေးသွားစေသော မြောက်ပြန်လေက ဆောင်းသရုပ်ပီသစွာ ကကြိုးဆင်လာပါတော့၏။ စိမ်းစိမ်းစိုသော မြက်ခင်းပြင်များကလည်း နှင်းရည်ကို သောက်သုံးရန်ငံ့လင့် ကြိုဆိုလျက် ရှိနေကြလေပြီ။ အာကာတစ်ခွင်မှာတော့ မှုန်မှိုင်းရီဝေစွာဖြင့် အခိုးအငွေ့တို့ ယှက်သန်းလျက်ရှိနေကြပါ၏။ မကြာမီ မြူနှင်းမှုန်တို့ကျဲချကာ ဟေမန္တ၏ သဘာဝအလှသဘင် ဆင်ယင်ကျင်းပတော့မည် ဖြစ်ပေသည်။

ဆောင်းကာလသည် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်မှ စ၊ တင်ခြင်းဖြစ်ပါသည်။ တန်ဆောင်တိုင်ပွဲတော်ကျင်းပအပြီး ဖြစ်သော်လည်း မြို့ရွာအနှံ့တွင်ပွဲလမ်းသဘင်များ အမျှင်မပြတ်ဆင်နွှဲနေကြချိန်ဖြစ်၏။ ခြေခင်း လက်ခင်းသာယာသော ဤကာလတွင် အလှူဒါနပြုကြ သူငါတို့၏ သာစုခေါ် ဖွယ် မင်္ဂလာအခမ်းအနားတို့ဖြင့် ပြည့်လျှမ်း၍နေပါသည်။ ရပ်တိုင်း ရွာတိုင်း သက်ဆိုင်ရာဘုရားပွဲတော်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသော အခါသမယပေတည်း။

မိုးနှင့်နှင်းတို့ကား ကျိန်စာသင့်သောချစ်သူများဖြစ်ကြသည်ထင်ပါ၏။ မြောက်ပြန်ကြားလေသွေးမှုကြောင့် မိုးခမျာ လွင့်ပါးပြေးသွားရရှာလေတော့သည်။ ထိုအချိန်ကျမှ ငွေမြည်ဇာပဝါပါးပါးဖြင့် လှပသောနှင်းမှုန်ငွေ့

ဖွေးတို့ ဖြည်းညင်းစွာ ဆင်းသက်လာကြရပါသည်။ သူမ၏အအေးဓါတ်ဖြင့် လောကတစ်ခွင်လုံးကို သာယာချမ်းမြေ့ပေးနိုင်စွမ်းသော ပုလဲကေရီပေတည်း။ မြေပြင်မှာတော့ သူမကိုမျှော်လင့်လက်ကမ်းကြိုဆိုနေသူ ဆောင်း၏ သခင် ပန်းမောင်သဇင်ကို တွေ့ရပါသည်။

ဟေမန်ရာသီတွင် နှင်းရည်နှင်းစက်ကိုခံယူ၍ ဖူးပွင့်လာကြသော ပန်းများက စုံလင်လှပါ၏။ သဇင်နှင့်အတူ ခွါညိုပန်း၊ ပေါက်ပန်း၊ လဲပန်း၊ သရဖီပန်းတို့ကလည်း အလှချင်းပြိုင် ဂုဏ်ချင်းဆိုင်၍ ပန်းသဘင်ဆင်ယင်ကျင်းပနေပြန်ပါသည်။ ဆောင်းအဝင် စိမ်းစိမ်းစိုသောလယ်ကွင်းပြင်များဆီမှ စပါးနှံတို့သည် ပုလဲဝတ်ရည်ကို သောက်သုံးရင်း တဖြည်းဖြည်း ဝင်းဝါအလှတိုးကာ ရင့်မှည့်လာကြလေတော့၏။ မကြာမီ ရွှေရည်လူးကြပေတော့မည်။

သဘာဝအလှတရားများနှင့် အပြိုင်တင့်တယ်သော မြင်ကွင်းများကလည်း အနယ်နယ်အရပ်ရပ်တွင် ရှိနေကြပြန်ပါသည်။ 'စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့'ဟူသော ဆောင်ပုဒ်နှင့်အညီ နံနက်ခင်း နှင်းဖွေးဖွေးကြား၌ လမ်းလျှောက်နေကြသူများကို တွေ့ရပါသည်။ ထိုမှုမက ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်းယူနေကြသော အားကစား မောင်မယ်များကို လည်းတွေ့ရပါသည်။ နံနက်စောစော နှင်းတောကြား၌ မမောနိုင်မပန်းနိုင် ပြေးလွှားနေသူများဖြင့် စည်ကား၍ ပင်နေပါသည်။ အားကစားပွဲတော်များကျင်းပသော ကာလပင်ဖြစ်တော့၏။

ထိုမှလွန်သော နတ်တော်သို့ရောက်၏။ အနယ်နယ်အရပ်ရပ်၌ စာပေဟောပြောပွဲများ ကျင်းပကာအသိပညာဖြန့်ဖြူးလျက်ရှိနေသည်ကို တွေ့ရပါသည်။ စာပေဆုနှင်းသဘင် ဆင်ယင်ကျင်းပသည့် စာဆိုတော်လပေတည်း။ ပြာသိုလတွင်မူ ရှေးမြန်မာမင်းများလက်ထက်က မြင်းခင်းသဘင်ကျင်းပလေ့ရှိပြီး ယခုအခါ၌ လှေသဘင်ပွဲကို ဆင်နွှဲပျော်ရွှင်ကြပါသည်။ တပို့တွဲလသည် ဆောင်းကာလ၏ စရိုက်လက္ခဏာစစ်စစ် အပေါ်လွင်ဆုံး

အချိန်ဖြစ်ပေသည်။ အချမ်းဓာတ် ပိုကဲလွန်းသောကြောင့် 'နှာရည် ယိုရွှဲတပို့တွဲ'ဟုပင် တင်စားခဲ့ကြရသည်။ မိမိလယ်ယာမှ ထွက်ရှိသော ကောက်ညှင်းစပါးကို အဦးအဖျားထမနဲထိုးကာ အလှူဒါနပြုကြပြီး ဖိတ်ခေါ်ကျွေးမွေးသော မြန်မာ့ဓလေ့စရိုက်ကား ချစ်စဖွယ်ကောင်းလှသည်။ ယင်းကိုထမနဲပွဲဟုခေါ်တွင်ပါသည်။ ထိုလတွင် ချမ်းအေးလွန်းလှသဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးပင်လျှင် မီးလှုံတော်မူရသည်ဟု အဆိုရှိခဲ့ရာ ယနေ့ထက်တိုင်တပို့တွဲလပြည့်ည၌ ဘုရားရှင်အား ရည်မှန်းလျက် သနပ်ခါးထင်းတို့ဖြင့် မီးပူဇော်သော ဒါနပွဲကို ဗုဒ္ဓဘာသာဝင်တို့ နှစ်စဉ်ပြုလုပ်ကြမြဲဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဟေမန္တ၏သရုပ်မှာ တစ်နေရာနှင့် တစ်နေရာ မတူညီတတ်ကြပါ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အအေးဓါတ်ကို လွန်ကဲစွာမခံစားရ ကြောင့် ခြေခင်းလက်ခင်းသာယာသော ရာသီအဖြစ် နှစ်သက်တတ်ကြပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းအညာဒေသတွင်မူ အချမ်းဓာတ် တဖြည်းဖြည်းပိုလာပါသည်။ မြန်မာနိုင်ငံ အထက်ပိုင်းနှင့် တောင်ပေါ်ဒေသများတွင်ကား ရေခဲသည်အထိ အေးလွန်းသောကြောင့် မီးဖိုများဖိုကာမီးလှုံကြရတတ်ပါသည်။ ဒေသအလိုက် ကောက်သစ်စားပွဲတော်များကျင်းပလေ့ရှိကြပြီး အချမ်းဒဏ်ကို အန်တုကာ ခေါင်ရည်တမော့မော့ဖြင့် မီးပုံကြီးကို ဝိုင်းပတ်၍ တေးဆိုကခုန်ပျော်မြူးကြပါသည်။

ခရစ်ယာန်ဘာသာဝင်တို့အတွက်လည်း ဆောင်းကာလသည် အမှတ်တရဖြစ်ပါသည်။ ခရစ်တော်မွေးဖွားရာအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် ခရစ္စမတ်ပွဲတော်ကို ကျင်းပကြပါသည်။ ဇန်နဝါရီလ(၁)ရက်နေ့တွင် နှစ်သစ်ကူးပွဲတော်ကိုလည်း ပျော်ရွှင်စွာဆင်နွှဲတတ်ကြပါသည်။ မြန်မာပြည်သူများအတွက်မှာလည်း တော်ဝင်နေ့ထူး နေ့မြတ်ကြီးဖြစ်သော ဇန်နဝါရီ(၄)ရက် လွတ်လပ်ရေးနေ့နှင့် ဖေဖော်ဝါရီ(၁၂)ရက် ပြည်ထောင်စုနေ့တို့သည် ဟေမန္တ

၏ရင်ခွင်၌ပင်ရှိနေပါသည်။ ထိုနေ့များတွင် တစ်နိုင်ငံလုံးအမှတ်တရ ပြပွဲ ပြိုင်ပွဲများ ဆင်ယင်ကျင်းပ လေ့ရှိကြပါသည်။

'သဇင်သင်းပါလို့ ခင်းညှဲ့ပေါ်၊ လာနိုးငယ်မယ်မျှော်လို့ တစ်ကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့ဖူးရွှေလက်တင်'ဟူသော လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်ကို သတိရမိပါသည်။ လွမ်းသူတို့အတွက် ဆွေးစိတ်ကိုပို၍ဖန်တီး တတ်သူမှာ ပေဟမာန်ရာသီ ဖြစ်ပေသည်။

အငွေ့တထောင်းထောင်းထနေသော ရေပြင်ကျယ်ကြီးကလည်း ဆောင်းအလှကို ယှဉ်ပြနေပြန်ပါသေး၏။ ဝမ်းစာရှာတံငါလှေတို့ကိုလည်း နှင်းမှုန်ခြုံလွှမ်းသော မြစ်ကမ်းတလျှောက်တွင် တွေ့နေရပြန်ပါသည်။ ထို့အတူမြို့ကြီးပြကြီးများတွင်လည်း ဆောင်းနှင်းကိုအဖေါ်ပြုကာ ရုန်းကန် လှုပ်ရှားနေကြသူများကို တွေ့ရပါဦးမည်။ စာမေးပွဲရာသီနှင့်နီးကပ်လာပြီ ဖြစ်သော ကျောင်းသူကျောင်းသားများ ်လည်း ချမ်းအေးမှုကို ဂရုမပြုနိုင်အား။ မိမိအောင်မြင်မှုရရှိစေရန် အသည်းအသန်ကြိုးပမ်း ကျက်မှတ်နေကြရလေသည်။

နေ့ပူလို့ညချမ်း တပေါင်းလ လသရမ်းသို့ရောက်ရှိလာခဲ့ပေပြီ။ နီးကပ်လာသော နွေ၏အရှိန်ကြောင့် နှင်းပွင့်တို့လွင့်ပြယ်ကာ မြူခိုးလေးများ အသွင် ထင်ကျန်ရစ်ခဲ့ပါပြီ။ မကြာမီ တပေါင်းလပြည့်ပေတော့မည်။ ဆောင်း ပျောက်၍ နွေဦးသို့ရောက်ရှိပေတော့မည်။ 'အေးမြချမ်းမြေ့သောအငွေ့အ သက်တို့ကို နှမြောတသစွာ နှုတ်ဆက်၍ နွေကိုပွေ့ဖက်ကြိုဆို ရပေဦးတော့ မည်။ ပြန်လည် ဆုံတွေ့ကြပါစို့ ဟေမန္တရေ -----။

## ' တန်ခူးလနှင့်သင်္ကြန်ပွဲတော် '

နိဒါန်း - တန်ခူးအမည်ဆင်းသက်လာပုံ

စာကိုယ် - တန်ခူးလ၏နက္ခတ်များ
- ကံကော်ပန်းနှင့်ရင်ခတ်ပန်း
- သင်္ကြန်ဟူသောစကား
- ပျော်ရွှင်ဖွယ်သင်္ကြန်
- သင်္ကြန်၏အစ
- သင်္ကြန်စာ
- သိကြားမင်းဆင်းရသည့်အကြောင်း
- ဗြဟ္မာဦးခေါင်း
- နှစ်သစ်မင်္ဂလာအခါတော်နေ့
- ဂိတောက်ပန်းနှင့်သင်္ကြန်မိုး

နိဂုံး - ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသော နှစ်ဦးပွဲတော်ဖြစ်ကြောင်း။

## ' တန်ခူးလနှင့်သင်္ကြန်ပွဲတော် '

မြန်မာနှစ်၏ အဦးဆုံးလမိဿရာသီဟု အမည်တွင်သော တန်ခူးလကား နှစ်ဟောင်းကိုခွဲ နှစ်သစ်ကိုစေသော နေ့၏အုတ်မြစ်ဖြစ်ပေသည်။ တန်ခူးသည် 'တန်' နှင့် 'ခူး'ကိုပေါင်းကာ တန်ခူးဖြစ်လာသည် ဟူ၏။ 'တန်' သည် ပါဠိဘာသာဖြင့် 'ကာလ'ဟူသော စကားမှဆင်းသက်လာကာ 'ထန်း'ဟု အနက်ရ၏။ 'ခူး' သည် ခူးဆွတ်သည်ဟု အနက်ထွက်သဖြင့် ဤလရာသီတွင် ထန်းသီးများ ဆွတ်ခူးလေ့ရှိသောကြောင့် တန်ခူးလဟုခေါ်တွင်ကြောင်း အချို့ ကယူဆကြ၏။

အချို့ကမူ တန်ခူးသည် 'တာကူး'မှ ဆင်းသက်လာသည်ဟု ဆိုကြပြန်သည်။ 'တာ'သည် အချိန်ရာသီဟု အနက်ထွက်ကာ 'ကူး'မှာ ကူးပြောင်းဟုအဓိပ္ပါယ်ရ၏။ တနင်္ဂနွေဂြိုလ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို အစွဲပြုကာ 'တာကူး'ဟုခေါ်တွင်ရာမှ တန်ခူးဟုရွေ့လျောလာခဲ့သည်ဟုဆိုသည်။

ဤလတွင် ရက်ပေါင်း ၂၉ရက်ရှိပေရာ တန်ခူးရက်မစုံဟုမှတ်သားရသည်။ နာရီအားဖြင့် နေ့ညနာရီတူညီပြီး နေ့တာညတာတူမျှသောလဖြစ်သည်။ တန်ခူးလတွင် စိတြနက္ခတ်နှင့် လမင်းတို့ယှဉ်၍ အာသာဝတီနက္ခတ်နှင့်နေမင်းတို့ယှဉ်ကြသည်။ တံငါတာရာတွန်း ပကာရာသီရုပ်မှာဆိတ်သတ္တဝါဖြစ်သည်။

တောင်လေသုတ်ဖြူးကာ မိုးသားကျူးသည့် ဤတန်ခူးလရာသီတွင်'တန်ခူးမိဿ၊ စိတြလနှင့်ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော် ထုံသင်းပျော်

ပွဲတော်အ ဘာညွှန်း ဟူသော ကင်းဝန်မင်းကြီး၏ မှတ်တမ်းနှင့်အညီ ကံကော်ပန်းနှင့် ရင်ခတ်ပန်းတို့ ဖူးပွင့်ကြကာကျင်းပလေ့ရှိသော ရာသီပွဲတော်မှာသင်္ကြန်ဖြစ်လေသည်။

သင်္ကြန်ဟူသောစကားသည် သက္ကတဘာသာဖြင့် 'သင်္ကြန္တ'မှ ဆင်းသက်လာကာ ပြောင်းရွှေ့ခြင်း အနက်ထွက်သည်။ တနင်္ဂနွေဂြိုလ် မင်းမိန်ရာသီသို့ကူးပြောင်းခြင်းကို ရည်ညွှန်းသည်။ အချို့ကမူ သင်္ကြန်သည် မြန်မာစကားစစ်စစ်ဖြစ်၍ ကောင်းကျိုးမင်္ဂလာ ကြီးအင်လက္ခဏာ တိုးပွါးရန် သုတ်သင်ဆေးကြောခြင်းဟု အနက်ထွက်သည်ဟုဆိုသည်။ ဤ ဒုတိယအဆိုကို အထောက်အကူပြုသော အကြောင်းတစ်ရပ်ရှိ၏။ ရှေးဘုရင်များသည် ဦးခေါင်းဆေးလျှော်သည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိသည်။ ဘုရင်မင်းမြတ်တို့တွင် တစ်ပတ်တစ်ကြိမ်လျှော်သော 'ပကတိသင်္ကြန်'၊ ဂြိုလ်စီးဂြိုလ်နင်း ညှဉ်းဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန် လျှော်လေ့ရှိသော 'သင်္ကြန်လတ်'နှင့် ဘိသိက်ခံယူသည့်အခါ လျှော်လေ့ရှိသော 'မဟာသင်္ကြန်'ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိသည်။ ဤသည်ကိုထောက်သော် သင်္ကြန်အခါ ခေါင်းဆေးခြင်း၊ ရေပက် ကစားခြင်းတို့သည်အဆိုးပျောက်၍အကောင်းရောက်စေရန်ရည်သန်ပြီး မကောင်းသောအညစ်အထေးတို့ကို ဆေးကြောသန့်စင်သည့် သဘောဖြစ်ပေမည်။

သင်္ကြန်ရေသဘင်ပွဲတော်သည် အရွယ်မရွေးလူမျိုးမရွေး၊ ဘာသာမရွေးပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်ဖြစ်၏။ ဆင်နွှဲသူတိုင်း ပျော်တပြုံးပြုံးမော်မဆုံးဖြစ်ရလေ့ရှိ၏။ သုံးရက်လုံးလုံးကျင်းပလေ့ရှိသော ပွဲဖြစ်၏။ ယခုအခါရေပက်ယိမ်းအကများ၊ သံချပ်ပြိုင်ပွဲများပါဖြည့်စွက် ခင်းကျင်းလျက်ရှိသည်။

သင်္ကြန်ခါတွင် ဤကဲ့သို့ ရေပက်ကစားသောဓလေ့သည် ကပိလဝတ်ပြည်သား သာကီဝင်မင်းများ လက်ထက်ကပင် ရှိနေပြီဟု သာသနာဝင်ကျမ်းကဆိုသည်။ မြန်မာနိုင်ငံတွင်လည်း ပုဂံမင်းနရသီဟပတေ့ လက်ထက် ကပင် ပေါ်ပေါက်နှင့်ပြီဟု မှန်နန်းရာဇဝင်တွင် မှတ်တမ်းတင်ထားသည်။ သင်္ကြန်အခါတွင် ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလုပ်ကြလေ့

ရှိသည်။ စေတီပုထိုးတို့တွင် ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အိုများကို ခေါင်းဆေးခြင်း၊ ရေချိုးပေးခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ငါးလွှတ်ခြင်း၊ သံဃာတော်များကို ဆွမ်းကျွေးခြင်း၊ မွှေးလုံးရေပေါ် ပြုလုပ်ဝေငှခြင်း၊ သင်္ကြန်အတက်နေ့တွင် ခုနှစ်ရက်မွှေးနံ့ပန်းများနှင့် အောင်သပြေခက်တို့ စုံအောင်ထိုးထားသော အတာအိုးမှရေကို မြေပြင်သို့သွန်းလောင်းကာ သဗ္ဗေသတ္တာဝေနေယျာတို့အတွက် ဆုမွန်တောင်းအမျှဝေခြင်းတို့ ပြုလုပ် လေ့ရှိသည်။

သင်္ကြန်ကျမည့် အချိန်အခါရက်နေ့ကို သင်္ကြန်စာမှသိကြရသည်။ ထိုစာမှာ ရှေးဘုရင်များလက်ထက်ကပင်ပေါ် ထွက်ခဲ့သည်။ သင်္ကြန်အခါကို နန်းတော်ရှိ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ဗေဒင်ကျမ်းများနှင့် ညှိ၍တွက်ချက်ပေးရ၏။ နက္ခတ်ပညာရှင်တို့ကလည်း ဗေဒင်ဟောစာတမ်းကို ဘုရင်သို့ဆက်သွင်းရ၏။ ထိုဟောစာတမ်းကို သာသနာပိုင်ကစိစစ်ပြီး ဘုရင်ကတိုင်းပြည်သို့ ကြေညာရ၏။ ထိုသင်္ကြန်စာတွင် သင်္ကြန်သည် မည်သည့်နေ့ရက်၊ အချိန်၊ နာရီ၊ မိနစ်၊ စက္ကန့်တွင်ကျကြောင်း၊ သိကြားမင်းကြီးသည် မည်သည့်သတ္တဝါကိုစီး၍ မည်သည့်လက်နက်ကို ကိုင်ဆောင်ကာ လူ့ပြည်သို့ဆင်းသက်လာကြောင်း မည်သည့်ကာလတွင် ပြန်တက်မည်ဖြစ်ကြောင်းစုံလင်စွာ ဖော်ပြရလေသည်။ ထို့ပြင်လူ့သတ္တဝါတို့၏ အခြေအနေ၊ မိုးလေဝသ၊ သီးနှံရိက္ခာ၊ ရောဂါဘယ၊ ပေါများပစ္စည်း၊ ရှားပါးကုန်စသည်ဖြင့် ပြည့်စုံစွာဖော်ပြရသည်။ လူတို့က သင်္ကြန်စာကိုဖတ်၍ဆောင်သင့်သည်ကိုဆောင်၊ ရှောင်သင့်သည်ကိုရှောင်ကြရလေသည်။

သိကြားမင်း လူ့ပြည်သို့ဆင်းသက်လာရသည့် အကြောင်းမှာ ကမ္ဘာဦးက ၎င်းကိုယ်တိုင် ထားခဲ့သောသစ္စာကြောင့်ဖြစ်သည်ဟု ဆိုရိုးရှိလေသည်။ ဤကမ္ဘာပေါ်စ၍ ဗြဟ္မာပြည်မှ ဗြဟ္မာတို့သည် ကမ္ဘာသစ်ကို စူးစမ်းရန်ဆင်းလာကြရာတွင် မြေဆီမြေလွှာတို့ကို စားမိကာ တန်ခိုးပြယ်သွားကြလေ၏။ ထို့ကြောင့် မိမိနေရပ်သို့ မပြန်တတ်ရှိမက ကိုယ်ရောင်ကိုယ်ဝါပါ ပျောက်ခဲ့ကြသဖြင့် ငိုယိုကြသောအခါ သိကြားမင်းက ငဲ့ညှာသောအားဖြင့် နေ၊လ၊ကြယ်တာရာတို့ကို သူတို့အတွက် ဖန်ဆင်းပေးခဲ့၏။ တစ်နှစ်တစ်ခါလူ့ပြည်ရှိသူတို့ထံသို့ မှန်မှန်လာပါမည်ဟု ကတိပြုကာနှစ်သိမ့်

ခဲ့၏။ ထို့ကြောင့် သီကြားမင်းသည် သင်္ကြန်ချိန်ခါရောက်တိုင်း လူ့ရပ်ရွာသို့ မပျက်မကွက် လာခဲ့သည်ဟုဆိုပါသည်။

သင်္ကြန်စာ၌ ပါနေကျဖြစ်သော နတ်သမီးတစ်ယောက် ဦးခေါင်းပြတ်ကိုင်ဆောင်နေပုံနှင့် ပတ်သက်၍ ဤသို့အယူရှိပြန်လေသည်။ ရှေးအခါက သီကြားနှင့်ဗြဟ္မာတို့သည် တစ်ပတ်လျှင်၇ရက်ရှိသည်။ ၈ရက်ရှိသည် ဟု အငြင်းအခုန်ပြုကြရာမှ ဒေါသထွက်ကာ ရှုံးသူခေါင်းဖြတ်စတမ်းဟုကြမ်းကြမ်းရမ်းရမ်း လောင်းတမ်းပြုကြ၏။ လူ့ပြည်တွင် ကျော်ကြားလှသော နက္ခတ်ဗေဒင်ဆရာ ကဝိလမိုင်းထံတွက်ချက်၍ အဆုံးအဖြတ်ခံယူကြရာ သီကြားမင်းအနိုင်ရသွားသဖြင့် ဗြဟ္မာ၏ ဦးခေါင်းကို မိုးကြိုးသွားနှင့်ဖြတ်လိုက်လေ၏။ ဗြဟ္မာဦးခေါင်းသည်ကား ပူလောင်လွန်းလှပေရာ ကုန်းပေါ်ပစ်လျှင် လူ၊ သတ္တဝါ၊ သစ်ပင်အားလုံး လောင်ကျွမ်းသေဆုံးရမည်၊ မိုးပေါ်ပစ်လျှင်လည်း မိုးတစ်ကြိမ်မျှမရွာတော့၊ ရေထဲသို့ပစ်ပါကလည်း သမုဒ္ဒရာကြီးပင်ခန်းခြောက်သွားမည်ဖြစ်ပေရာ သီကြားမင်းသည် နတ်သမီးခုနစ်ဖော်ကို အလှည့်ကျကိုင်ထားစေရသည် ဟုဆို၏။ သင်္ကြန်သို့ ရောက်ပါမှ ၎င်းဦးခေါင်းပြတ်ကို နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ လွှဲပြောင်းပေးရသည်ဟုဆိုသည်။

သင်္ကြန်တွင်းကို အကျ၊ အကြတ်၊ အတက်ဟူ၍ သီကြားမင်းအဆင်းအတက်ကို အမှီပြုသုံးစွဲသည်။ အတက်နေ့ပြီးလျှင်မူကား မြန်မာနှစ်ဆန်းတစ်ရက်နေ့သို့ ကျရောက်သည်။ ထိုနေ့မှာ နှစ်သစ်မင်္ဂလာအခါတော်နေ့ပင်ဖြစ်သည်။ ရှင်တော်မြတ်ဘုရားက အညတြနတ်သားတစ်ဦး၏ မေးမြန်းချက်ကို သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များဖြင့် ရှင်းလင်းဟောကြားခဲ့သော အထိမ်းအမှတ်နေ့ဖြစ်သည်။ ထိုနေ့ကားအလှူဒါနပြုကြသူများ၊ စေတီဒီသာ ကျွေးမွေးသူများ၊ ဥပုသ်သီလဆောက်တည်သူများ ဖြင့် မင်္ဂလာအတိပြီးသောနေ့ဖြစ်သည်။

'လတန်ခူးပေမို့၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါဟူသည့် ပိတောက်ပန်းတို့ကလည်း တစ်နှစ်တွင် တစ်ခါသာဖူးပွင့်ရစမြဲဖြစ်ပေသည်။ တစ်နှစ်တစ်ခါမရိုးနိုင်သော 'မြနန္ဒာ' နှင့် 'တူးပို့' တေးသံတို့ကလည်း မြိုင်ဆိုင်လွန်းလှပေသည်။ တန်ခူးလတွင် ဖက်ဆွတ်မိုး၊ သင်္ကြန်မိုးတို့ရွာသွန်းပြီး မြစ်ရေတိုး

သည်ကို အစွဲပြုကာ 'တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး'ဟုဆိုရိုး ရှိလေသည်။

'သဘင်ဂီမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံစစ်တူ၍'ဟု ရှင်ဥတ္တမကျော်၏ တောလားအဖွဲ့ကဲ့သို့ နွေဦးတွင်လေရူးနှင့်အတူ အတာရေ သဘင်ပွဲကို မြိမ့်မြိမ့်သဲသဲကျင်းပခဲ့ကြသည်မှာ ကပိလဝတ်ပြည်သာကီဝင်မင်း လက်ထက်မှ ယနေ့ထက်တိုင် ပြည်မြန်မာတစ်ခွင် ဆင်ယင်မပြတ်ရှိပေသည်။ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော နှစ်သစ်ဦး၏ကြည်နူးဖွယ်ပွဲ တော်ဖြစ်ပေသတည်း -------။

## 'ကဆုန်လနှင့်ညောင်ရေသွန်းပွဲတော်'

နိဒါန်း - ကဆုန်လ၏နိမိတ်ပုံများ

စာကိုယ် - ကဆုန်လ၏နက္ခတ်များ
- ရာသီပန်းနှင့်ပွဲတော်
- ဗျာဒိတ်၊ ဖွားမြင်၊ ဘောဓိပင်၊ စံဝင်နန်းဗိမ္မာန်
- ညောင်ရေသွန်းပွဲတော်
- ရှင်အာနန္ဒာ၏မျိုးစေ့
- အာနန္ဒာဗောဓိနှင့်ဒက္ခိဏာသာခါ
- ဥဇနာမင်းက,စ
- ရေသွန်းလောင်းရခြင်းအကြောင်း
- ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ
- သွေးသစ်လောင်းသောကလေးများ

နိဂုံး - တစ်ကမ္ဘာတစ်ရွာတိုးတက်ထွန်းကားလာသော်လည်း ယဉ်ကျေးမှုဓလေ့ကို မမေ့ မလျော့ဆက်လက် ထိန်းသိမ်းသင့်ကြောင်း။

## ' ကဆုန်လနှင့်ညောင်ရေသွန်းပွဲတော် '

မြန်မာနှစ်၏ ဒုတိယမြောက်လ ပြိဿရာသီဟု အမည်တွင်သော ကဆုန်လကား 'နေဝန်းငယ် စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇောကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး'ဟု မဟာအတု လမင်းကြီးတင်စားဖွဲ့ဆိုသကဲ့သို့ အပူရှိန်လွန်ကဲလွန်းသော နွေလတစ်လပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း 'ကဆုန်နယုန်ဆွေ့ဆွေ့ခုန်'ဟုဆိုရိုးစကားပေါ် ထွက်ခဲ့လေသည်။ သို့ပါသော်လည်း 'ကဆုန်နယုန်လေရှူးသုန်' ဟူသည့်အတိုင်းလေနှင့်အတူလွင့်ပါလာသော ရန့်လက်ဆောင်ပေးတတ်ပြန်ရာ 'ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့မိုးနံ့နံ့' ဟူ၍ ဆိုကြပြန်လေသည်။

ကဆုန်တွင် 'က'သည်ရေဖြစ်ပြီး 'ဆုန်'သည်သွန်းလောင်းခြင်းဟု အနက်ထွက်သဖြင့် ကဆုန်သည် ရေသွန်းလောင်းသောလဟု ပညာရှင်တို့က ယူဆကြပါသည်။ ဤလတွင် ရက်ပေါင်း၃၀ရှိ ပြီး နာရီအားဖြင့် နေ့၃၂နာရီ၊ ညဥ့်၂၈နာရီရှိသဖြင့် နေ့တာရှည်ကာညတာတိုသည်။ ဤ ရာသီတွင်ဝိသာခါ နက္ခတ်နှင့်လမင်းယှဉ်ပြည့်ကာ ကြတ္တိကာနှင့် နေမင်းတို့ယှဉ်ကြ၏။ ဆင်တာရာထွန်းပပြီး ရာသီရုပ်မှာနွားရုပ်ပုံဖြစ်လေသည်။ 'တန်းခူးရေကုန်၊ ကဆုန်ရေခန်း' ဟူသောစကားအတိုင်း ပူရှိန်ပြင်းပြသော ကဆုန်လတွင်လောကကိုအလှဆင်ရန်အတွက် အံခဲလျက်ပွင့်ရှာကြရသော ရာသီပန်းနှင့်ကျင်းပလေ့ရှိသော ရာသီပွဲတော်ကို စာဆိုဦးယာက 'ရာသီလိုက် တင့်၊ ရွှေပွင့်စကား၊ မြသားရိုးနေ၊ ပန်းမိုးစွေ၏၊ ညောင်ရေ သဘင်၊ ပျော်ရွှင် သွန်းလောင်း'ဟုဆိုထားပေသည်။ ကဆုန်လ၏ ရာသီပန်းကား စ[illegible]ါပန်းဖြစ်၍ ပွဲတော်ကား ညောင်ရေသွန်း

သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားစံနေတော်မူစဉ် အနာထပိဏ်သူဌေးကြီးက အရှင်အာနန္ဒာမထေရ်အား သဗ္ဗညုတဘုရားရှင် မရှိခိုက် ဖူးမျှော်ရောက်ရှိသော ရဟန်းရှင်လူတို့အတွက် ဘုရားရှင်၏ ကိုယ်စားတော်ဖူးမျှော်နိုင်ရန် စီစဉ်ပေးတော်မူပါမည့်အကြောင်း လျှောက်ထား ခဲ့သည်။ ရှင်အာနန္ဒာမှာ မြတ်စွာဘုရားအား တစ်ဆင့်လျှောက် ထားရာတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ငါဘုရားမရှိသောအခါ ဘုရားကဲ့သို့ ကိုးကွယ်ထိုက်သောစေတီများမှာ သာရီရိကစေတီ (ဘုရား၏ အစိတ်ဖြစ်သော ဆံ၊ မွေးညင်း၊ သွား၊ ညှပ်ရိုး)၊ ပရိဘောဂစေတီ (ဘုရား၏ အသုံးအဆောင် ဖြစ်သောသပိတ်၊ သင်္ကန်း၊ သလွန်၊ ကျောင်း)၊ ဥဒ္ဒိသစေတီ (ဘုရားကိုရည်မှန်း ထုလုပ်ကိုးကွယ်သောရုပ်တု)တို့ဖြစ်သည်။ ထို့အတူ ဘုရားရှင်အဖြစ်အမှီပြု တော်မူခဲ့ရာ သစ္စာတရားလေးပါးကို သိတော်မူရာ မဟာဗောဓိပင်သည်လည်း ဘုရားရှင်၏ကိုယ်စားတော် ပရိဘောဂစေတီ မည်ပါသည်ဟု မိန့်တော်မူ၏။

ထို့ကြောင့် ညီတော်အာနန္ဒာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း တော်ကြီး၏ တံခါးမုခ်ဝ၌ ဗုဒ္ဓဂါယာမဟာဗောဓိပင်ကြီးမှအစေ့ကိုယူ ဘုရား မြတ်စွာ၏ ကိုယ်စားတော်အဖြစ် စိုက်ပျိုးခဲ့၏။ ၎င်း အာနန္ဒာဗောဓိပင် ကြီးထွားသော အခါ ဘုရားရှင်၏ဒါယကာပသေနဒီကောသလမင်းကြီး၊ အနာထပိဏ်သူဌေး ကြီးနှင့်တကွ မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ကုန်သည် လယ်သမားတို့သည်၎င်း အပင်ကို ဘုရားရှင်ကိုယ်တော်တိုင်အလား အာရုံပြုကာ ပန်းနံ့သာဆီမီး စသည်တို့ကို နေ့စဉ်ပူဇော်ခဲ့ကြ၏။ ပူရှိန်ပြင်းပြသည့် ကဆုန်လသို့ရောက် သောအခါ သစ်ပင်၏အမြစ်များပြတ်လေ့ရှိသဖြင့် မင်းနှင့်ပြည်သူတို့သည် အာနန္ဒာ ဗောဓိနှင့် မူလဗောဓိပင်၏ တောင်ကိုင်းသား (တောင်ဒက္ခိဏ၊ တောင်ဒက္ခိဏသာခါအကိုင်း)မှ ပွါးများပေါက်ဖွါးလာသော မဟာဗောဓိပင် အများကို မညှိုးလျော်စေရန် ရေသွန်းပူဇော်ပွဲသဘင် ကျင်းပဆင်ယင်ခဲ့ကြ လေသည်။ ဤသို့ဖြင့် ကဆုန်ညောင်ရေသွန်းပွဲသဘင်သည် ဘုရားရှင် လက်ထက်ကပင် အိန္ဒိယပြည်၌ စ,တင်ပေါ်ပေါက်ခဲ့လေ၏။

မြန်မာလူမျိုးတို့တွင် ကဆုန်ညောင်ရေသွန်းပွဲသဘင်ကို မြန်မာ သက္ကရာဇ် ၆၈၄ ခုနှစ်ပင်းယ ဘုရင်ဥဇနာမင်းလက်ထက်မှ စ,တင်ကျင်းပ

ခဲ့သည်။ ဥဇနာမင်းသည် အနုဥဒ္ဓါဓိပတိဘွဲ့ကို ခံယူလျက် သာသနာတော်ကို လွန်စွာကြည်ညိုသဖြင့် ဇမ္ဗူကကျောင်းတိုက်တော်ကြီးကို ဆောက်လုပ်ခဲ့ပြီး မဟာဗောဓိမျိုးစေ့ကို ယူဆောင်လျက် ကိုယ်တော်တိုင် စိုက်ပျိုးခဲ့ရာမှသားစဉ် မြေးဆက်ယနေ့ထက်တိုင် နှစ်စဉ်နှစ်တိုင်း ကဆုန်ညောင်ရေသွန်းပွဲကို ဆင်ယင်ခဲ့ကြခြင်းဖြစ်သည်။ ယှုအခါညောင်ရေသွန်းသည့် အစဉ်အလာကား မြန်မာ့ဓလေ့တစ်ခုပင်ဖြစ်ခဲ့ချေပြီ။

'ပွဲခါညောင်ရေ၊ သွန်းမြဲလေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်'ဟူ၍ လက်ဝဲသုန္ဒရအမတ်ကြီးကမဲဇာတောင်ခြေရတုတွင် ရေးဖွဲ့ထည့်သွင်းထားခဲ့ပေသည်။ 'ကာဠု၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ သောဏ္ဏ၊ ဗုဒ္ဓဟော'ဟူသည့် ဘုရားရှင်၏ ဖွားဘက်တော် (၇)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ဗောဓိပင်သည် ဗုဒ္ဓမြတ်စွာက မာရ်နတ်ကိုအောင်နိုင်ရာ ဌာနဖြစ် သောကြောင့် ဘုရားရှင်၏ ဂုဏ်တော်ကို ချီးမြှောက်ကြည်ညိုသော စိတ်ဆန္ဒဖြင့်အထွတ်အမြတ်ထားကာ ပူဇော်ကြခြင်းလည်းဖြစ်ပါသည်။ လူတို့သည် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်းဖြင့် အေးချမ်းစေသကဲ့သို့ မိမိတို့၏နေရပ်ဒေသ ဘဝရပ်တည်မှုများလည်း အေးချမ်းလန်းဆန်းရပါစေကြောင်း ဆုတောင်းတတ်ကြပါသည်။

ကဆုန်လသည် ဗုဒ္ဓနှင့်စပ်လျဉ်းသည့် သာသနာ၏အငွေ့အသက် ဖုံးလွှမ်းသောလဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတွင် တိပိဋက ဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲကို နှစ်စဉ်နှစ်တိုင်း ကဆုန်လတွင် ကျင်းပလေ့ရှိပါသည်။ ဤသို့ သာသနာနှင့် ပတ်သက်၍ အထွက်အမြတ်ဖြစ်သော ဤလသည် ပညာရေးနှင့်ဆက်နွယ်ကာ အထူးပြုသောလလည်းဖြစ်ပေသည်။ ဤလတွင် 'ကျောင်းနေရွယ်ကလေး၊ ကျောင်းအပ်နှံရေး၊ ပြည်သူအား လုံးပါဝင်ဆောင်ရွက်ပေး'ဟူသော ဆောင်ပုဒ်အရ ကျောင်းများတွင် ကျောင်းသူကျောင်းသား လူငယ်လူရွယ်ကလေးတို့ သွေးသစ်လောင်း သည့် ကာလလည်းဖြစ်ပါသည်။

ယနေ့ခေတ်ကာလသည် 'တစ်ကမ္ဘာတစ်ရွာ'ဟု သတ်မှတ်သည်အထိ ကမ္ဘာတစ်ဝှမ်း သိပ္ပံကွန်ရက်ကြီးအတွင်း ရှင်သန်လှုပ်ရှားနေကြ

ချိန်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် အတွက် ကြိုးစားလေ့လာသင်ယူမှတ်သားကြရမည့် ခေတ်မီနည်းပညာများစွာ ရှိနေပြီဖြစ်သည်။ သို့သော်မြန်မာ လူငယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းရမည်၊ မြန်မာ့ရိုးရာဓလေ့ထုံးစံများကို လိုက်နာရ မည်။ ဗုဒ္ဓဘာသာဝင် အဆီအနှစ်တို့ကို မခမ်းခြောက်စေရာ။ ဤရည်ရွယ် ချက်ဖြင့် ကဆုန်လတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် စေလိုခြင်း အလို့ငှါ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများကျင်းပပြုလုပ်ပေးခဲ့ သည်။ သို့ဖြစ်ပေရာ ကဆုန်လ၏ အနှစ်သာရဖြစ်သော ဗုဒ္ဓဘာသနာကို လူငယ်များပီပီ မြတ်နိုးလေးစားထိန်းသိန်းသွားရမည် ဖြစ်ကြောင်း မီးမောင်းထိုး ပြအပ်ပါသည် -----။

## ‘ နယုန်မိုးသေး ၊ မြက်သားမွေး ’

နိဒါန်း - နယုန်လ၏ဖွဲ့ဆိုမှုများ

စာကိုယ် - နယုန်ဝေါဟာရအဓိပ္ပါယ်
- နယုန်လ၏နက္ခတ်များ
- ရာသီပန်းနှင့်ရာသီပွဲတော်
- စာတော်ပြန်ပွဲ၏အစ
- ရှေးဘုရင်လက်ထက်ကကျင်းပပုံ
- ခေတ်အဆက်ဆက်ကျင်းပပုံ
- လယ်ထွန်မင်္ဂလာ
- မဟာသမယအခါတော်နေ့ဖြစ်ပေါ်လာပုံ
- မဟာသမယသုတ်ရွတ်ဖတ်ခြင်း

နိဂုံး - သစ်ပင်စိုက်ရန်အကောင်းဆုံးလ
ဂုဏပူဇော်သဘင်ကျင်းပရာလ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရမည့်
မင်္ဂလာရှိသော အချိန်ကာလဖြစ်ကြောင်း

## ' နယုန်မိုးသေး ၊ မြက်သားမွေး '

မြန်မာနှစ်၏ တတိယမြောက်လ မေထုန်ရာသီဟုခေါ် အပ်သော နယုန်လကား 'စံပယ်မြတ်လေး၊ ပင်တိုင်းမွှေး၍ ထွေးထွေးမောင်းနီ၊ ညွှန့်ချင်းစီ၍၊ ရာသီမေထုန်လနယုန်'ဟုဆိုသည်ရွှာစား ဦးအောင်ကြီး ဖွဲ့ဆိုခဲ့သည့် အတိုင်းသစ်ပင်ကြီးငယ်တို့တွင် အညွန့်အဖူး တို့ဝေစီ၍ မြေပြင်လွှာတွင်လည်း သားမွေးစမြက်ခင်းစိမ်း နုနုလေးများ ဖြင့် လှပတင့်တယ် စိုပြည်သာယာသော နွေနှောင်းကာလဖြစ်ပေသည်။ 'နယုန်မိုးသေး၊ မြက်သား မွေး'၊ 'နယုန်ဝါလ၊ ကြဲကြပျိုးထောင်' စကားပုံဆောင်လာသည့်အတိုင်း လယ်ယာမြေတို့တွင် စပါးသီးနှံတို့ စ,တင်ပျိုးထောင်ချိန်လည်းဖြစ်ပေသည်။

'နယုန်'ဟူသော ဝေါဟာရသည် 'န'ဟူသည့် အချိန်ကာလ၊ 'ယုန်' ဟူသည့် 'မိုးရွာခြင်း'အဖြစ် မြန်မာ့ရှေးရင်းဘာသာစကားအရ အနက်ထွက်ပေရာ နယုန်လသည် မိုးရွာပြီဖြစ်သောလဟု မှတ်ယူရ ပေသည်။ ဤလတွင် ရက်ပေါင်း(၂၉)ရှိကာ နာရီအားဖြင့် နေ့၃၄နာရီ ည၂၆နာရီရှိသဖြင့် နေ့တာရှည်ကာ ညတာတိုလေသည်။ ဤလတွင် ဇေဋ္ဌနက္ခတ်နှင့် လမင်းယှဉ်ပြည့်ကာ မိဂသီနက္ခတ်နှင့် နေမင်းတို့ယှဉ် ကြ၏။ မြင်းတာရာထွန်း ပ၏။ ရာသီရုပ်မှာ လက်တစ်ဖက်က လှင်တန်၊ လက်တစ်ဖက်ကစောင်းကို ကိုင်စွဲလျက် အပျိုလူပျိုယှဉ်တွဲနေပုံ ဖြစ်လေသည်။

မိုးသားထစ်ကျူ၊ ကျေးငှက်မြူးကြသည့် ဤနယုန်လတွင် ပွင့်ငုံလေ့ရှိကြသော ရာသီပန်းနှင့် ကျင်းပလေ့ရှိသော ပွဲတော်တို့ကား 'ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်၊ မေထုန်ဆိုရာသီထူး၊ ပွင့်ဖူး ဝတ်မှုန်နဲ့၊ သင်းပျံ့တော့တယ်'ဟု ဖိုးသူတော်ဦးမင်းစပ်ဆိုသကဲ့သို့ မြတ်လေး၊ စံပယ်တို့ ဖူးပွင့်ဝေဆာကြပြီး စာတော်ပြန်ပွဲ ဆင်ယင်ကျင်း ပရာလဖြစ်ပါသည်။

စာတော်ပြန်ပွဲဟူသည်ကား သံဃာတော်များ၏ စာမေးပွဲကို ဆိုလိုသည်။ ဖြေဆိုရသည့်အကြောင်းအရာမှာ နက်နဲကျယ်ဝန်းလှသော ပိဋကတ်သုံးပုံဖြစ်သည်။ စာတော်ပြန်ပွဲ၏ရင်းမြစ်ကိုစိစစ်လျှင် ညောင်ရမ်းခေတ်သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် စတင်ကျင်းပသည်ဟု သမိုင်းမှတ်တမ်းများက ဆိုလေသည်။

စာတော်ပြန်ပွဲများကို ဆရာတော်ကြီးများက ကြပ်မတ်အုပ်ချုပ်ကျင်းပလေ့ရှိသည်။ ဘုရင်ကအားပေးချီးမြှောက်သည်။ စာတော်ပြန်ပွဲဝင်ရောက်ကြမည့် ရဟန်းလောင်းနှင့် သာမဏေတို့သည် စာဖြေသောအခါ လူဝတ်လဲခွင့်ရ၏။ နှုတ်တိုက်အာဂုံဖြေဆိုရာ၌ အားအင် ကုန်ခန်းနာမကျန်းဖြစ်ကာပြီးစီးအောင် မဖြေနိုင်မည်ကို စိုးရိမ်သဖြင့် နေ့လွဲ ညစာအာဟာရဖြည့်တင်းခွင့်လည်းပြု၏။

လူဝတ်လဲထားသော ပုဂ္ဂိုလ်တို့ကို ပြိုင်ပွဲဝင်ရန် အတန်းအလိုက်ခွဲခြားပြီး ဘုရင်ကိုယ်တိုင် အဆင်တန်ဆာများ ချီးမြှင့်၏။ ပထမကျော်၊ ပထမလတ်၊ ပထမငယ် ဖြေဆိုမည့် ပြိုင်ပွဲဝင်သူတို့သည် သက်ဆိုင်ရာအဝတ်တန်ဆာတို့ကိုဝတ်ဆင်ပြီး ရွှေရထား၊ ရွှေမြင်းစီး၍ ရွှေထီးမိုးကာနောက်တော်ပါ အခြံအရံများစွာဖြင့် ခမ်းနားစွာပြင်ဆင်ထားသော သုဓမ္မာဇရပ်ဆီသို့ စာတော်ပြန်ပွဲလာရောက်ဆင်နွှဲကြလေသည်။

စာဖြေစဉ်အတွင်း လဲလှယ်ဝတ်ဆင်ရန် ခေါင်းပေါင်းပုဆိုး အင်္ကျီနှင့်မုန့်ဖိုးငွေများကို ဘုရင်ကချီးမြှင့်တော်မူသည်။ စစ်ဆေးပြီး သောအခါ စာတော်

ပြန်ပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာ၏။ မင်းတရားကြီး ကိုယ်တော်တိုင် ဆုချီးမြှင့်လေသည်။ စာတော်ပြန်ပွဲ မှာ သီပေါမင်းလက်ထက် အထိ အစဉ် အလာမပျက် နယုန်လဆန်းစရက်တွင် စတင်ကျင်းပလေ့ရှိ၏။ သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက်တွင် ၉နှစ်အဆက်ပြတ် သွားခဲ့ပြီး ၁၈၉၉ခုနှစ်တွင် ပြန်လည်ကျင်းပခွင့်ရခဲ့သည်။ ၁၈၉၆တွင် ဘုန်းတော်ကြီးများ သာမက လူဝတ်များကိုပင် ဖြေဆိုခွင့်ပေး ခဲ့၏။ ၁၉၀၁ခုတွင် သီလရှင်များကို ဖြေဆိုခွင့်ပြုကာ သီးခြားစစ်ဆေးခဲ့၏။ ရှေးဘုရင်များ သည် စာတော်ပြန်ပွဲကို သာသနာ့အာဇာနည်များပေါ် ထွက်ရန်ရည်သန် ကျင်းပပေးခဲ့ခြင်းဖြစ်လေ သည်။

စစ်ပြီးခေတ်တွင် ပါဠိတက္ကသိုလ်ကျောင်းများပေါ် ပေါက်လာသည်။ ၁၉၆၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံတော် အစိုးရကပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မစရိယစာမေးပွဲများအပြင် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ၊ အဘိဓမ္မာ စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတို့ကို နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ ယနေ့ထက် တိုင်ပင်ဖြစ်ပါသည်။

နယုန်လတွင် ရှေးမြန်မာမင်းအဆက်ဆက် 'လယ်ထွန်မင်္ဂလာ'ပွဲ များပြုလုပ်ခဲ့ကြပြန်သည်။ ထို့ကြောင့် တိုင်တားမြို့သူကြီးဦးဖတ်က 'သုဓမ္မာ ရိပ်သာမှာ၊ သဘင်စာသည်လ၊ မင်္ဂလာထွန်တော်ချလို့၊ သေနင်္ဂလေးအင် ထုံးစဉ်စံ သွေမခွတယ်၊ ဘုန်းရာမျှာထွတ်ထိပ်ဘုရင်'ဟု ဖွဲ့ဆိုခဲ့လေသည်။ ယမထာရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ခြေတော်တင်၊ နွားကြွန်စုံရှင်၊ ပျိုးခင်း ကိုဝင်၊ ကောင်းကင်ကရွှေပိန်ညင်းရယ်၊ မိုးခေါ် လို့ဆင်းဟူသည့် မြင်ကွင်းကို ထင်လင်းစေသော လနယုန်ဖြစ်ပါသည်။

နယုန်လပြည့်နေ့သည် 'မဟာသမယအခါတော်နေ့'ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် နယုန်လပြည့်နေ့တွင် စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့အား မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့

လေသည်။ အကြောင်းရင်းမှာ အိန္ဒိယနိုင်ငံ ကပ္ပိလဝတ်ပြည်မှ လယ်သမားများနှင့်ကောလိယပြည်မှ လယ်သမားတို့သည် ရောဟိနီမြစ်မှရေကိုသူရထိုက်သည်၊ ငါရထိုက်သည် အငြင်းပွါးလုယက်ကြရာမှ ပဋိပက္ခဖြစ်ကြလေသည်။ ထိုနေရာသို့ မြတ်ဗုဒ္ဓရောက်ရှိလာပြီး ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့ရာ မြတ်စွာဘုရား၏တရားတော်ကို နာကြားရသော နှစ်ဖက်တိုင်းပြည်မှ မင်းညီမင်းသား၊ စစ်သည်တော် လယ်သမား တိုင်းသူပြည်သားများစွာတို့သည် ဒေါသမီးငြိမ်းအေး၍ မေတ္တာဓါတ်များရရှိခဲ့လေသည်။

မင်းသားငါးရာတို့သည် သာသနာ့ဘောင်သို့ဝင်ရောက်ကြပြီး ရဟန်းဘဝမှ သောတာပန်တည်ကြသည်။ တရားဆက်လက်အားထုတ်၍ ရဟန္တာဘဝသို့ရောက်ကြသည်။ ထိုရဟန္တာငါးရာတို့သည် မိမိတို့ ရရှိပြီးသော တရားထူးကို မြတ်ဗုဒ္ဓဝမ်းမြောက် မှုရစေရန် လျှောက်ထားလိုခြင်းအလို့ငှါ နယုန်လပြည့်နေ့ ညချမ်းတွင် ဘုရားရှင်ထံ စုရုံးရောက်ရှိလာကြ လေသည်။ ထိုထူးခြားလှသော သံဃာ့ အစည်းအဝေးကို တွေ့မြင်ကြည်ညိုလိုကြသော၊ နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးဆီသို့ စုရုံးရောက်ရှိလာကြသည်။

ထိုနေ့တွင် ဘုရားရှင်က၊ မဟာသမယဆိုင်ရာ သုတ္တန်(၇)မျိုးကို ဟောကြားခဲ့လေရာ ထူးခြားလှသော နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ဟု ကင်ပွန်းတပ်ခဲ့ပါသည်။ မဟာသမယသုတ်ကို ရွတ်ဖတ်ခြင်းဖြင့် နက်များ၏ ချစ်ခင်မှုရကြောင်း၊ အိုးအိမ်သစ်တို့၌ မင်္ဂလာယူလိုသော် ဤသုတ်ကိုရွတ်ဖတ် သင့်ကြောင်း မှတ်သားရပါသည်။

နယုန်ကား မြေဆီစိုစိုတွင် သစ်ပင်စိုက်ရန်လည်း အကောင်းဆုံးလဖြစ်ပေသည်။ နယုန်မိုးသေးမြက်သားမွေးချိန်ကား ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ပူဇော်သဘင်ကျင်းပချိန်၊ ရာသီပန်းများဖြစ်သော စံပယ်နှင့် မြတ်လေးတို့ ဖူးပွင့်ဝေဆာချိန်၊ မဟာသမယအခါတော်နှင့် ကြုံ

ကြို့က်ချိန်၊ သစ်ပင်စိုက်ပျိုး ပတ်ဝန်းကျင် ထိန်းသိမ်းမှုများ ဆောင်ရွက်ချိန် မင်္ဂလာရှိလှသော လမြတ်ချိန်ခါ ဖြစ်ပေသည် -----॥

## ' လမြွက်ဝါဆို '

နိဒါန်း - ဝါဆိုလ၏ဖွဲ့ဆိုမှုများ

စာကိုယ် - ဝါဆိုဟူသောဝေါဟာရအဓိပ္ပါယ်
- ဝါဆိုလ၏ နက္ခတ်များ
- ဝါဆိုဝါခေါင်ရေဖောင်ဖောင်
- ရာသီပန်း
- ရာသီပွဲတော်
- ပျိုးခင်းပွဲတော်
- သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိကာ
- ဓမ္မစကြာအခါတော်နေ့
- အနတ္တလက္ခဏာအခါတော်နေ့
- ပဉ္စင်းခံပွဲများအစ
- ဝါဆိုပွဲ
- ဝါဆိုပန်းခူးခြင်း
- ဝါဆိုသင်္ကန်းကပ်လှူခြင်း
- ဝါတွင်းဥပုသ်

နိဂုံး - သစ်ပင်စိုက်ရန်အကောင်းဆုံးလ
ဂုဏပူဇော်သဘင်ကျင်းပရာလ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရမည့်
မင်္ဂလာရှိသော အချိန်ကာလဖြစ်ကြောင်း

## ' လမြတ်ဝါဆို '

မြန်မာနှစ်၏ စတုတ္ထမြောက်လ ဓာရကင့်ရာသီဟု ခေါ်အပ်သော ဝါဆိုလကား 'ကိုးခွင်ငယ်မှိုင်းပါလို့ မြင်တိုင်းမှာတဲ့ မဲညို၊ လွဲလွဲငယ်စို၊ ယုဂန္ဓိုရ် တောင်မဟာက ပြုဗ္ဗာသာင့်ထွန်းတဲ့လကိုလေး'ဟု မဟာအတုလမင်းကြီး ဖွဲ့ဆိုခဲ့သည့်အတိုင်း အာကာတစ်ခွင်မှုန်မှိုင်း၍ နွေတစ်ပိုင်းမိုးတစ်ပိုင်း ရောနှောနေသော အေးမြသည့်လတစ်လဖြစ်ပါသည်။ အေးမြသော မိုးရေကား မိကျောင်းပန်းကလေးများကို ဖွေးဖွေးဖြူစေ၏။ 'ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး'ဟု ဆိုရိုးရှိသကဲ့သို့ 'ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက သင်းလှတယ်လေး'ဟု ဆိုပြန်ပေရာ ဝါဆိုလတွင် ပုန်းညက်ပန်းတို့ ပွင့်လန်းမွှေးပျံ့လျက်ရှိပါသည်။

ဝါဆိုဟူသောဝေါဟာရတွင် 'ဝါ'သည် ပါဠိစကားလုံး 'ဝါသ'မှ ဆင်းသက်လာပြီး နေခြင်းဟုအဓိပ္ပါယ်ရ၏။ 'ဆို'မှာရွတ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့်ဝါဆို၏ အနက်သည် 'နေထိုင်ခြင်းကိုရွတ်ဆိုခြင်း'ဟူ၍ဖြစ်၏။ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဝိနည်းတော်အတိုင်း ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မသွားဘဲ တစ်ကျောင်းတစ်နေရာ၌ သီတင်းသုံးပါမည်ဟု ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကို ရည်ညွှန်း၍ ဤလကို 'ဝါဆိုလ'ဟု ခေါ်တွင်သည်ဟုဆိုပါသည်။

ဂါဆို

ရေးအခါက ဤလကို 'မြွယ်တာလ'၊ 'နွယ်တာလ'၊ 'နွေတာလ'ဟုလည်း ခေါ်ကြသည်။ ဤတွင် 'နွေ'နှင့် 'နွယ်' သည် ဂိမှာန 'နွေရာသီ'ကိုခေါ်ဆို၍ 'တာ'မှာ 'အပိုင်းအခြား'၊ 'အကူးအ ပြောင်း'ဟူ အနက်ရ၏။ ထို့ကြောင့် နွေမှမိုးသို့ကူးပြောင်းသောလဟု ဆိုလို သည်။ ဤလတွင်ရက်ပေါင်း(၃၀)ရှိကာ နာရီအားဖြင့် နေ့၁၃၆နာရီ ညဦး ၄၄ နာရီရှိသဖြင့် နေ့တာအရှည်ဆုံး၊ ညတာအတိုဆုံးလဖြစ်သည်။ ပြုဗ္ဗာသာဠ် နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်တွင် ယှဉ်ပြိုင်ထွန်းပ သည်။ ဖုသျှနက္ခတ်သည် နေမင်းနှင့်ယှဉ်ပြိုင်၏။ ရာသီရုပ်မှာ ပုဇွန်လုံး ဂဏန်းသတ္တဝါပုံဖြစ်၏။

'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'မှာသကဲ့သို့ မိုးဖြိုင်ဖြိုင်ရွာနေပြီဖြစ် သော ဤလရာသီတွင် မိုးနှင့်အတူပွင့်ဖူးလာကြသည့် ရာသီပန်းနှင့် ကျင်းပလေ့ ရှိသော ပွဲတော်သည်ကား 'ပန်းများလှိုင်ကြွ ၊ မဉ္ဇူရွှေသက်၊ ပုန်းညက်ကြိုင် သင်း၊ ပဉ္စင်းတော်ပွဲ၊ သဲသဲအုတ်အော်'ဟု စာဆိုတော်ဦးယာဖွဲ့ နွဲ့ခဲ့သကဲ့သို့ ပုန်းညက်ပန်းနှင့် ပဉ္စင်းခံပွဲတော်တို့ဖြစ်ကြသည်။ ဝါဆိုလကား လယ်ယာမြေတစ်ခွင် ထွန်စက်သံတညံညံဖြင့် နွားကြန်စုံတို့အားကုန်ထုတ်ချိန် ဖြစ်ပေသည်။

မိုးရေတက်ရေတဖွေးဖွေးကွင်းကျယ်အဝေးဝေး၌ လယ်စောင့်တဲ ခြေတံရှည်ကလေးသည် မိုးကုပ်စက်ဝိုင်းအောက်တွင် ကြာနီကြာဖြူပွင့်တို့နှင့် အတူ တင့်တယ်လှသော အခါသမယဖြစ်သည်။ မိုးဦးကာလ မိုးကြိုတေးသံတို့ ဖြင့် စည်ပင်သာယာသော လယ်ယာမြေကို ဝါဆိုဦးတွင် မြင်တွေ့ရပေသည်။ မြို့ကြီးများ၌လည်း မိုးရာသီ စိုက်ပျိုးပွဲတော်၊ မျိုးခင်းဈေးပွဲတော်တို့ ကျင်းပ လေ့ရှိကြပါ၏။

'သနွေတောထွက်၊ မမွေစက်၊ တစ်ချက်ပြာဋိဟာ'ဟူသော စကား အတိုင်း ဝါဆိုလပြည့်နေ့တွင် ဘုရားရှင် သည် ပဋိသန္ဓေယူခဲ့၏။ တောထွက်

ခဲ့၏။ ဓမ္မစကြာတရားဦးကို ဟောခဲ့၏။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူခဲ့၏။ ဤတွင်ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားက ပဥ္စဝဂ္ဂီငါးပါးတို့အား နှေဝင်လထွက်အချိန်၌ ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့ရာ ထိုဒေသနာတရားတော်မှာ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓဘာသာရဟန်းရှင်လူအပေါင်းတို့သည် ဓမ္မစကြာတရားကို အထူးအာရုံပြုကာ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဓမ္မစကြာဝတ်အသင်းများ ရပ်ကွက်မြို့ရွာအနှံ့ ပေါ်ထွန်းလာခဲ့သည်။ ထိုသို့ဟောကြားတော်မူခဲ့သော ဝါဆိုလပြည့်နေ့ကိုလည်း 'ဓမ္မစကြာအခါတော်နေ့' အဖြစ် အထိမ်းအမှတ်ပြုကာ ကျင်းပလေ့ရှိကြသည်။

ဝါဆိုလပြည့်ကျော် (၁)ရက်တွင် ရဟန်းသံဃာတို့ ပုရိမ ဝါကပ်ဆိုတော်မူကြသည်။ ဝါဆိုလပြည့်ကျော် ( ၅ )ရက်ကိုမူ ' အနတ္တလက္ခဏာအခါတော်နေ့' ဟုဆိုကြသည်။ အကြောင်းရင်းမှာ မြတ်စွာဘုရားသည် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောတွင် သစ္စာတရားလေးပါးနှင့် မဇ္ဈိမပဋိပဒာလမ်းစဉ်ကို ညွှန်ပြလျှက် ဝါဆိုလပြည့်နေ့တွင် ရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော် (၁)ရက်တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် (၂)ရက်တွင် အရှင်ဘဒ္ဒိယ၊ဝါဆိုလပြည့်ကျော် (၃)ရက်နေ့တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် (၄)ရက်နေ့တွင်အရှင်အဿဇိတို့ကို နေ့ရက်အစဉ်ထေရ်အစဉ်ဖြင့် သောတာပန်ဖြစ်တော်မူစေသည်။ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင်ကား 'အနတ္တလက္ခဏာသုတ်တော်' ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ ပဥ္စဝဂ္ဂီငါးပါးစလုံး ရဟန္တာများဖြစ်ကုန်ကြလေသည်။ ထို့ကြောင့်ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ကို အနတ္တလက္ခဏာအခါတော်နေ့ဟု သတ်မှတ်ကာ သုတ်တော်ကို ရွတ်ဖတ်ပူဇော်လေ့ရှိကြလေသည်။

ထို့သို့ဝါဆိုလတွင် ပဥ္စဝဂ္ဂီ (၅)ပါး ရဟန္တာဖြစ်ကြသည်ကို အထွဋ်အမြတ်ပြုကာ ထိုလ၌ ပဥ္စင်းခံ၊ ရှင်ပြုပွဲများ ဗြိမ့်ဗြိမ့်သဲ ကျင်းပခဲ့ကြလေသည်။

ပဥ္စင်းခံပွဲများမှာ ပုဂံခေတ်ကပင် ရှိခဲ့ပြီးဖြစ်သည်။ သက္ကရာဇ် (၅၇၅)ခုဌ် ရေးထိုးသော သံလျှအိုကပ် သင်ချင်ကျောက်စာ၌ 'သားပဥ္စင်းခံ၍ ဗာရားဦး နာသရော ကျွန်၊ နွား၊ ဥစ္စာပေး၏'ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ပဥ္စင်းခံရှင်ပြုပွဲများသည် ရှေးမြန်မာမင်းတို့လက်ထက်မှ ယနေ့ထက်တိုင် ထိမ်းသိမ်းထားနိုင်သော ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပေသည်။

ယနေ့ခေတ်အခါ 'ဝါဆိုပွဲ'ဟု ခေါ်တွင်သော ထိုကာလတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း၊ သက်ကြီးဝါကြီးတို့အား ပူဇော်ကန်တော့ခြင်း၊ ဝါဆိုပန်းခူးထွက်၍ ဘုရားစေတီများတွင် ကပ်လှူခြင်း တို့ပြုလုပ်ကြလေသည်။ 'စိန်ရွှေမွမ်းမံ၊ ကညာပျိုအံ့လှမယ်တို့၊ အိမ်ခြေဝန်းရံ ရာဇဂြိုလ်တမျှနှယ်သို့ ဝါဆိုလထုံး မပျက်တမ်းသာပ၊ ပုန်းညက်ပန်း ဘုရားလှူ ချိန်မို့'ဟူ၍ ဝါဆိုလဘွဲ့ကို ဖွဲ့ဆိုထားလေသည်။

ဝါဆိုသင်္ကန်းကပ်သည့် ဓလေ့မှာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ် လာတစ်ခုဖြစ်ပါသည်။ ဝါဆိုသင်္ကန်းကို ဝါဆိုလဆန်း (၁)ရက်မှ ဝါဆိုလပြည့် နေ့အတွင်း သံဃာတော်များ ဝါမဆိုမီ ဆပ်ကပ်လှူဒါန်းလေ့ရှိကြပါသည်။ ဝါလတွင် သီတင်းသုံးကြမည့် သံဃာတော်များအတွက် မင်္ဂလာရှိသောအလှူ ဖြစ်သည်။ ဝါတွင်းကာလများတွင် ဘုရားကျောင်းကန် စေတီပုထိုးတို့၌ ဆွမ်းအုပ်၊ ဆွမ်းတောင်း၊ ဆွမ်းချိုင့် ကိုယ်စီဖြင့် ဥပုသ်သီလ ဆောက်တည်ကြ သူမှာလည်း များပြားလှပါသည်။

လမြတ်ဝါဆိုဟု ဆိုရလောက်အောင်ပင် ဝါဆိုလမြတ်သည် ဥမ္မစကြာဝတ်ရွတ်သံများ၊ အနတ္တလက္ခဏသုတ်ပွားများ သံများ၊ သက်ကြီးပူဇော် ပွဲများ၊ ပဥ္စင်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာပွဲများဖြင့် တင့်တယ်၍ ကျက်သရေမင်္ဂလာရှိသော လတစ်လဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ သာသနာကို ထိန်းသိမ်းဆက်ခံစောင့်ရှောက်သည့် လမြတ်ဝါဆို ကား လယ်ယာမြေများ စတင် ထွန်ယက် မျိုးထောင်၍ စားနပ်ရိက္ခာ၏

ကောင်းသောအစကို ဖန်တီးပေးသော အေးချမ်းလှသည့် လဖြစ်ပေရာ 'ယောကျ်ားဝါဆို'ဟုပင် အမွှန်အမြတ် ပြုအပ်ခဲ့ကြလေသည်။ ယောကျ်ားကောင်းယောကျ်ားမြတ်တို့ ပေါ်ထွန်းအောင်မြင်သော လပေတကား ----။

‘ ဝါခေါင်မိုးစိပ်ထွန်တုံးပိတ် ’

နိဒါန်း - ဝါခေါင်လ၏အဖွင့်

စာကိုယ် - ဝါခေါင်ဟူသောဝေါဟာရ
- ဝါခေါင်လ၏နက္ခတ်များ
- ရာသီပန်းနှင့်ကျင်းပသောပွဲတော်
- စာရေးတံပွဲ၏အစ ကဿပဘုရားရှင်
- ပုဂံခေတ်စာရေးတံအလှူ
- မေတ္တာအခါတော်နေ့
- မေတ္တာသုတ်ကို ရွတ်ဖတ်ခြင်းအကျိုး
- တောင်ပြုန်းပွဲတော်
- ဝါခေါင်မိုး - အထက်ပိုင်းမိုးကြီး
- အလယ်ပိုင်းမိုးခေါင်
- အောက်ပိုင်းမိုးသည်းထန်
- ရေလျှံမှုအန္တရာယ်ကာကွယ်

နိဂုံး - မေတ္တာတရား၏ အထိမ်းအမှတ်
အေးချမ်းသောလဖြစ်ကြောင်း

## ' ဝါခေါင်မိုးစိပ်ထွန်တုံးပိတ် '

မိုးစိပ်စိပ်ရွာသည့် ဝါခေါင်လသည်ကား လယ်သမားများအတွက် ထွန်ယက်စိုက်ပျိုးသော လုပ်ငန်းပြီးဆုံး၍ ထွန်တုံးပိတ်ချိန်ဖြစ်ပေသည်။ သိသ်ရာသီဟုခေါ် အပ်သော ဝါခေါင်လကား 'ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း'ဟု ဆိုရိုးရှိသည်နှင့်အညီ ဝါခေါင်လတွင် အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ပွင့်ကြသည်။ မိုးမှာမူ မရွာတတ်၊ ရွာပါလျှင်လည်း မိုးမသည်းတတ်ပေ။ မြန်မာနိုင်ငံအထက်ပိုင်းတွင်မူ မိုးအားရပါးရ ရွာချသောကြောင့် မိုးသားမိုးရေများ ချောင်းပြည့်၊ ကန်ပြည့်၊ မြစ်ရေလျှံပြည့်လာတတ်ပြန်ရာ 'ဝါဆိုဝါခေါင်ရေဖောင်ဖောင်'ဟုဆိုကြရပြန်သည်။ 'ဝါဆိုဝါခေါင် ရေတွေကြီးလို့ တပြေသီးမှည့်ကောက်စို့ကွယ်၊ ခရားဆူးခြုံ ဟိုအထဲက မျှော့နက်မည်းကြီးတွယ်တတ်တယ်' ဟူသော ကလေးငယ်တို့၏ အော်ဟစ်ရေရွတ်သံကလည်း ဝါခေါင်မိုးကို ကြိုဆိုလျှက်ရှိသည်။

'ဝါခေါင်'ဟူသော ဝေါဟာရတွင် 'ဝါ' သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်၍ 'ခေါင်'သည် အလယ်ဗဟိုဖြစ်သည်။ ဤလကို ရှေးက 'နံကာလ'ဟု လည်းခေါ်သည်။ 'ကတ္တရီ၊ ခတ္တာ၊ ပင်တိုင်းဖြာသား၊ နံကာဆန်းစ၊ ဝါခေါင်လ'ဟူ၍ ဆီသည်ရွာစားဦးအောင်ကြီးက ဖွဲ့ဆိုခဲ့သည်။ နံကာဟူသည်မှာ လယ်ထွန်ချိန်၊ ပျိုးစိုက်ချိန်ဖြစ်သည်။ သိဟ်ရာသီမှာမူသီဟဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာ၏၊ ခြင်္သေ့သဏ္ဍာန်ရှိသော ကြယ်အစုဟုဆိုလိုပေသည်။ သရဝဏ်ခေါ် ဓနသိဒ္ဓိ နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြည့်ကာ

ဖျိုးတာရာ ထွန်းပသည့်လဖြစ်ပြီး ရာသီရုပ်မှာ ခြသေ့ဖြစ်သည် ဤလကား ရက်မစုံ (၂၉)ရက် ရှိ၍ နာရီအားဖြင့် နေ့၃၄၊ ညဥ့်၂၆နာရီရှိကား နေ့တာရှည်၍ ညတာတိုသောလဖြစ်သည်။

မိုးလျှိုင်လျှိုင်ရွာနေပြီးဖြစ်သော ဤလရာသီတွင် မိုးရေအဖြန်း၌ ပွင့်လန်းလာကြသည့် ရာသီပန်းနှင့် ကျင်းပလေ့ရှိသော ပွဲတော်တို့ကား 'ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညာပွင့်ကြူ တိုင်းပြည်သူတို့ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့'ဟူသည့် မဟာအတုလမင်းကြီး၏ လွမ်းချင်းအတိုင်း ခတ္တာပန်းနှင့် စာရေးကံပွဲတော်တို့ ဖြစ်ပါသည်။ စာရေးတံပွဲ၏ အစကား ကဿပ ဘုရားရှင်လက်ထက်တွင် ဖြစ်သည်ဟုမှတ်သားရပါသည်။ တစ်နေ့သ၌ ကဿပဘုရားရှင်သည် ရဟန်းသံဃာအပေါင်း ခြံရံကာ ဗာရာဏသီမြို့သို့ ကြွချီတော်မူလေ၏။ မြို့သူမြို့သားတို့သည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာများကို မိမိတို့တတ်နိုင်သလောက် ပင့်ဖိတ်ကား ဆွမ်းလုပ်ကျွေးကြ၏။ တစ်နေ့ ဆွမ်းစားပြီးသောအခါ ဘုရားရှင်သည် လူတို့အား ဒါနနှင့်ပတ်သက်၍ မိမိ ကိုယ်တိုင်လည်း လှူပြီးလျှင် သူတစ်ပါးကိုလည်းလှူရန် တိုက်တွန်းပါက ဖြစ်လေရာဘဝတိုင်းတွင် စည်းစိမ်ဥစ္စာအခြံအရံများတတ်ကြောင်းကို ဟောတော်မူလေသည်။ ထို့အခါ ဒါယိကာတစ်ဦးက နိဗ္ဗာန်ဆော်လုပ်ရန် ဆုံးဖြတ်လိုက်၏။ အလှူဒါနပြုကြရန် ဆော်ဩ၏။ မည်သည့်နေ့ သံဃာမည်မျှစသည်တို့ကိုလည်း စာရင်းမှတ်၏။ လှူမည့်နေ့၌ စာရင်းအလျောက် လိုအပ်သလောက် သံဃာတို့ကို စာရေးတံမဲနှိုက်၍ပင့်၏။ ဤကာလစ၍ စာရေးတံပွဲ စတင် ပေါ်ပေါက်သည်ဟု သိရ၏။

ဝါခေါင်လသည်ကား သံဃာတော်များ စုဝေးတည်ရှိ ဝါကပ်ချိန်ဖြစ်၍ ဆွမ်းကိစ္စလွယ်ကူစေရန် ရှေးမြန်မာများက စာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့ကြသည်။ နောင်သော် စာရေးတံမဲပွဲသည် ဝါခေါင်လ၏ရာသီပွဲတော် ဖြစ်လာလေသည်။ စာရေးတံမဲပွဲကို ပုဂံခေတ်ကပင်မြန်မာတို့၌ ကျင်းပခဲ့သည် ဟုဆိုနိုင်သည်။ ပုဂံမြို့ စောလှဝန်းဘုရားကျောက်စာတွင် 'မိဖုန်၊ သင်ကြန်၊ စာရိယ်၊ ညောင်ရိဟ်သွန် မပြတ်စိယ်လျှင်တည်၏'ဟု ရေးထိုးထားရာစာရိယ် ဟူသောဝေါဟာရမှာ စာရေးတံအလှူကို ဆိုလိုသည်။ ခေတ်အဆက်ဆက်

တွင် စာရေးတံပွဲတော်ကို အစဉ်အလာအရ ကျင်းပလှူတန်းကြရာတွင် နောင်အခါ ဆွမ်းအလှူသာမကတော့ပဲ မိမိတို့စေတနာသဒ္ဓါတရားအလျှောက် ပရိက္ခရာရှစ်ပါးနှင့်တစ်ကွ ရဟန်းအသုံးအဆောင် ပစ္စည်းအစုံကိုပဒေသာပင်များသီး၍ စာရေးတံမဲချကာ လှူတန်းပွဲများ ကျင်းပကြလေသည်။

ဝါခေါင်လတွင်ကျင်းပသော အခါတော်နေ့ကာ မေတ္တာအခါတော်နေ့ဖြစ်၍ ဝါခေါင်လပြည့်နေ့တွင်ကျင်းပလေ့ရှိပါသည်။ အကြောင်းရင်းမှာ ဂေါတမဘုရားရှင်လက်ထက်တော်က ရဟန်းတော် (၅၀၀)တို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားတော်များကို ဆောင်ကျဉ်း၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ်ကြလေသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် တောအုပ်အတွင်းရှိ နတ်အချို့မှာ တောအုပ်အတွင်း မနေနိုင်တော့ဘဲ နေရာဖယ်ပေးရလေသည်။ ထို့အခါ နတ်အချို့က မကျေမနပ်ဖြစ်၍ ရဟန်းတော်တို့ကို အမျိုးမျိုးခြောက်လှန့် နှောက်ယှက်ကြသောကြောင့် ရဟန်းတော်တို့မှာ တရားကို ကောင်းမွန်စွာ နှလုံးမသွင်းနိုင်ဖြစ်ရလေသည်။ ထို့ကြောင့် ဝါတွင်းကာလမှာပင် မြတ်ဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူကြလေသည်။ ထို့အခါဘုရားရှင်က တောအုပ်အတွင်းသို့ လိုက်ခဲ့ပြီး မေတ္တာသုတ် ဒေသနာတော်ကို ဟောကြားတော်မူသည်။ ထိုမေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်လာပြီး ငြိမ်းချမ်းစွာ တရားကျင့်နိုင်ခဲ့သည်။

ရဟန်းတော် (၅၀၀)တို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားကို ပွားများခဲ့၍ ဝိပဿနာတရားတော်ကိုအားထုတ်ကြရာ ဝါမကျွတ်မီ ရဟန္တာများဖြစ်တော်မူကုန်ကြလေသည်။ ဤသည်ကိုအစွဲပြု၍ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့ကျင်းပခဲ့ခြင်းဖြစ်လေသည်။ မေတ္တာတရား၏ အောင်မြင်မှုကားများပြားလှပါဘိသည်။ ထို့ကြောင့်လည်း မေတ္တာသုတ်ကို နေ့ညမဟူ ရွတ်ဖတ်သင့်သည်ဟု ဆိုပါသည်။

မြန်မာတို့၏ ဓလေ့ထုံးစံ ရိုးရာနတ်ပွဲတော်ဖြစ်သော တောင်ပြုန်းပွဲတော်ကိုလည်း ဝါခေါင်လ၌ ကျင်းပလေ့ရှိပါသည်။ စာဆိုတော်ဦးအောင်ကြီး၏ ဝါခေါင်လ လူးတားတွင် ' ရှေးကထိမ်းမှတ်၊ ညီနောင်နတ်အား၊ ရိုညွတ်

သောင်းဆဲ၊ တတ်စမြဲနှင့်'ဟုစပ်ဆိုခဲ့ပေသည်။ တောင်ပြုန်းနတ်ပွဲသည် ပုဂံခေတ်အနော်ရထာမင်း လက်ထက်ကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ တောင်ပြုန်းမင်းညီနောင်ဆိုသည်မှာ သူရဲကောင်း ဗျတ်ဝိ၊ ဗျတ္တ ညီနောင်နှစ်ပါးအနက် ညီတော်ဗျတ္တနှင့် ပုပ္ပါးတောင်မှ ပန်းစားဘီးလူးမ မယ်ဝဏ္ဏတို့ သင့်မြတ်ရာမှရရှိသော သားတော်နှစ်ပါးဖြစ်ပေသည်။ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်အမည်ပေးကာ အပါးတော်တွင်ခစားစေသည်။ အနော်ရထာမင်း စွယ်တော်ပင့်ရာမှအပြန် ကျော်စည်အရပ်သို့ရောက်တော်မူလျှင် ရွှေဖျဉ်းညီနောင်ကို အမျက်တော်ရှမိရာမှ ဝါးရင်းတုတ်အရပ်၌ လက်ပါးစေတို့က လက်လွန် ကွပ်မျက်လိုက်လေသည်။ အနော်ရထာမင်းဖောင်စီး၍ ပြန်တော်မူရာ ရွှေဖျဉ်းညီနောင် နတ်ဖြစ်၍ တက်မကိုကိုင်ကား တားလေ၏။

ဖောင်တော်မသွား၍ ပညာရှိများကို မေးမြန်းရာ ညီနောင်နှစ်ပါးသည် အမှုတော်ထမ်းခဲ့ကြပြီး ကျေးဇူးတော်မခံစားရသောကြောင့်ဟု လျှောက်တင်ရာ အနော်ရထာမင်းက 'တောင်ပြုန်းရွာကောင်းမှုတော် ဆုတောင်းပြည့်ဘုရား၌ နတ်ကွန်းနတ်နန်းဆောက်၍စံစေ။ လူတို့ပူဇော်ရာဖြစ်စေ'ဟု မိန့်တော်မူခဲ့သည်။ ထိုအခါမှစ၍ တောင်ပြုန်းမင်းညီနောင်နှစ်ပါးကို နှစ်စဉ်ပွဲလမ်းကြီးစွာ ပူဇော်ပသခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်၏။ တောင်ပြုန်းရွာကိုအစွဲပြုခေါ်ဝေါ်သော တောင်ပြုန်းနတ်ပွဲကား ဝါခေါင်လ၏အထင်အရှားအစည်ကားဆုံးသော ပွဲတော်တစ်ခုဖြစ်၏။ အနယ်နယ်အရပ်ရပ်မှ တောင်ပြုန်းမင်းတို့အား လာရောက်ပူဇော်ပသ ဆုတောင်းကြလေသည်။ နတ်ကိုးကွယ်မှု ဓလေ့ထုံးစံမှာ မြန်မာလူမျိုးများတွင် ယခုတိုင်တည်ရှိနေသော ယုံကြည်မှုဖြစ်ပေသည်။

ဝါခေါင်လကား မြန်မာနိုင်ငံ အောက်ပိုင်း၌ မိုးသည်း ထန်သောလဖြစ်သည်။ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းတို့ ကြုံရတတ်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသ၊ မြစ်ချောင်း များနှင့် နီးကပ်သောဒေသတို့တွင် ဒီရေတက်ခြင်း ရေလျှံခြင်းတို့၏ အန္တရာယ်ကို ကြုံတင်ကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ မိုးတပ်ကြီးချိတက်လာသောကြောင့် ချောင်းရေလျှံ မြစ်ရေတို့က လယ်ယာမြေတို့ ပျက်စီး

တတ်ပေရာ တာဘောင်ရိုး များ စစ်ဆေးခြင်း၊ ကင်းများထားရှိခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ ချခြင်းတို့ဖြင့် ကြိုတင်ကာကွယ်ရလေသည်။

မည်သို့ဆိုစေ ဝါခေါင်သည်ကား မေတ္တာတရား၏ အထိမ်းအမှတ် အေးချမ်းသော နိမိတ်ပုံကိုဆောင်သည့် မင်္ဂလာရှိသောလမြတ်ဖြစ်ပါသည် ----။

## ' တော်သလင်းနှင့်လှေခင်းသဘင် '

နိဒါန်း - တော်သလင်းလ၏ဖွင့်ဆိုမှုများ

စာကိုယ် - တော်သလင်း၏ဝေါဟာရ
- နက္ခတ်နှင့်ရာသီပန်း
- ရာသီရုပ်နှင့်ရာသီသဘင်
- သစ်ဆင်းပွဲသရုပ်
- လှေပြိုင်ပွဲသရုပ်
- ဂရုမမ္ဘအခါတော်နေ့
- ငါးပါးသီလမြဲကြစေရန်နှိုးဆော်
- ရှင်ဥပဂုတ္တရဟန္တာ မီးမျှော်ပူဇော်ပွဲ
- ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ
- ကွမ်းစိုက်သည့်လ
- စားဖိုဆင်းရဲသည့်လ
- မြစ်နဒီတွင်းသင်ဖြူခင်းသည့်လ

နိဂုံး - ဘက်ပေါင်းစုံညီမျှစည်သာသောလဖြစ်သည်

## ' တော်သလင်းနှင့်လှေခင်းသဘင် '

မြန်မာနှစ်၏အလယ် ကံရာသီဟုခေါ်ဆိုအပ်သော တော်သလင်းလကား 'တော်သလင်းမြစ်တွင်းသင်ဖြူခင်း' ဟူသည့်အတိုင်း ကြည်လင်သောမြစ်ပြင်ကား သင်ဖြူးခင်းထားသည့်အလား ပြန့်ပြူးငြိမ်သက်၍ လှိုင်းလေကင်းရှင်းလျက် ရှိနေသကဲ့သို့ ကောင်းကင်တွင်လည်း နေမင်းကြီးက တိမ်ညိုတိမ်မည်းတို့ကို ဖယ်ရှားကား တိမ်ကင်းစင်စင် နေရှိန်ပြင်းပြင်းဖြင့် 'တော်သလင်းနေ ပုဇွန်သေ'ဟု တင်စားရလောက်အောင်ပင် အစွမ်းပြနေသောလဖြစ်လေသည်။ သို့သော်လည်း တော်သလင်းကား မိုးတွင်းရာသီပင်ရှိသေးသောကြောင့် မုန်တိုင်းဝင်ချိန်၊ လေဆင်ချိန်တွင် အရှိန်အဟုန်ကြီးကြီးဖြင့် မိုးသည်းသည်း ရွာချတတ်ပေသေးရာ တော်သလင်းမိုးကြောင့် လယ်ကန်သင်းများပင် ကျိုးရတတ်သဖြင့် 'တော်သလင်းမိုးကန်သင်းကျိုး'ဟူ၍လည်း စာဖွဲ့ခဲ့ကြပြန်သည်။

တော်သလင်းဟူသော ဝေါဟာရသည် 'တောသလ' နှစ်သက်ရန်စွမ်းနိုင်ခြင်း ဟူသော ပါဠိဘာသာစကားမှဆင်းသက်လာ၍ 'လယ်ယာလုပ်သားတို့အားနှစ်သက်မှုပြုသောလ'ဟုအဓိပ္ပါယ်ရလေသည်။ အချို့မှု မြန်မာဆန်ဆန်တွေးဆကြပြန်ရာ တော်သလင်းတွင် 'တော်'မှာ အမြင့်ကောင်းကင်ဖြစ်ပြီး 'သလင်း'မှာ သာလင်း (သာယာထွန်းလင်းခြင်း)ဖြစ်လေ၏။ ထို့ကြောင့် တော်သလင်းဟူသည် ကောင်းကင်တစ်ခွင် သာယာကြည်လင်သောလဟုဆိုကြ၏။

ဤလတွင် ရက်ပေါင်း(၃၀)ရှိပြီး နာရီအားဖြင့် နေ့၁၂နာရီ၊ ညဉ့်

၂၈နာရီရှိကာ နေ့တာရှည်၍ ညတာတိုသောလဖြစ်သည်။ လပြည့်ဝန်းသည် ပြုဟ္ဟာဘဒြနက္ခတ်နှင့် ယှဉ်ပြီး ဖလဂုဏီ နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဗျိုင်းတာရာ ထွန်းပကာ ရာသီရုပ်မှာ ကညာပျိုရုပ်ဖြစ်သည်။ ကန်ရာသီဟူသည်မှာ ကညာရာသီဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး မိန်းမငယ်ဟုအဓိပ္ပါယ်ရလေသည်။ 'တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်လျက်'ဟု ဖွဲ့ဆိုထားသောဆီသည် ရှာစားဦးအောင်ကြီး၏ လူးတားအရ တော်သလင်းလ၏ ပွဲတော်မှာ ပန်းလုသဘင်ခေါ် လှေသဘင်ပွဲနှင့် သစ်ဆင်းပွဲတို့ဖြစ်သည်။ 'တော်သလင်းဆီ၊ ကန်ရာသီ၊ ထွန်းချီဘဒြ၊ ရင်းမာလှိုင်မြဲ၊ ခိုင်လုံးတွဲ၊ လှေပွဲသဘင်ပ'ဟု ဖွဲ့ဆိုထားလေ၏။

သစ်ဆင်းပွဲဆိုသည်မှာ မြစ်ညာမှ ခုတ်ထွင်ထားသော သစ်ဝါးများကို မြစ်အကြောသို့ မျှောချသောပွဲသဘင်ဖြစ်သည်။ မင်းရဲကျော်စွာ ချေင်းတွင် 'ဖြန့်လွှစကြာ၊ ရိပ်ဖြူကာလျက်၊ အာကာဘုန်းထင်၊ ချောင်းသစ်တွင်မူ၊ သဘင်ပန်းလု၊ ခါရထုဖြင့်၊ ပျော်မှုခံခင်း၊ တော်သလင်းတုံ၊ သစ်ဆင်းအခါ၊ ပျော်ဘွယ်သာတီ၊ ဗိုလ်ပါထွေပြီး၊ သဘင်ကြီး၌၊ မငြီးရှုရာ'ဟု စာဖွဲ့ဆိုထားပေရာ သစ်ဆင်းပွဲသည် ခမ်းနားသော သဘင်ပွဲတော်တစ်ခုဖြစ်ပြီး၊ မင်းနှင့်ဗိုလ်ပါအများ ကြည့်ရှုပျော်ပွဲခံသော ပွဲတော်ဟု သိရှိရပေသည်။ အင်းဝခေတ်နှောင်းပိုင်းတွင် သစ်ဆင်းပွဲအစဉ်အလာ ပျောက်ကွယ်သွားခဲ့ပြီး ယနေ့ထက်တိုင် တည်ရှိနေသော တော်သလင်းလ၏ ပွဲတော်ကားလှေပြိုင်ပွဲပင် ဖြစ်ပါသည်။

လှေပြိုင်ပွဲကို မြစ်ယံပွဲ၊ ပန်းလုသဘင်၏ ခေါ်ဆိုပြီး ဘုရင်များကိုယ်တိုင် ချီးမြှောက်လေ့ရှိသည်ဟု သိရပါသည်။ တစ်ခါကဘိုးတော်ဘုရားနှင့် မိဖုရားတို့၏ လှေများပင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မိဖုရားကြီး၏ လှေကအနိုင်ရခဲ့သည်ဟု ဆိုသည်။ တရုတ်သံရောက် မော်ကွန်းတွင် ဘကြီးတော်မင်းတရားသည် လှေပွဲကို အထူးစီမံကာ တရုတ်သံများကို ရှုစားစေခဲ့သည်ဟုဆို၏။

လှေပြိုင်ပွဲတွင် လှေလှော်သားတို့သည် တစ်လှေနှင့်တစ်လှေအရောင်ချင်းကွဲသော ဝတ်စားတန်ဆာများကို ဝတ်ဆင်လေ့ရှိ၏။ သူ့တို့သည်

ဦးထုပ်လက်ကြပ် ချူးပန်းစသည့် အဆင်တန်ဆာတို့ကို ဆင်ကာ လှေလှော်ကြသည်ဟုသိရ၏။ ထိုပြိုင်လှေတို့ကိုလည်း ပြည်ကြီးမွန်၊ သာလိကာ၊ သရဖီမာန်စသည်ဖြင့် အမည်ပေးကာ အဆင်တန်ဆာများဖြင့် မွမ်းမံကြရသည်ဆို၏။ တရုတ်သံရောက် မော်ကွန်းလာပြည်ကြီးမွန် လှေတွင်ဦးမှပဲ့အထိ အရုပ်ပေါင်း ၅၀ ထုထွင်းထားသည်ဆို၏။

ပြိုင်လှေတို့သည် ပန်းတိုင်ရှိ ရွှေသားစက်ကွင်းတို့ ဦးဆုံးထိုးဖောက်နိုင်ရန် အားသွန်ခွန်စိုက် လှော်ခတ်ကြရ၏။ ရွှေသားစက်ကွင်းဟူသည်မှာ ရွှေဝါရောင်စက္ကူတွင် အလယ်၌ အမည်းစက်ကွင်းရေး၍ ပန်းတိုင်နေရာတွင်ထားသောအရာဖြစ်သည်။ ပြိုင်ပွဲတွင် လှော်ကား လှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေ၊ ရဲလှေ စသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ပွဲဝင်စေသည်။ တာမှထွက်သည်နှင့် အိုးစည်ဗုံမောင်းသံတို့ဖြင့် တီးခတ်အားပေးကြလေသည်။ လှေပြိုင်ပွဲပြီးသောအခါလှေရေး၊ တက်ရေး တို့ကိုစုန်ကာဆန်ကာ ဟန်ပါပါပြလှေ့ရှိကြပြန်သည်။ ရွှေဘုံနိဒါန်း အရဆိုရလျှင် တက်ရေ (၃၇)မျိုးရှိသည်ဟု သိရ၏။ အမြော်အမြင်ကြီးသော ရှေးမြန်မာဘုရင်တို့သည် အထက်ပါကဲ့သို့ လှေပွဲသဘင်ကို 'ရေကြောင်း၊ လှေကြောင်း လည်းကျွမ်းကျင်ကြစေ၊ ပျော်လည်းပျော်ရွှင်ကြစေ' ဟူသော သဘောဖြင့် ကျင်းပပေးခဲ့ကြခြင်းဖြစ်သည်။ ယနေ့ထက်တိုင် အချို့သောအရပ်ဒေသတို့တွင် ဤပွဲသဘင်ကို အစဉ်အလာမပျက်ဆက်လက်ကျင်းပလျှက်ရှိပေသည်။

တော်သလင်းလပြည့်နေ့သည်ကား 'ဂရုဓမ္မအခါတော်နေ့' ဖြစ်သည်။ အကြောင်းရင်းမှာ ဂေါတမဘုရားရှင်လက်ထက်တွင် အိန္ဒိယနိုင်ငံ ကုရုတိုင်းပြည်၌ မိုးလေဝသမှန်ကန်ပြီး ကပ်ကြီးသုံးပါး လွတ်ကင်းလျှက်ရှိသော်လည်း ကာလိင်္ဂတိုင်းပြည်၌မူ မိုးခေါင်ပြီး ကပ်ကြီးသုံးပါး ဆိုက်ရောက်ကာ ဒုက္ခရောက်လျက်ရှိသည်။ ရှေးမင်းများ၏ အစဉ်အလာအရ ကာလိင်္ဂရာဇာမင်း မှာ မိုးရွာစေရန်အလှူပေး၍ ဆုတောင်းပွဲများပြုသော်လည်း မိုးခေါင်မြဲခေါင် နေလေသည်။ ကုရုတိုင်းတွင် မိုးရွာပြီး မိမိတိုင်းကမိုးခေါင်နေသည်မှာ ကုရုတိုင်းရှိအဉ္စနဝဏ္ဏဆင်တော်ကြောင့်ဖြစ်မည်ဟု တွေးဆကာ

ဆင်တော်ကို ရွှေနှင့်လဲလှယ်ပါရန် သံတမန်လွှတ်၍ တောင်းဆိုခဲ့လေသည်။ ကုရုဘုရင်က ဂရုဏာသက်ပြီး ဆင်တော်ကို မေတ္တာလက်ဆောင်ပေးလိုက်လေ၏။ ကာလိင်္ဂတိုင်းသို့ ဆင်တော်ရောက်ရှိလာသော်လည်း မိုးမူကားမရွာ၊ ခေါင်မြဲခေါင်နေလေသည်။ ဤတွင်မိုးခေါင်ခြင်းမှာ ဆင်တော်နှင့်မပတ်သက် ကုရုတိုင်းသားများ ကျင့်သုံးနေသော ကုရုဓမ္မကြောင့် သာဖြစ်မည်ဟုဆင်ခြင်မိကာ ထိုဓမ္မတရားကို ရွှေပြားပေါ်တွင်ကူးယူစေသည်။ ကူးယူရရှိသော ကုရုဓမ္မကို ကာလိင်္ဂဘုရင်မှ အစတစ်တိုင်းတစ်ပြည်လုံး ကျင့်သုံးကြရာ မိုးများရွာသွန်းလာပြီးကပ်ကြီးသုံးပါးမှ လွတ်ကင်း၍ သာယာဝပြောသော တိုင်းပြည်ဖြစ်လာတော့သည်။ ထိုအခါမှစ၍ မိုးခေါင်တတ်သော တော်သလင်းလတွင် လပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ဟု သတ်မှတ်ကျင်းပလာခဲ့ကြလေသည်။

ဂရုဓမ္မဆိုသည်မှာ ငါးပါးသီလဖြစ်သည်။မြန်မာနိုင်ငံတွင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါက ဂရုဓမ္မအမိန့်တော် ပြန်တမ်းကို ဆင်တော်ဖြင့်တင်၍ အရပ်လေးမျက်နှာ လှည့်လှည့်ပြီး ငါးပါးသီလ လုံခြုံစောင့်ထိန်းကြရန် နှိုးဆော်လေ့ရှိသည်ဟု လေ့လာမှတ်သားဖူးပါသည်။ ငါးပါးသီလကို လူတိုင်းကိုယ်စီမြဲပါက မိုးလေဝသ မှန်ကန်၍ နိုင်ငံအေးချမ်းမည်ဖြစ်သည်။

တော်သလင်းလ၏ ထင်ရှားသော ပွဲတော်တစ်ခုမှာ ရှင်ဥပဂုတ္တ ရဟန္တာ မီးမျောပူဇော်ပွဲဖြစ်ပါသည်။တော်သလင်းလဆန်း (၈)ရက်မှလပြည့်နေ့အထိ ဒေသအတော်များများတွင် ရိုးရာပွဲတော်အဖြစ် ကျင်းပလေ့ရှိကြသည်။ ထို့ပြင် လယ်ယာမြေတစ်ခွင်၌ ကောက်စိုက်စွမ်းရည် ပြိုင်ပွဲများလည်း ကျင်းပတတ်ကြသည်။ ထို့ပြင် တော်သလင်းလသည်။ ကွမ်းစိုက်ရန် အသင့်တော်ဆုံးလဖြစ်၍ လူပျင်းစိုက်လျှင်ပင် ဖြစ်ထွန်းသည်ဟုဆိုကာ 'တော်သလင်း လူပျင်းကွမ်းစိုက်' ဟူသည့်ဆိုရိုးရှိလေသည်။ ထို့ပြင် 'တော်သလင်းတိမ်ညို၊ စားဖို့သည်ဆင်းရဲ၊မိုးမစဲ'ဟူသည်ဆိုရိုးလည်းရှိသည်။ တော်သလင်းလကား မိုးရွာအားကြီးသောကြောင့် ထမင်းဟင်းချက်ရသူတို့ ဒုက္ခရောက်ရသည်ဟုဆို၏။ ရေစီးအဟုန် မည့်မပြင်း၊မြစ်ဝွင်းသာသောကြောင့် သစ်ဖောင်ဝါးဖောင် အများ စုန်ဆင်းသောလလည်းဖြစ်ပေရာ 'တော်သလင်း၊မြစ်နဒီတွင်း၊သင်ဖြူး

ခင်း’ဟုဆိုကြပြန်လေသည်။

သို့ဖြစ်ပေရာ မိုးဒကာလ အေးမြမှုနှင့် အတူ ပူပြင်းသောနေ့ခင်း နေတို့သည် တော်သလင်း၏ ဆန့်ကျင်ဘက်ချင်း ပေါင်းစပ်ညီမျှသော သဘောကို ပြဆိုလျက်ရှိပေသည်။ လယ်ကန်သင်းရေဖွေးဖွေး၊ ပျော်ရေး၅ွင်ပွဲ ကျင်းပမစဲ၊ ဝါတွင်းသီလ ဆောက်တည်ကြရာ လတော်သလင်းသည်ကား ဘက်ပေါင်းစုံညီမျှ စည်သာသော ချမ်းမြေ့ကြည်နူးဖွယ် လတစ်လဖြစ်ပေ တော့သည် -----။

## ' သီတင်းကျွတ်ပွဲတော် '

နိဒါန်း - မင်္ဂလာရှိသော သီတင်းကျွတ်သို့ရောက်ရှိတော့မည်ဖြစ်ကြောင်း

စာကိုယ် - အာစရိယပူဇော်ပွဲ
- သက်ကြီးပူဇော်ပွဲ
- မီးထွန်းပွဲတော်အစ
- မီးပုံးပျံလွှတ်ရခြင်း
- အဘိဓမ္မာအခါတော်နေ့
- ပဝါရဏာပွဲတော
- လဆန်း(၁)ရက်မင်္ဂလာ
- မင်္ဂလာအခမ်းအနားများ
- ပူဇော်ကန်တော့ခရီး
- သီတင်းကျွတ်လ၏နက္ခတ်တာရာ
- ကြာပန်းနှင့်ရာသီရုပ်
- မြန်မာပြည်အနှံ့မြင်ကွင်းများ

နိဂုံး - မင်္ဂလာရှိသောပွဲတော်ဖြစ်၍ အထူးပျော်ရွှင်နှစ်သက်ကြောင်း

## ' သီတင်းကျွတ်ပွဲတော် '

သီတင်းကျွတ်တော့မည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော သီတင်းကျွတ်ပွဲတော်ကြီးနီးကပ်လာလေလေ ကြည်နူးပီတိဖြစ်ရ လေလေဖြစ်သည်။ ထူးကဲသောအတွေ့အကြုံများဖြင့် ပျော်ရွှင်ကြရတော့မည်။ သီတင်းကျွတ်လအတွင်းသို့ချဉ်းနင်း ဝင်ရောက်လာသည်နှင့် ကျွန်မတို့ လှုပ်လှုပ်ရှားရှား ဖြစ်ကြရလေပြီ။

ပွဲတော်ကိုဆင်နွှဲရန် ကျောင်းများ ရက်ရှည်ပိတ်တော့ မည်မို့ နှစ်စမှယနေ့ထိ သင်ကြားပြီးသမျှကို စစ်ဆေးပေးသော အစမ်းစာမေးပွဲကြီးအတွက် အစွမ်းကုန်ပြင်ဆင်နေကြရသည်။ တစ်ချိန်တည်းမှာပင် ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမတို့ကို ကျွန်မတို့တတ်အားသမျှနှင့် ပူဇော်ကန်တော့ကြမည့် အာစရိယပူဇော်ပွဲအတွက် လုံးပမ်းနေကြရလေသည်။ အပြစ်ရှိသမျှ ဝန်ချတောင်းပန်သံ ခွင့်လွှတ်ဩဝါဒစကားသံတို့ကို သီတင်းကျွတ်ပွဲတော်မတိုင်မီကပင် စတင်ကြားကြရတော့မည် ဖြစ်သည်။

ထိုအတူ ကျွန်မတို့ရပ်ကွက်အတွင်းတွင်လည်း သက်ကြီးပူဇော်ပွဲကျင်းပရန် အသက်ကြီးသော ပုဂ္ဂိုလ်များ၏စာရင်းကို လိုက်လံတောင်းခံနေကြောင်းတွေ့ရပါသည်။ သီတင်းကျွတ် ပွဲတော်ရက်တွင် သက်ကြီးရွယ်အိုတို့အား သဒ္ဓါတတ်အားသ၍ ထောက်ပံ့ကန်တော့နိုင်ရန် အလှူခံထွက်နေကြလေပြီ။ ဒါနကုသိုလ်ရရှိစေနိုင်သော အချိန်အခါပင်ဖြစ်တော့သည်။ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ သီတင်းကျွတ်ပွဲဈော် အကြိုတေးများ၊ ဓမ္မဂူဇာတေးများကို ကြားနေကြရလေသည်။ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့်ပြည့်ဝသောပွဲတော်ကြီးကို ရောက်ရှိစေရန် ကျောင်းတွေမြန်မြန်ပိတ်ပါစေဟု

ကျွန်မတို့ ဆုတောင်းပေးနေမိကြပါသည်။

သီတင်းကျွတ်ပွဲတော်ကြီးတွင် မီးရောင်စုံများ ထွန်းညှိရန် စေတီ၊ ပုထိုး၊ ကျောင်းကန်ဇရပ်၊ လူနေအိမ်များအားလုံးတွင်ပြင်ဆင်နေကြပြီဖြစ်သည်။ ဤသို့ မီးထွန်းပွဲတော် ဖြစ်ပေါ်လာ ရပုံကား မှတ်သားထိုက်လှပါသည်။ ဂေါတမဘုရားရှင်သည် (၇) ဝါမြောက်သည့်နှစ် သက်တော်(၄၂)နှစ်တွင် တာဝတိံသာနတ် ပြည်တွင် ဝါဆိုပြီး လူ့ဘဝက မယ်တော်မာယာဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးရှိသည့် နတ်ပြဟ္မာများအား ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ဗုဒ္ဓဘာသာကို လေးစားကြည်ညိုကြသည့် လူထုအများသည် ဘုရားရှင်ကို မဖူးမတွေ့ရသည့်အတွက် အရှင်မောဂ္ဂလန် အရှင်အနုရုဒ္ဓါမထေရ်တို့ကို မေးလျှောက်ကြသောအခါ တာဝတိံသာတွင် ဝါဆိုပြီး အဘိဓမ္မာဒေသနာကို ဟောကြားနေကြောင်း၊ သီတင်းကျွတ်လ ပြည့်နေ့တွင် ၎င်းနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့ သို့ဆင်းသက်မည်ဖြစ်ကြောင်း ကြားသိကြရသည်။ ထိုအခါ လူအများသည် သင်္ကဿနဂိုရ်သို့ ကြိုတင်သွား ရောက်ပြီး ဘုရားရှင်ကြွဆင်းလာမည်ကို စောင့်မျှော်နေကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်သည် တာဝတိံသာနတ် ပြည်မှ သင်္ကဿနဂိုရ်သို့ ဆင်းသက်တော်မူခဲ့၏။ ထိုသို့ဆင်းသက်ရာတွင် မြင့်မိုရ်တောင်ထိပ်မှ သင်္ကဿမြို့တံခါး တိုင်အောင်လက်ယာဘက်၌ ရွှေစောင်းတန်း၊ လက်ဝဲဘက်၌ ငွေစောင်းတန်းနှင့် အလယ်၌ပတ္တမြား စောင်းတန်းကို သိကြားမင်းက ဖန်ဆင်းပေး၏။ ဗုဒ္ဓဘုရားရှင်က ပတ္တမြား စောင်းတန်းမှ ဆင်းကြွလာသည်။ မဟာပြဟ္မာက ဘုရားရှင်ကို ထီးဖြူမိုးပြီး ငွေစောင်းတန်းမှ လိုက်ပါလာ၏။ နတ်များက ရွှေစောင်းတန်းမှ လိုက်ပါလာကြ၏။ နတ်များထဲတွင် ပဉ္စသိခ်နတ်သားက ဗေဠုဝစောင်းကိုတီး၍ မာတလိ နတ်သားက နတ်ပန်းများကိုယူဆောင် ပူဇော်ကာ သုယာမနတ်သားက သားမြီးယပ်ကိုခတ်၍ ပါလာကြသည်။ အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းရှင်လူတို့က သင်္ကဿမြို့တံခါးတွင် ဘုရားရှင်ကို ကြိုဆိုဖူးမြော် စောင့်ကြိုကြသည်။

ဤသို့ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားမြတ်စွာကြွဆင်းတော်မူခြင်းကို အောက်မေ့ကြည်ညိုသည့်အနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို

သုံးရက်တိုင်တိုင် နှစ်စဉ်ကျင်းပ ခြင်းဖြစ်သည်။ မြင့်မိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ မီးမြင့်မိုရ်ပွဲဟုခေါ် ဝေါ်ကြသေး၏။ ပုဂံခေတ် မြင်းကပါဂူပျောက်ကြီးဘုရားတွင် တွေ့မြင်ရသော ပန်းချီကား၌ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်သို့ကြွဆင်း တော်မူလာသည်ကို ရေးဆွဲပူဇော်ထားရာ ပုဂံသားတို့၏ နှလုံးသားပုံရိပ်ပန်းချီဟုဆိုနိုင်သကဲ့သို့ မီးမြင့်မိုရ်ပွဲ၏ ရုပ်ပြပန်းချီဟုလည်းဆိုနိုင်သည်။ ရှေ့ကမီးမြင့် မိုရ်ပွဲကို ဘုရင်ကိုယ်တိုင် ဦးစီးကျင်းပခဲ့သည်ဟု သိရသည်။

ယခုအခါမူ သီတင်းကျွတ်မီးထွန်းပွဲဟုသာ ခေါ်ဆိုကြသည်။ ဤမီးထွန်းပွဲနှင့်အတူ တာဝတိံသာနတ်ပြည်၌ ဘုရားလောင်းတောထွက်စဉ်က ရိတ်ပယ်သော ဆံတော်များကို ဌာပနာထား၍ တည်ရှိနေသည့် စူဠာမဏိစေတီတော်ကို ရည်မှန်း ပူဇော်သည့်အနေဖြင့် မီးပုံးပျံလွှတ်တင်ပွဲများကိုပါ ကျင်းပလေ့ ရှိကြပါသည်။ ဤပွဲတော်ကား ဘုရားရှင် မွေးမိခင် ကျေးဇူးဆပ်ခြင်းဟူသော မင်္ဂလာမှ ဖြစ်ပေါ်လာသော ပွဲတော်လည်းဖြစ်ပေ ရာ ထူးကဲမွန်မြတ်လှပေသည်။

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု ခေါ်ကြပြန်ပါသည်။ ဘုရားရှင်က ဝါတွင်းသုံးလ ရက်ပေါင်း (၉၀) ကြာမျှ တာဝတိံသာတွင် အမိကျေးဇူးဆပ်တရားအဖြစ် ဟောကြားတော်မူခဲ့သော အဘိဓမ္မာ (၇) ကျမ်းကို ဂုဏ်ပြုသောအားဖြင့် အဘိဓမ္မာတရားဟောကြားပြီးဆုံးသော သီတင်းကျွတ် လပြည့်နေ့အား အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ကျင်းပကြခြင်းဖြစ်သည်။ (အဘိဓမ္မာ(၇)ကျမ်းမှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုယမိုက်၊ ပဋ္ဌာန်းဟူသည့် ထူးခြားမွန်မြတ်လှသော တရားတော်များဖြစ်သည်။) သီတင်းကျွတ် လပြည့်ညတွင် ဘုရားကျောင်းကန်ဓမ္မာရုံများ၌ ဝတ်အသင်းများက ဓမ္မစကြာတရားကို ရွတ်ဖတ်ပူဇော်လေ့ ရှိကြလေသည်။ ထိုနေ့တွင် မြန်မာပြည်အရပ်ရပ်ရှိ ဘုရားစေတီပုထိုးများ၌ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာ၊ ဆီမီးကပ်လှူပူဇော်ကြသူများနှင့် စည်ကားလျှက် ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတို့သည် မိမိတို့ဝါဆိုသော ကျောင်းအတွင်းရှိ သိမ်တိုက်၌ 'ပဝါရဏာ' ပွဲကို ကျင်းပလေ့ရှိသည်။

ပဝါရဏာဟူသော ပါဠိစကားမှာ ဖိတ်ကြား ခြင်း၊ တောင်းပန်တိုက်တွန်းခြင်း ဖြစ်သည်။ ရဟန်းကြီးနှင့် ရဟန်း ငယ်တို့သည် မိမိတို့၌ အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်ပါရန် အပြန်အလှန် ရှိခိုးတောင်းပန်ခြင်းအလို့ငှာ ပင့်ဖိတ်ကျင်းပသော ပွဲဖြစ်သည်။ ဝိနည်းတော်အရ ဝါတွင်းသုံးလတိုင်တိုင် မိမိတို့ သီတင်းသုံးရာ ကျောင်းသင်္ခမ်း၌သာနေကြရသော ရဟန်းတော်များသည် သီတင်းကျွတ် လပြည့်ကျော် (၁)ရက်မှ စ၍ လွတ်လွတ်ကျွတ်ကျွတ် သွားလာသီတင်းသုံးခွင့်ရကြရာ ဤ ပွဲတော်ကို ဝါကျွတ်ပွဲတော်ဟု ဆိုခဲ့ကြပြန်လေသည်။

ထိုလပြည့်ကျော် (၁)ရက်ညတွင် လူတို့သည် မိမိတို့၏ စားမှု ဝတ်မှု နေမှုတို့နှင့်ပတ်သက်၍ အကျိုးပြုသော အရာတို့ကို အသိအမှတ်ပြုခြင်း၊ အမွန်အမြတ်ထားခြင်း၊ ကျေးဇူးတင်ခြင်း အထိမ်းအမှတ်အဖြစ် မီးထွန်းညှိ ပူဇော်ကြလေသည်။ ယက္ကန်း စင်၊ စပါးကျီ၊ နွားတင်းကုတ်၊ ဆန်အိုး၊ ဆီပုံး၊ ကျောက်ပြင်၊ မှန်၊ လှေခါး၊ မဟာပထဝီမြေကြီး စသည်တို့ဖြစ်၏။ ပူဇော်ထိုက်သည်ကို ပူဇော်ခြင်းမှာ ကောင်းမြတ်သော မင်္ဂလာတစ်ပါးဖြစ်ပါသည်။

အစဉ်အလာအရ ဝါတွင်းတွင် ထိမ်းမြားခြင်းမပြုရသော ဗုဒ္ဓဘာသာဝင်တို့သည် ပွဲတော်ဆင်နွှဲပြီးလပြည့်ကျော်(၁) ရက်မှ စ၍ မင်္ဂလာအခမ်းအနားများ ကျင်းပကြလေတော့သည်။ ကျွန်မ တို့အိမ်တွင် မင်္ဂလာဖိတ်စာများ မကြာခဏရောက်ရှိ လာတတ် သည်။ မင်္ဂလာခန်းမများစွာ တို့လည်း မနားရတော့ပေ။ သတင်းစာ၊ ရုပ်မြင်သံကြားတို့တွင် သီတင်းကျွတ်ပွဲတော်၏ စည်ကားသိုက် မြိုက်ပုံ၊ နိုင်ငံအနှံ့ပျော်ရွှင်ကုသိုလ်ပြုကြပုံတို့ကို တွေ့မြင်ရလေ သည်။ ပွဲတော်ကာလအတွင်း ရပ်ဝေးသို့ အပျော်ခရီး၊ ဘုရားဖူးခရီး၊ ကန်တော့ပူဇော်ခရီးထွက်ကြသူများ စည်ကားလျက် ရှိပေသည်။

ကျွန်မသည် မိဘများနှင့်အတူ ဘုရားဖူးထွက်ခဲ့ပါသည်။ လမ်းခရီး တစ်လျှောက်လယ်ကွင်းပြင်များကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ မျှော်လေတိုင်း မဆုံးနိုင်သော စပါးခင်းများကို မြင်တွေ့ရပါသည်။ သက်ရင့်စပါးတို့သည် စိမ်းရာမှအဝါရောင်သို့ ကူးပြောင်း၍ ဝါဝင်းသော စပါးခင်းများ ကို ကြည့်ကာ လယ်သမားများနှင့်ထပ်တူ ပီတိဖြစ်ရပါသည်။ သီတင်းကျွတ်လမှာ ဤသို့စပါးခင်းများ ထောင်မတ်သော လဖြစ်သဖြင့်

'သံကူလ' ဟူ၍လည်းခေါ်ဝေါ်ကြောင်း သိရပါသေးသည်။

ကောင်းကင်တွင် အာသာဝတီနက္ခတ်နှင့်လမင်းတို့ယှဉ် ကြည့်ကာ စိကြနက္ခတ်နှင့်နေမင်းတို့ယှဉ်ကြပြီး ကျီးတာရာ ထွန်းတောက်လျှက် ငါးမည် သောကြာတို့ ထုံကြိုင်သင်းသော 'လဖြစ်ပေရာ မဟာအထုလမင်းကြီး၏ သီတင်းကျွတ်လဘွဲ့တွင် 'လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ် ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့လကိုလေး" ဟု စပ်ဆိုထားခဲ့လေသည်။ ဤလသည် တူရာသီဖြစ်၍ မြန်မာ (၂၉)ရက် ရှိကာ နေ့တာညတာတူညီသောလဖြစ်ပြီး ရာသီရုပ်မှာ ချိန်ခွင်ကိုင်နေသည့် ကုန်သည်ပုံဖြစ်လေသည်။ ဤရာသီအချိန် အခါတွင် မိုးမှာဘုရားဆွမ်းတော် တင်သည့် သင်ပုတ်ပလ္လင်တော် ကို ဆေးကြောသည့်အနေဖြင့် နှုတ်ဆက်ရွာ တတ်သဖြင့် 'သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုးရွာသွန်းဖြိုး' ဟု ဆိုစမှတ် ပြုကြ ပါသည်။

မိုးနောက်ဆုတ်၍ ရေနည်းပါးလာမှုကို ခွင့်ယူကာ မြစ် ချောင်း အင်း အိုင်တို့အတွင်း ငါးဖမ်းငွေရှာသူများ၊ အဏ္ဏဝါ ပျော်ရေလုပ်သားကြီးများ၊ ပင်လယ်ပျော်တံငါများကြောင့် ငါးပုဇွန် ပေါများလှပါသည်။ တောင်ပေါ် တိုင်းရင်းသားတို့လည်း ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် နေရာရွေးခြင်း၊ မီးကျွေးခြင်း၊ မြေပြင်ခြင်းများပြုလုပ်နေကြသကဲ့သို့၊ ကျွန်မတို့ ခရီးတစ် လျှောက် မိုးရာသီကဖျက်ဆီးခဲ့သော လမ်းတံတားများအား စုပေါင်းပြုပြင် နေကြသည်ကို တွေ့ရပေသည်။ မြို့ရွာများ၌ ဘုရားပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ အသီးသီးဖြင့် စည်ကားဆူညံလျှက်ရှိသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။

သီတင်းကျွတ်ပွဲတော်ကြီးသည် လောကီလောကုတ္တရာ နှစ်ဖြာအ ကျိုးထွန်း၍ အပြစ်ကင်းစင်သောပွဲတော်၊ မိဘကျေးဇူး ဆပ်ရန် ဘုရားရှင်က သာဓကေပြခဲ့သောပွဲတော်၊ ဆုပေးသံ ဆု ယူသံတို့ဖြင့် မင်္ဂလာရှိသော ပွဲတော်၊ ပွဲလမ်းသဘင် တီးမှုတ် ကခုန်သံများဖြင့် ပျော်ရွှင်ဖွယ်ပွဲတော်ကြီးဖြစ်ပေသည်။ ဤသို့ မိသားစုစုံညီစွာ ကုသိုလ်ကောင်းမှုပြုခွင့်ရပြီး စိတ်လက်ကြည်နူး၍ သွားလာလည်ပတ်ခဲ့ရသော ဤပွဲတော်ရက်များသည်လည်း ကျွန်မအတွက် ပျော်ရွှင်စရာအကောင်းဆုံးရက်များ ဖြစ်ပါတော့ သည် ----။

## ' တန်ဆောင်မုန်းနှင့်ကထိန်ပွဲ '

နိဒါန်း - တန်ဆောင်မုန်းလ၏အဖွင့်

စာကိုယ် - ခဝဲပွင့်တုန်း တန်ဆောင်မုန်း
- ဖုံးတုန်းလုံးတုန်းတန်ဆောင်မုန်း
- မဲဇလီဖူးနှင့် ဆေးပေါင်းခသည့်ည
- ကြွတ္တိကာနက္ခတ်ပူဇော်
- ရာသီပွဲတော်ကထိန်ပွဲ
- ကထိန်သင်္ကန်း
- ကထိန်ခင်းခြင်း
- မသိုးသင်္ကန်းယက်ခြင်း
- ကထိန်၏အကျိုး
- ကထိန်သင်္ကန်းကပ်လှူခြင်း၏အစ
- ပုံသကူပစ်ခြင်း

နိဂုံး - တန်ဆောင်မုန်း၏လောကီလောကုတ္တရာ
နှစ်ဖြာအကျိုးဖြင့်နိဂုံးချုပ်။

## ' တန်ဆောင်မုန်းနှင့်ကထိန်ပွဲ '

တန်ဆောင်မုန်းသည် 'တန်ဆောင်မှုန်'ဟူသော ပုဂံကျောက်စာစာလုံးမှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ တန်ဆောင်သည် မီးရှူးမီးတိုင်ဖြစ်၍ မှုန်သည် ထွန်းညှိခြင်းဟု အနက်ရသည်။ တန်ဆောင်မှုန်မှ တန်ဆောင်မှုန်း ထိုမှတန်ဆောင်မုန်းဖြစ်လာသော ဤလသည် ဆီမီးတန်ဆောင်ထွန်းပြောင်သောလဟုဆိုရမည်ဖြစ်သည်။ မိုးနှောင်း ဆောင်းကာလဖြစ်ပြီး တစ်ခါတစ်ရံ နှင်းပွင့်များကို တွေ့ရတတ်ရာ 'တန်ဆောင်မုန်းတွင်ဆီးနှင်းတပြိုက်မိုးတလှိုက်' ဟုဆိုရိုး ရှိလေသည်။ မိုးသား ကင်းစင်ပြီး နှင်းငွေ့နှင်းသက်နှင့်အတူ မြောက်ပြန် လေဆော်သွေးချိန်ဖြစ်ပြီး ချမ်းမြသာယာသောလရာသီဖြစ်လေသည်။

တန်ဆောင်မုန်းလမှာဗြိစ္ဆာရာသီဖြစ်၍ ကောင်းကင်၌ ကြတ္တိကာနက္ခတ်နှင့်လမင်းယှဉ်ပြည့်ကာ ကျီးတာရာထွန်းပ၏။ ရာသီရုပ်မှာကင်းမလက်မည်းဖြစ်သည်။ ရာသီပန်းကား ခဝဲဖြစ်၍ 'ခဝဲပွင့်တုန်းတန်ဆောင်မုန်း' ဟုဆိုလေသည်။ လယ်ယာမြေတွင် စပါးစေ့များ ဖုံးနေဆဲ၊ လုံးနေဆဲ၊ ပွင့်အာရန် အားယူနေဆဲ၊ အပင်ပိုင်းကြီးထွားမှုအတွက် အားအလိုဆုံး အချိန်ဖြစ်ပေရာ 'ဖုံးတုန်းလုံးတုန်းတန်ဆောင်မုန်း' ဟူ၍ ဆိုကြပြန်သည်။ ဤလတွင်ရက်ပေါင်း(၃၀)ရှိပြီး နေ့ ၂၈နာရီ ညဥ့် ၃၂နာရီရှိသောကြောင့် နေ့တာတို၍ညတာရှည်သောလ ဖြစ်သည်။

မဲဇလီဖူးသုတ်စားသောဓလေ့မှာ တန်ဆောင်မုန်းလ၏ သရုပ်ဖြစ်သည်။ ဆေးပင်အပေါင်းတို့ကို စောင့်သောနတ်တို့သည် တန်ဆောင်မုန်းလ

ပြည့်နေ့တွင် မဲဇလီပင်စောင့်နတ်မင်းအား လာရောက်စုပေါင်းခစားရသည်ဟူသော အယူဖြင့်မဲဇလီပင်သည် ဆေးပေါင်းခပြီး ထိုနေ့ညတွင် မဲဇလီဖူးသုတ်စားပါက အန္တရာယ်ကင်းအသက်ရှည်သည်ဟု ယုံကြည်ကြသည်။ အိမ်တိုင်းလိုလို မဲဇလီဖူးသုတ်စားကြပြီး နီးစပ်ရာသို့ ဝေငှကြသည်။ ထိုလပြည့်ညတွင် လူငယ်တို့သည် 'ကျီးမနိုးပွဲ'ဆင်နွှဲကြ၏။ ကျီးငှက်များမနိုးခင် အာရုဏ်မတက် မီကျင်းပသော ပျော်ရွှင်ပွဲ တစ်ခုဖြစ်၏။ အချင်းချင်းနောက်ပြောင်ကျီစယ် သော သဘောဖြင့်တစ်အိမ်မှ ပစ္စည်းကို အခြားတစ်အိမ်သို့ တိတ်တခိုး နေရာ ရွှေ့ထားတတ်ကြသည်။ လသာသာ၌ စုပေါင်းချက်ပြုတ်စားသောက်ကြ သည်။

လအမည် တန်ဆောင်မုန်းနှင့်အညီ ဆီမီးထွန်းပွဲတော် မှာလည်း စည်ကားသိုက်မြိုက်လှ၏။ ရှေးမြန်မာတို့သည် ကြတ္တိကာနက္ခတ်ကို ပူဇော်သောအားဖြင့် ထွန်းညှိကြခြင်းဟု သိရသည်။ ကြတ္တိကာနက္ခတ်၏ အစောင့်သည် အဂ္ဂိဒေဝမီးနတ်ဖြစ်၍ တန်ဆောင်မုန်းလပြည့်ညတိုင်း လူ့ပြည်သို့ ဆင်းလေ့ရှိသည်။ ထို့ကြောင့် လူတို့က ၎င်းနတ်ကို မီးရောင်စုံထွန်းညှိပူဇော်ကြိုဆို ပြီး ခြိမ့်ခြိမ့်သဲသဲ အမျိုးမျိုးသောပွဲများ ကျင်းပကြသည်ဟု ဆိုသည်။ အချို့မူ မဟာပိန္နဲနတ်ကိုလည်းကောင်း၊ တာဝတိံသာရှိ ဆံတော်မာတ်ကိန်းဝပ်ရာ စူဠာမဏိစေတီတော်ကို လည်းကောင်း၊ ရည်စူးပူဇော်ခြင်းဟု ဆိုကြသည်။

တန်ဆောင်မုန်းလရာသီ၏ အဓိကပွဲတော်မှာ 'ကထိန်ပွဲ' ဖြစ်သည်။ ကထိန်ပွဲဆိုသည်မှာ ကထိန်သင်္ကန်းကို သံဃာတော်တို့အား လှူဒါန်းသောပွဲဖြစ်သည်။ ကထိန်ခင်းသည်ဆိုရာ၌ ကထိန်သင်္ကန်းနှင့် အရံဖြစ်သော ထီး၊ ဖိနပ်အစရှိသည့် ရဟန်း အသုံးအဆောင်များ၊ ဆန်၊ ဆီ၊ အစရှိသော ရိက္ခာများကိုပါ ထည့်သွင်းလှူဒါန်းခြင်းကို ဆိုလိုသည်။ ကထိန်သင်္ကန်းကပ်လှူပွဲကို တစ်ဦးတစ်ယောက်တည်း ကျင်းပ၍ရသကဲ့သို့ စေတနာရှင်များစုပေါင်းသည့် ဘုံကထိန်အနေဖြင့်လည်း လှူဒါန်းနိုင်သည်။ အချို့အသင်းအဖွဲ့တို့သည် ကထိန်ပွဲအတွက် လစဉ်အချိန်ကျ အလှူငွေကောက်ခံ စုဆောင်းထားကြပြီး၊ အချို့မှာ ကြိုတင်မှုမပြုလုပ်ဘဲ ကထိန်ခင်းကာနီးမှ လှူဖွယ်များ

ကောက်ခံစုစည်း လှူဒါန်းကြသည်။ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ခင်းကျင်းသော ကထိန်ပွဲများမှာ ကြီးကျယ်ခမ်းနားလှပါသည်။

သင်္ကန်းကို အချိန်မရွေးလှူဒါန်းခွင့်ရှိသော်လည်း ကထိန်သင်္ကန်းကိုမူ တစ်နှစ်အတွင်း တစ်လမျှသော ရက်အတွင်း၌ သာလှူခွင့်ရှိသည်။ ကထိန်ခင်းမည့် ရဟန်းတော်မှာ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီး ဝါကျွတ်လာသူဖြစ်ရမည်။ ကထိန်သင်္ကန်းသည် စေတနာသဒ္ဒါ သက်သက်နှင့် မည်သူမျှ မတိုက်တွန်းပဲ လှူဒါန်းသော သင်္ကန်းဖြစ်ရမည်။ ရဟန်းတော်များ အနေနှင့် တစ်နှစ်တစ်ကြိမ် ကထိန်ခင်းခွင့်ရှိသော်လည်း အလှူရှင်မှာမူ တစ်ကျောင်းလျှင်တစ်ကြိမ် မိမိတတ်နိုင်သမျှ ခင်းခွင့်ရှိသည် ဟုဆိုပါသည်။

ကထိန်ခင်းနိုင်သောကာလမှာ သီတင်းကျွတ်လပြည့် ကျော် (၁) ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်သည်။ ကထိန်သင်္ကန်းကို အလှူခံသည့် သံဃာသည် သင်္ကန်းရရှိသည့်နေ့မှာပင် ကထိန်ခင်းရ၏။ ယနေ့ ကထိန်သင်္ကန်းကို အလှူခံပြီး မနက်ဖြန်မှကထိန်ခင်းမည်ဟု ထားခွင့်မရှိချေ။ ရှေးအခါက ယနေ့ခေတ်ကဲ့သို့ ချုပ်ပြီးဆိုးပြီး အဆင်သင့်မရှိသော ပိတ်စကို ကထိန်သင်္ကန်းအဖြစ် လာရောက်ကပ်လှူသည့်အခါ နေ့ချင်းသင်္ကန်းဖြစ် အောင် ဖြတ်၊ ချုပ်၊ ဆိုးရပါသည်။ ရဟန်းတစ်ပါးတည်းမတတ် နိုင်လျှင်၊ ရဟန်းအများက စုပေါင်းပြုလုပ်ရပါသည်။ ဤသို့ နေ့ချင်းပြီး သင်္ကန်း မျိုးနှင့်သာ ကထိန်ခင်း၍ ရသည့်အတွက် ကထိန်သင်္ကန်းကို 'မသိုးသင်္ကန်း' ဟုခေါ်ကြခြင်း ဖြစ်သည်။

ယခုအခါ 'မသိုးသင်္ကန်း' ရက်ပြိုင်ပွဲကို ဘုရားစေတီကြီးများတွင် ကျင်းပလေ့ရှိသည်။ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ညနေတွင်ရက်ကန်း စင်များ၌ ပြိုင်ပွဲစတင်ပြီး သတ်မှတ်ချိန်အတွင်း ပထမဆုံးရက်ပြီးသော ရက်ကန်းစင်ကို ပထမဆုချီးမြှင့် သည်။ ရက်ပြီးသော်သင်္ကန်းကိုလည်း အကွက်ဖော်ပြီး ၎င်း (၁၄) ရက်နေ့ည၊ (၁၅)ရက်နေ့ အာရုဏ်မတက်မီ ဘုရား ရုပ်ပွားတော် သို့ မသိုးသင်္ကန်းအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းရသည်။ ရက်မ ကျော်ရခြင်းကို မသိုးထမင်းနှင့်နှိုင်းယှဉ်သတ်မှတ်ခြင်း ဖြစ်သည်။

ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် သာမန်သင်္ကန်း လှူဒါန်းခြင်းထက် ပိုမိုအကျိုးများ၏။ ကထိန်ရသော ရဟန်းများ သည် ကထိန်ခင်းသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ကထိန်အကျိုးငါးပါးကို ခံစားရ၏။ ယင်းမှာ အခြားသောကာလ၌ အာပတ်သင့်သောအရာများကို ကင်းလွတ်ခွင့်ရခြင်းဖြစ်သည်။ ကျောင်း၌ရှိသော ရဟန်းတစ်ပါးပါးကို မပန်ကြားပဲ မြို့တွင်းရွာတွင်း ဆွမ်းစားသွားနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ပြီးသင်္ကန်းကို မယူဆောင်ဘဲ သွားနိုင်ခြင်း၊ မအပ်မရာသောဆွမ်းကို စားနိုင်ခြင်း၊ ရလာသော သင်္ကန်းများကို အဓိဋ္ဌာန် မတင်ပဲ ထားနိုင်ခြင်း၊ ဤကျောင်းတိုက်သို့ ရည်စူးလှူဒါန်းသော သံဃိကသင်္ကန်းကို ဤရဟန်းများသာ ရပိုင်ခွင့်ရှိခြင်းအကျိုးများဖြစ်သည်။

ကထိန်ပွဲခင်းကျင်းရာ၌ ကထိန်မခင်းမီညတွင် ပဒေသာပင်များဖြင့် ကြည်ညိုဖွယ်ခင်းကျင်းထားတတ်ကြသည်။ ကျောင်းတိုက်သို့ ကထိန်ခင်းမသွားမီ ကားများဖြင့် တစ်ဖုံ၊ ခြေလျင်ဖြင့် တစ်မျိုးစီတန်းလှည့်လည်တတ်ကြသည်။ တန်ဆောင်မုန်းလအတွင်း ကထိန်ပွဲတော်များ လက်ညှိုးထိုးမလွဲဖြစ်လေသည်။ ဤသို့ ကထိန်သင်္ကန်း ကပ်လှူခြင်း၏အစမှာ ဗုဒ္ဓဘုရားရှင်လက်ထက်ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်း သုံးကျိပ်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းအတွင်း သီတင်း သုံးတော်မူသော ဘုရားရှင်ကို ဖူးမြော်ရန်လာကြရာ ဝါဆိုရန် နီးကပ်လာသည့်အတွက် သာဝတ္ထိသို့ မရောက်နိုင်တော့ဘဲ သာကေတမြို့၌ပင် ဝါဆိုကြရ၏။ ဝါကျွတ်ပဝါရဏာပြုကြပြီး ဘုရားရှင်သီတင်းသုံးရာသို့ ကြွလာကြရာ လမ်း၌မိုးရွာသည်နှင့် ကြုံပြီး ရဟန်းတော်များ မိုးရေစိုရွှဲသော သင်္ကန်းများဖြင့် ဆင်းရဲပင်ပန်းစွာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာကြလေသည်။ ပံ့သကူဓုတင်ဆောင်ကြသူများဖြစ်သည့်အတွက် ရဟန်းတော်များ ၏ပံ့သကူသင်္ကန်းများမှာသုံးမဖြစ်အောင် ဟောင်းနွမ်းညစ်ပေ စုတ်ပြတ်နေသဖြင့် လဲလှယ်ရန်အပိုမရှိ ကြပေ။ ဘုရားရှင်က ထိုအခြင်းအရာကို မြင်ကြားသိသောအခါ ကထိန် သင်္ကန်းအလှူခံရန် ခွင့်ပြုတော်မူသည်။ ဤမှစ၍ ကထိန်သင်္ကန်းကပ်လှူ ခြင်း အလေ့အထဖြစ်လာရလေသည်။

ကထိန်သင်္ကန်းကပ်လှူရာတွင် အဓိဋ္ဌာန်တင်ထားသော ဝိနည်းနှင့်

လျော်ညီအောင် ချုပ်ထားသော သင်းပိုင် ၊ကေသီ၊ ဒုကုဋ်သက်န်း သုံးမျိုးတွင် တစ်ထည်ထည်နှင့် ကထိန်ခင်းခွင့်ရှိသည်။ တန်ဆောင်မုန်းလတွင် ကထိန်ပွဲနှင့်အတူ ပုံတကူဝစ်ပွဲကိုလည်း ပြုလုပ်တတ်ကြသည်။ ပုံတကူမှာ မြေမှုန့် ဖုန်မှုန့်တို့ဖြင့် ညစ်ထေးသောအဝတ်ကို ခေါ်သည်။ လူတို့သည် မိမိတို့၏ ဟောင်းနွမ်းသော အထည်အတို့ကို တန်ဆောင်မုန်းလတွင် ပုံသကူ ပစ်ကြလေ့ရှိသည်။

သို့ဖြင့် တန်ဆောင်မုန်းလသည်ကား ကထိန်ပွဲ၊ မီးထွန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ကျီးမနိုးပွဲစသည့်တို့ဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကိုဆောင်သည့်လဖြစ်ပေရာ လေ့သင်းအသင်းဝန်ဦးဖြိုမ့်၏ ဖွင့်ဆိုချက်အတိုင်း 'အစိုက် မှောင်ကို မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွှင့်ချေမှုန်းသောလ' ဟူ၍ အထွတ်အမြတ်ပြုကြရမည်ဖြစ်ပေသည်။ သန်မိုးကုန်စဲ၊ နှင်းစဖွဲ့သည့်၊ ခဝဲပွင့်တုန်း တန်ဆောင်မုန်းပေတကား ------။

## ' ပူဇော်ကျင်းပနတ်တော်လ '

နိဒါန်း - ဟေမာန်ရာသီသို့အဝင်
မိုးသားမငြိမ်ဆင်ရာတိမ်

စာကိုယ် - နတ်တော်လ၏အနက်
- နက္ခတ်တာရာ
- ရာသီပန်းနှင့်ရာသီပွဲ
- နတ်ပွဲ
- မင်းမဟာဂီရိနတ်ပွဲ
- မဟာပိန္နဲနတ်ပွဲ
- ဆင်ဖမ်းပွဲ
- စာဆိုတော်ပွဲ
- စာဆိုတော်နေ့
- မမှစာဆိုတော်နေ့
- မမှစာဆိုကြီးများ
- သက်ကြီးစာပေပညာရှင်များကန်တော့

နိဂုံး - ပူဇော်ကျင်းပ နတ်တော်လ၏ချမ်းမြသာယာပုံ အကြောင်း

## ' ပူဇော်ကျင်းပနတ်တော်လ '

နတ်တော်လကား ဟေမာန်ရာသီသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သော ချမ်းမြေ့သည့် လတစ်လပေတည်း။ 'နတ်တော်ရောက်ပြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်'ဟု ဆိုရိုးရှိပေရာ ကောင်းကင်ပြင်၌ မိုးသားမိုးတိမ်တို့မှာ မငြိမ်မသက် ရွေ့လျားနေမြဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခွင်၌ နှင်းငွေ့နှင်းရည်တို့ဖြင့် မပီဝိုးတဝါးမှုန်မှိုင်းဝေသီလျှက်ရှိလေသည်။

နတ်တော်လဟူသည် နတ်ကိုအကြောင်းပြုက မှည့်ခေါ်ခြင်းဖြစ်သည်ဟုဆို၏။ ဤလတွင်(၂၉)ရက်ရှိသဖြင့် ရက်မစုံ၊ နေ့၂၆နာရီ ည၃၄နာရီရှိရာ နေ့တာတို၍ ညတာရှည်လေသည်။ ရာသီမှာဓနုဖြစ်သည်။ ကောင်းကင်၌ မိဂသီနက္ခတ်နှင့်လမင်းတို့ ယှဉ်ပြည့်၍ ပြုဗ္ဗာသင့်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ဟသ်ာတာရာတွန်းပကာရာသီရှုပ်မှာ အထက်ပိုင်းလူ၊ အောက်ပိုင်း မြင်းပုံသဏ္ဍာန်ရှိ၍ လေးလက်နက်ကိုင်စွဲထားသော ယောက်ျားရုပ်ဖြစ်၏။

ငွေနှင်းဝေသော လနတ်တော်ဟု တင်စားလေ့ရှိသည့်အတိုင်း နတ်တော်လကား 'ချမ်းမြရတု၊ ဓနုရာသီ၊အညီမွှမ်းဖြစ်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးမြစီရင်၊ ရွှေကြိုးငင်လျက်' ဟုဆိုသည် ရွာစားဦးအောင်ကြီး ဖွဲ့နွဲ့ခဲ့သည့်အတိုင်း

ရာသီပန်းမှာ ဂမုန်းအင်နှင့်သဇင်ပန်းတို့ဖြစ်ပြီး ရာသီပွဲတော်မှာ နတ်ပွဲဖြစ်လေသည်။

နတ်ပွဲဆိုသည်မှာ နတ်တို့ကို ပူဇော်ပသသော ပွဲဖြစ်ပေသည်။ မြန်မာလအမည်များစာအုပ်တွင် နတ်တော်လကို မဟာ ဂီရိနတ်မောင်နှမတို့အား ရှေးကပူဇော်ပသသောလဟု ဖွင့်ဆိုထားပါသည်။ မဟာဂီရိနတ်မှာ ယခုခေတ်အခေါ် အိမ်တွင်းနတ် ဖြစ်ပါသည်။ စကားပင်တွင် မီးကင်၍ အသတ်ခံရသော ပန်းဘဲ မောင်တင့်တယ်နှင့်မီးထဲခုန်ကျကာ မောင်ကြီးကို အသက်ပုံ၍ ချစ်ရှာသောနှမငယ်မမြတ်လှတို့အား ရည်စူးပူဇော်သည့်ပွဲမှာ ပုဂံခေတ်၌ စည်ကားခဲ့သည်။

ရာဇဝင်များအရ သက္ကရာဇ် ၂၆၆-ခုတွင် သေလည်ကြောင်မင်း လက်ထက်၌ ထိုနတ်မောင်နှမ အမှီပြုခဲ့သော စကား တုံးကို တကောင်းပြည်မှ အမြစ်ပါမကျန်တူး၍ မျှောချလိုက်ရာ ပုပ္ပါးတောင် အရပ်တွင်ဆိုက်ရောက်သဖြင့် လူအများက နတ်မောင်နှမရုပ်တုထုလုပ် ကိုးကွယ်ထားကြသည်ဆို၏။ ပုဂံမြို့အနီးတဝိုက်မှ လူအများသည်နှစ်စဉ် နတ်တော်လတွင် နတ်မောင်နှမကို ကျွဲနွားဆိတ်တို့ဖြင့် ပူဇော်ကြသည်ဆို၏။

သို့သော် အနော်ရထာမင်းနန်းတက်စ၌ပင် သာသနာသန့်စင်ရေးအတွက် နတ်ကိုးကွယ်မှုကိုတားမြစ်ခဲ့ရာ မင်းမိန့်ကိုမလွန်ဆန်ရဲသော ပြည်သူများသည် နတ်ကွန်း၊ နတ်နန်းကို အိမ်ပြင်တွင် မထားရဲတော့ဘဲ၊ အိမ်အတွင်းသွင်း၍ ကိုးကွယ်ကြရာမှ မဟာဂီရိနတ်မင်းသည် အိမ်တွင်းမင်း မဟာဂီရိ နတ်ဖြစ်လာရလေသည်။

အင်းဝခေတ်သို့ရောက်သောအခါ နတ်တော်လတွင် ပူဇော်သော နတ်မှာ မဟာပိန္နဲဖြစ်လာပြန်သည်။ ၎င်းနတ်သည် ဥစ္စာစနေမပျက်စီး၊ မပျောက်ပျက်စေရန် ကူညီစောင့်ရှောက်ပေး သည်ဟု ယုံကြည်ကြလေသည်။ ထို့ကြောင့် လုံခြုံစိတ်ချစွာ ထိန်းသိမ်းထားရမည့် အရေးပါအဆောက်အဦးများ

ရှေ့က တံခါးမှူးအဖြစ် ထားရှိကိုးကွယ်တတ်ကြသည်။ လောကဗျူဟာ အင်ရုံ စာတမ်းတွင် 'ရွှေစည်းခုံဘုရားဇရပ်တွင် အစဉ်ထားရှိသော မဟာပိန္နဲနတ်ရုပ်တုကို နတ်တော်လဆန်း၁၃ရက်တွင် မြန်မာပတ်ဆိုင်းသာမက မွန်ပတ်ဆိုင်းပါတီး၍ သဘင်ခံရကြောင်း၊ အတွင်းတော်မြဲတို့က ကြပ်မတ်၍ နွားနို့၊ ထောပတ်၊ အချို၊ အဆိမ့်တို့နှင့် ပူဇော်ရကြောင်း၊ မင်းသားမင်းမြေးမှူးမတ်အစုံ ပူဇော်ရကြောင်း' ဖော်ပြထားသည်။ နတ်တော်လပြည့်နေ့တွင် မဟာပိန္နဲရုပ်တုကို ရထားပေါ်တင်၍ ရွှေကြိုးဖြင့်ဆွဲကာ နန်းတော် သို့ပင့်ကြကြောင်း၊ ထိုမဟာပိန္နဲနတ်ကို ဘုရင်နှင့်တကွ တစ်နန်းတော်လုံး ပူဇော်ကြကြောင်း၊ မင်းညီမင်းသား နေအိမ်များသို့လည်း ပင့်ဆောင်ပူဇော်ကြောင်း သိရှိရပါသည်။

နတ်တော်လတွင် နတ်ပွဲအပြင် ဆင်ဖမ်းပွဲလည်း ကျင်းပခဲ့ကြသည်။ တောင်ငူခေတ်စာဆိုမင်းဇေယျရန္တမိတ်၏ ရတုတွင် 'နတ်လသဘင်၊ ဖျင်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေးတိုက်ဖျက်၊ စွယ်ယှက်ခေါင်၊ ဆင်ပြောင်ရည်ရှူ၊ နန်းရတုကို'ကို စပ်ဆိုခဲ့သည့်အတိုင်း နတ်တော်လတွင် မင်းတရားကြီးက ဆင်များကို အရည်အသွေးလိုက် အမည်ပေး၍ ဘွဲ့ထူးဂုဏ်ထူးများပေးအပ်သော ဖျင်ရုံတပ်ပွဲများကျင်းပခဲ့သည်ဟု ဆို၏။ နန်းတွင်း ခလေ့တစ်မျိုးဟု ဆိုပါသည်။

ယနေ့အချိန်အခါတွင်မူ ဆင်ဖမ်းပွဲလုံးဝပပျောက်သွားပြီး နတ်ပွဲကျင်းပမှု အနည်းငယ်ကျန်ရစ်ကာ ထင်ရှားသည့် နတ်တော်လ၏ပွဲမှာ 'စာဆိုတော်ပွဲ'ဖြစ်လာလေသည်။ စာဆိုတော် ဟူသည့် ဝေါဟာရမှာ ထီးသုံးနန်းသုံးဖြစ်၍ ဘုရင့်ဘုန်းတော် များကိုစာဖြင့် ချီးကျူးသီကုံးသူ၊ သီကုံးထားသည်များကို ဘုရင့်ရှေ့တော်၌ ရွတ်ဆိုရသူဟု အဓိပ္ပာယ်ရလေသည်။ နတ်တော်လသည် ရှေးအခါကပင် ရှေးမြန်မာမင်းတို့က စာဆိုပညာအကျော်အမော်တို့အား ဘွဲ့တံဆိပ်နှင်းသောလဖြစ်ပေသည်။ ထို့ကြောင့် ၁၃၀၆-ခုနှစ်

နတ်တော်လဆန်း(၁)ရက်နေ့ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးစာဆိုတော်နေ့ အဖြစ်သတ်မှတ်ကာ ရန်ကုန်မြို့ ကန်တော်ကြီးစောင်း မြိုင်ပြဇာတ်ရုံတွင် စ,တင်ကျင်းပခဲ့လေသည်။ နှစ်စဉ်နတ်တော်လဆန်း(၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ် မြန်မာနိုင်ငံစာရေးဆရာကြီးများအသင်းက ကြီးမှူး၍ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ထိုနေ့တွင် စာပေဟောပြောခြင်းများ၊ ရှေးစာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်း၊ သက်ကြီးစာပေပညာရှင်တို့ကိုပူဇော်ကန်တော့ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

နတ်တော်လ၏ အခါတော်နေ့မှာ ဓမ္မစာဆိုတော်များ နေ့ဖြစ်လေသည်။ နတ်တော်လပြည့်နေ့တွင် ကျင်းပသည်။ ဓမ္မ စာဆိုတော်ကြီးများကို ဂုဏ်ပြုသောအားဖြင့် သာသနာရေး ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ထိုနေ့တွင် ပုဂံခေတ် မှသည် ယနေ့ခေတ်တိုင် ထင်ရှားသော ဓမ္မစာဆိုတော်ကြီးများ၏ စာပေအနှစ်သာရကို ဖော်ထုတ်ဂုဏ်ပြုဖတ်ကြားသည်။ ပုဂံခေတ် မှစတုရင်္ဂဗလအမတ်ကြီး၊ အင်းဝခေတ်မှ ရဟန်းစာဆိုအကျော်အမော် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ကုန်းဘောင်ခေတ်မှ ဆရာတော်ဦးဗုဓ်၊ သင်္ဂဇာဆရာတော်၊ ကိုလိုနီခေတ်မှ လယ်တီဆရာတော်၊ မာန်လည်ဆရာတော်၊ ယနေ့ခေတ်မှ တိပိဋကဓရ မင်းကွန်းဆရာတော်တို့၏ စာပေအနှစ်သာရများကို ဖတ်ကြား ပူဇော်ကြကာ ဓမ္မစာဆိုတော်နေ့ကို ကျင်းပကြလေသည်။

ထို့ပြင် စာဆိုတော်နေ့တွင် တိုင်းကျိုးပြည်ပြုစာပေများ ရေးသားသော စာရေးသူများကို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်လေ့ရှိပါသည်။ တဖန်သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲကိုလည်း နှစ်စဉ်ကျင်းပပါသည်။ သို့ဖြစ်ပေရာ နတ်တော် လသည်ကား ပူဇော်ပွဲများကျင်းပရာလမြတ်မဟာ ဟုဆိုက မှားအံ့မထင်။ ဤရာသီဥတုသာယာချမ်းမြေ့အေးမြလှသောလနတ်တော်ကို မဟာအတုလမင်းကြီးကမူ 'ရှုလေတိုင်းကိုတဲ့ဝေမှိုင်းငယ်

ဖြာဖြာ၊ လေညှင်းငယ်လာသည်၊ ဖော်မပါ တူမစုံလို့၊ လွှာခြုံအေးပြန်တော့ တယ်လေး’ဟု ဖွဲ့ဆိုသီကျူးခဲ့သည်တကား ----။

## ' မြင်းခင်းကြစို့ လပြာသို '

နိဒါန်း - မြူနှင်းစိုစို လပြာသို
ပြာသိုလ၏အဖွင့်

စာကိုယ် - ပြာသိုဝေါဟာရ
- မကာရရာသီ
- ညတာအရှည်ဆုံးလ
- ပြာသိုလ၏နက္ခတ်များ
- ရာသီပွဲတော် - မြင်းခင်းသဘင်
- ပင်းယခေတ်တွင်စ
- အင်းဝမြင်းခင်းသဘင်မြင်ကွင်း
- စ,တင်ပြင်ဆင်
- စက်ကွင်းလှံထိုး
- မြင်းရေး (၃၇)ရေးပြ
- လေးပစ်အမျိုးမျိုး
- ဆုချီးမြှင့်ခြင်း
- ယနေ့ခေတ်သူရဲကောင်းများ
- ဘွဲ့တံဆိပ်များ

နိဂုံး - ဂုဏ်ယူပီတိဖြစ်ရသော လဖြစ်ကြောင်း

## ' မြင်းခင်းကြစို့ လပြာသို '

ပြာသိုလသို့ရောက်ချေပြီတည်း။ 'မြူနှင်းစိုစို လပြာသို' ပေမို့အအေးဓာတ်ခပ်ပြင်းပြင်းနှင့် ခိုက်ခိုက်တုန်သောလပေတကား။ ဆီးနှင်းထူထူ မြူမှုန်ဖွားဖွားကြောင့် နှမ်းခင်းများပင်ပျက်ရမတတ် 'ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက်' ဟုပင် ပြောစမှတ်ပြုကြသည့်လဖြစ်ပေသည်။

ရှေးအခါက တောနေတောင်သားမြန်မာများသည် ဤ ရာသီတွင် ပျားဖယောင်းတို့ကို မီးထွန်းညှိရန်အလို့ငှာရှာဖွေ စုဆောင်းသို လှောင်တတ်ကြ၏။ ပျားဖယောင်းစုသော လမှသည် ပြာသိုလဟု ရွေ့လျားလာခဲ့သည်ဆို၏။ ဤလတွင် ရက်(၃၀)ရှိ၍ နေ့၂၄နာရီ ညဥ့်၃၆နာရီရှိလေရာ နေ့တာအတိုဆုံးနှင့်ညတာအရှည်ဆုံးလဖြစ်ပေသည်။ ပြာသိုလကို မကာရ ရာသီဟုခေါ်၏။ မကာရ၏ အနက်မှာ မကားရ်ဖြစ်သည်။ ထို့ကြောင့် ရာသီရုပ်မှာ သမင်မျက်နှာနှင့် ငါးမြီးပါသော မကားရ်ရုပ်ဖြစ်သည်။

ကောင်းကင်တွင် ဖုသျှနက္ခတ်နှင့်လမင်းတို့ယှဉ်ပြည့်ကာဥတ္တရာသာဠ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြလေ၏။ ပုဇ္ဇနံတာရာထွန်းပကာ ရာသီပန်းမှာ ခွာညိုဖြစ်လေသည်။ 'ပြာသိုမှာ၊ ဖြာခိုနှင်းရယ်နှင့်၊ ဝါအလိုခွာညိုသင်းပါဘိ၊ မြင်းမြတ်တော်သဘင် မှာ ပျော်ရွှင်ကြပြည်လုံး'ဟူသော ဖွဲ့ဆိုမှုအရ ပြာသိုလ၏ပွဲတော်မှာ မြင်းခင်းသဘင်ဖြစ်ကြောင်းသိနိုင်ပါသည်။

မြင်းခင်းသဘင်ပွဲဟူသည် စစ်ရေးပြပွဲသဘင်ဖြစ်သည်။ မြင်းခင်း

တစ်မျိုးတည်းကိုသာ ကျင်းပသည်မဟုတ်ဘဲ ဆင်ခင်း၊ လေးခင်း၊ လှံထိုး ဗလီခတ်စသည့်သိုင်းပညာရပ်အမျိုးမျိုးကိုပါ တစ်လလုံးလုံးဆက်တိုက်ကျင်းပသော ပွဲဖြစ်၏။ မြင်းကို အဓိကပြုသောကြောင့် မြင်းခင်းသဘင်ဟု ပွဲအားလုံးကိုယ်စား အမည်ပေးထားခြင်းဖြစ်သည်။ ဤပွဲတော်မှာ သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်တွင် ပင်းယမင်း တစ်စီးရှင်သီဟသူလက်ထက်က စတင်ပေါ်ပေါက်သည်ဟုသိရ၏။ 'ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာ ချမ်းအေးမြ၊ မိုးသောက်ထ ရောင်နီလာကို၊ ထိပ်ပန်ငယ်မြင်းခင်း ကြွပါတော့လေး'ဟူသော မြင်ခင်းဘွဲ့ကြိုးမှာ အထင်အရှားပြဆိုခဲ့ပါသည်။

ကုန်းဘောင်ခေတ်မင်းတို့လက်ထက်တွင် မြင်းခင်းပွဲ တော်ကို ရွှေနန်းတော်ကြီး၏မြောက်ဘက်အလျား၁မိုင်၊ အနံ ၂ ဖာလုံခန့်ရှိသည့် ကွင်းပြင်တွင် ကျင်းပလေ့ရှိသည်ဟု သိရပါသည်။ ပွဲတော်ကျင်းပမည့် နေ့ကောင်းရက်သာကို ပညာရှိများအားမေး၍ ရွေးလေ့ရှိသည်။ ကျင်းပမည့်ရက်နေ့တွင် နံနက်၄နာရီကပင် မြင်းစီးခင်းသို့ ထွက်ကြရသည်။ ပြိုင်ပွဲဝင်ကြမည့် မင်းသားမှူးမတ် မြေးစသည်တို့သည် မိမိတို့ရာထူးအလိုက် မိန်ညီချပ်ဝတ် တန်ဆာတို့ကို ဝတ်ဆင်ကာလာကြရ၏။ ထိုဝတ်စားတန်ဆာတို့ကို သပ်သပ်ရပ်ရပ်တင်းတင်းကျပ်ကျပ် ချည်နှောင်ဝတ်ဆင်ရ၏။ ပြိုင်ပွဲဝင်ဆင်နွဲနေစဉ် ကျွတ်ကျပါက ဣန္ဒြေမဲ့သည်ဟု ယူဆကာ ဒဏ်ပေးခံရသည်။ မင်းနှင့်မိဖုရားတို့သည် ဤပွဲသို့ကြွချီလာကြပြီး မဂ်လာမဏ္ဍပ်မှ ရှုစားအားပေးကြ၏။ သူဌေးသူကြွယ်ကုန်သည်ဆင်းရဲသားအားလုံး စိတ်ဝင်တစားအားပေးလေ့ရှိသော ပွဲပေတည်း။

ဦးစွာမြင်းစီးလှံကိုင်သူရဲတို့သည် စက်ကွင်းလှံထိုးပွဲ အစွမ်းပြကြ၏။ စက်တိုင်၌ လှံများကို ထူးခြားစွာ ထိုးစိုက်ပြကြ၏။ ကွင်း၏လယ်ယာဘက်တွင် စက်ခုံများထားရှိ၏။ ၎င်းစက်ခုံတွင် အမြင့်အသီးသီး၌ စက်ခွက်အသီးသီးထားရှိကာ လှံကိုင်သူရဲတို့က ထိုစက်ခွက်များကို မြင်းနှင့်စိုင်းနှင်ရင်း တစ်ခွက်ပြီး

ပစ်ခွက် အဆင့်ဆင့်လှံဖြင့် ထိုးကြ၏။ လှံတော်ထမ်းများက ထိုလှံကိုင်သူရဲ တို့ကို တစ်ချောင်းပြီးတစ်ချောင်း လှံများဆက်သရသည်။ မြင်းတော်ခံတို့က လည်း ပြိုင်ပွဲဝင်ဘို့၏ မြင်းဆီသို့ပြေးသွားကာ ဇက်သတ်ပေးရသည်။ စက်ခွက် ကိုလှံစွဲသောအခါ တစ်ကွင်းလုံးဆူညံစွာ ဩဘာပေးကြ၏။ ဤပွဲတွင်ထူးချွန် စွာထိုးနိုင်သည့် လှံကိုင်သူရဲတို့ကို မိဖုရားကြီးက ရွှေကျင်ခပ်ပဝါကိုလည်း ကောင်း၊ မင်းသမီးများက မိမိတို့၏ ခေါင်းမှပန်းများကိုချွတ်၍ လည်းကောင်း၊ ပေးကမ်းဂုဏ်ပြုကြ၏။ လှံကိုင်သူရဲတို့သည် ရွှေကျင်ခပ်ပဝါကို ရင်၌စည်းကာ နားမှပန်းကိုပန်ပြီးလျှင် တစ်ပတ်ပတ်၍ဟန်ရေးပြ၏။ ထိုအခါပရိသတ်ကြီး သည်တစ်ခဲနက်ဘဝဂ်ညံအောင် ဩဘာပေးကြလေသည်။ ဤကားကုန်း ဘောင်ခေတ် မြင်းစီးစက်ကွင်းလှံထိုး မြင်ကွင်းပေတည်း။

စက်ကွင်းလှံထိုးပွဲကို မင်းသားမှူးမတ်မြေးအားလုံးပါဝင်ယှဉ်ပြိုင် ကြရလေသည်။ ခိုကပ်တိမ်းရှောင်သူအား သတ္တိကြောင်သူအဖြစ်အထင်သေး ကြ၏။ စက်ကွင်းလှံထိုးပွဲပြီးသောအခါ မြင်းရေး(၃၇)ရေးကို စီးပြကြပြန်လေ သည်။ ဤအရေးဟို့ကို နိုင်နင်းစွာစီးတတ်မှသာ တစ်ဖက် ရန်သူနှင့်ရင်ဆိုင် စီးချင်းထိုး နိုင်မည်ဖြစ်သောကြောင့် မြင်းသူရဲတို့ကို အထူး လေ့ကျင့်ပေးထား လေသည်။ မြင်းရေး ၃၇ရေးကို စီးပြနေစဉ် စိန်ဆိုင်းမြဆိုင်း များကတီးမှုတ်ကြ ရသည်။ မြင်းသူရဲတို့က ဘုရင့်ရှေ့မှောက်တွင် စီးကျဝါးကျ စီးပြကြရသည်။ စွမ်းရည်အမျိုးမျိုးကို ထုတ်ပြကြရသည်။ မြင်းစီးရင်း ဓားခုတ်လှံထိုး အမျိုးမျိုး ကို ပြောင်မြောက်စွာ လုပ်ပြကြရလေသည်။

မြင်းရေးပြပွဲပြီးလျှင် လေးသည်တော်တို့က လေးပစ်အမျိုးမျိုးကို အစွမ်းပြကြပြန်၏။ မြင်းမြီးကို နှစ်ခြမ်းကွဲအောင်ပစ်ခြင်း၊ ကလေးငယ်၏ ထိပ်တွင်ရှိသော သံပရာသီးကို ထိအောင်ပစ်ခြင်း စသည့်လက်စွမ်း အမျိုးမျိုး ပြကြ၏။ ဆုရသူများအား ရွှေဖလား၊ ငွေဖလား၊ ရွှေကျင်ခပ်ပဝါ၊ သဇင်ပန်း စသည်တို့ကို ချီးမြှင့်ကြ၏။ လေးပွဲပြီးလျှင် ဗလီခတ်ကစားနည်းခေါ် ပိုလိုရိုက်

ကစားနည်းကို ကစားကြ၏။ ကူလီရိုက်ကစားနည်းဟုလည်းခေါ်ကြ၏။ သစ်သားကူလီသီးကို သစ်သားကူလီတံဖြင့် မြင်းစီးရင်း သူ့ဘက်ကိုယ့်ဘက်သို့ ပါအောင် အတင်းလု၍ လိုမ့်ယူရသော ကစားနည်းဖြစ်သည်။ ဤကစားနည်းသည် ကုန်းမြင့်လျှိုမြောင် မရှောင်တက်ကာဆင်းကာ ကွေ့ကာဝိုက်ကာ ကစားရသဖြင့် လျင်မြန် ဖျတ်လတ်၍ မြင်းစီးကျင်လည် စေသောကစားနည်းဖြစ်သည်။ ထိုမှနောက် ဆင်ခင်းပွဲကို ကျင်းပကြသည်။ ဆင်ခင်းပွဲကိုကား ပြာသိုလ၏နောက်ပိုင်းသို့ရောက်သွားသည်ဟု သိရပါသည်။

ဤပြိုင်ပွဲအသီးသီးတွင် ထူးချွန်သူတို့သည် ဆုအမျိုးမျိုး ကိုရရုံမက ကြင်ရာဇနီးကိုပင်ရလေ့ ရှိကြသည်ဟုသိရသည်။ မင်းမိဖုရားတို့ကသော်လည်းကောင်း၊ မိန်းကလေးရှင်မိဘများကသော်လည်းကောင်း သဘောကျပါကမိမိတို့သမီးနှင့်လက်ဆက်ပေးလေ့ရှိသည်ဟုဆိုပါသည်။ အမြော်အမြင်ကြီးလှသော ရှေးမြန်မာမင်းတို့သည် အထက်ပါစစ်ရေးပြပွဲအဖုံဖုံကို ကျင်းပကာသူရဲကောင်းမျိုးစုံကို မွေးထုတ်ပေးခဲ့ကြ၏။ ထိုသူရဲကောင်းတို့သည် အမိမြန်မာပြည်ကို မိမိစွမ်းရည်ဖြင့် သက်စွန့်ဆံဖျားကာကွယ် စောင့်ရှောက်ခဲ့ကြလေသည်။

ယခုခေတ်တွင် မြင်းခင်းသဘင် ဆင်ယင်ကျင်းပခြင်းမရှိတော့သော်လည်း ပြာသိုလတွင် နိုင်ငံ့တာဝန်ကို အဘက်ဘက်မှကျေပွန်ခဲ့ကြသော စစ်ရေး၊ လူမှုရေးဆိုင်ရာ သူရဲကောင်း အသီးသီးတို့အား သူရဲကောင်းတံဆိပ်၊ ဘွဲ့တံဆိပ်များ ချီးမြှင့် လေ့ရှိပေသည်။ ပြာသိုလတွင် ကျရောက်တတ်သော မြန်မာ့လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်မှ သာသနာ့ အာဇာနည်များဖြစ်သော ရဟန်းတော်များကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်လေ့ရှိသည်။ ထို့အတူ သီလရှင်သာသနာ့ အာဇာနည်မတို့ကိုလည်း သီရိသုမင်္ဂလာ သိင်္ဂီဘွဲ့တံဆိပ်တော်များ ချီးမြှင့်သည်။ ထို့ပြင်နိုင်ငံအတွက် အကျိုးပြုခဲ့ကြသူများ၊ အများ ပြည်သူတို့အတွက် ထူးခြား ၍ အကျိုးဆောင်ခဲ့ကြသူများကိုလည်း ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့လေသည်။

သို့ဖြစ်၍ လယ်ယာစီးပွားထူးချွန်သူများ၊ စက်မှုစီးပွားထူးချွန်သူများ၊ စီမံထူးချွန်သူများ၊ လူမှုထူးချွန်သူများကို တံဆိပ် အသီးသီး အဆင့်သုံးဆင့်ခွဲကာ ချီးမြှင့်သည်။ ရဲသူရ၊ ရဲဗလ၊ ရဲသူရိန်၊ ရဲကျော်စွာ၊ ရဲကျော်သူတံဆိပ်တို့ကိုလည်း နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

သို့ဖြစ်ရာ ပြာသိုလသည် သူရဲကောင်းတို့ရှင်လန်းတက်ကြွ ဂုဏ်ယူပီတိဖြစ်ရသောလပေတည်း။ ခွာညိုသင်းပြ၊ ပြာသိုနှင်းလ ချမ်းမြအေးခြင်းနိမိတ်ကိုဆောင်၍ တိုင်းပြည်သာယာရေး၊ ရှေ့ရှုသောလပင် ဖြစ်ပေတော့သည်---။

## ' တမနဲနှင့်တပို့တွဲ '

နိဒါန်း - တပို့တွဲလ၏သရုပ်
တပို့တွဲ၏အမည်အစ

စာကိုယ် - ရာသီ
- နက္ခတ်
- ပန်း
- ပွဲတော်
- ထမနဲပွဲထိုးကြပုံ
- ထမနဲပွဲ၏အစ
- ထမနဲ၏အချိုးအဆ
- မီးကုသိုလ်ပြုပွဲ
- ဩဝါဒပါတိမောက်အခါတော်နေ့

နိဂုံး - တပို့တွဲလ၏ချမ်းအေးမှုဖြင့် နိဂုံးချုပ်

## ' ထမနဲနှင့်တပို့တွဲ '

တပို့တွဲကား မြန်မာနှစ်၏ဆယ့်တစ်လမြောက်ဆောင်းလဖြစ်ပေသည်။ ခိုက်ခိုက်တုန်အောင် ချမ်းလွန်းလှသောကာလ ဖြစ်ပေရာ 'နှာရည်ယိုရွှဲ တပို့တွဲ'ဟုပင် ဆိုရိုးစကားရှိလေသည်။ ချမ်းစိမ့်စိမ့်ရာသီဖြစ်ရသည့်အထဲ အကြွင်းအကျန်မိုးလေးများက ကြိုးကြိုးစားစား ရွာချတတ်ပြန်သေး၏။ 'တပို့တွဲ၊ နွဲ၍ရွာခြင်း၊ ကျန်မိုးကြွင်း'ဟု ဆိုလေသည်။ ထို့အပြင် 'တပို့တွဲ၊ ပေါက်လဲငုံ ကင်း၊ ထန်းရည်နင်း၊' ဟုဆိုပြန်သည်။ ထန်းသမားတို့သည် ထန်းပင်ပေါ်သို့တက်၍ ထန်းလက်၊ ထန်းနို့၊ ထန်းခိုင်တို့ကို ညွှတ်ကျလာအောင် ခြေဖြင့်နင်းကြရလေသည်။ ဤသို့နင်းသည်ကိုထန်းရည်နင်းသည်ဟု ခေါ်ကြလေသည်။ ထို့ကြောင့်ပင် တပို့တွဲလ၏အမည်ကို မြန်မာလအမည်များစာအုပ်တွင် ထန်းဖူးထန်းခိုင်တွဲသောလဟု ဖွင့်ဆိုထားလေသည်။ ထန်းပိုးတွဲ၊ ထန်းပိုတွဲမှ တပို့တွဲဖြစ်လာသည်ဟု ဆိုရပေမည်။

တပို့တွဲလတွင် ရက်ပေါင်း(၂၉)ရက်ရှိ၍ရက်မစုံ။ နေ့ ၂၆နာရီ ည ၃၄နာရီရှိသဖြင့် နေ့တာတို၍ညတာရှည်သော လဖြစ်သည်။ ကုံရာသီဟု ခေါ်ဆိုပြီး ရာသီရုပ်မှာ ရေထမ်းသမား၊ ဆင်းရဲသားဖြစ်လေသည်။ ကောင်းကင်တွင် မာဃနက္ခတ်နှင့် လမင်းယှဉ်ပြည့်ကာ သရဝဏ်နက္ခတ်နှင့်နေမင်းတို့ယှဉ်ပြိုင်ကြ၏။ ဤလတွင် ချိန်တာရာ ထွန်းပကာ ရာသီပန်းမှာ ပေါက်လဲပွင့်၊

လက်ပံပွင့်နှင့် ဆူးပန်းပွင့်တို့ဖြစ်ကြသည်။ ရာသီပွဲတော်ကား ထမနဲပွဲပေတည်း။ ထို့ကြောင့် စာဆိုဦးဖက်က 'မြတ်လှူဒါယာဂုပွဲနှင့်၊ ပေါက်လဲပွင့်ထိန်လျှံ၊ ဖူးရက်ရည်ကြွေဝတ်ကို၊ ခြေဆွတ်ကြင့်ကျည်ညီလာ'ဟု ဖွဲ့ဆိုထားလေသည်။ ယာဂုသည် ထမနဲကို ဆိုလို၏။

ထမနဲပွဲကို များသောအားဖြင့် တပို့တွဲလပြည့်နေ့တွင် ကျင်းပလေ့ရှိသည်။ တပျော်တပါးစုစည်း၍ ထိုးကြ၏။ တစ်ချို့နေရာများတွင် ဒယ်အိုးကြီးများဖြင့် ထိုးကြသည်။ ယောက်ျားကြီးများသည် ခါးတောင်းကိုမြှောင်အောင်ကျိုက်ကာ လှော်တက်ကြီးများဖြင့် အချင်းချင်းစိန်ခေါ်ကာ ဖွဲနပဲနှင့် အပြိုင်အဆိုင် အနိုင်ထိုးလေ့ရှိကြသည်။ သူ့ပရိသတ်၊ ကိုယ့်ပရိသတ်တို့ကလည်း ဘေးမှ လက်ခုပ်လက်ဝါးတီးကာ ဆူညံစွာအားပေးလေ့ရှိကြ၏။ ထိုးပြီးသော အခါ ဦးစွာမြတ်စွာဘုရားကို ဆွမ်းတော်ကပ်ပြီး ဘုန်းတော်ကြီးများကို ဆက်ကပ်ကြသည်။ ပြီးမှ တပျော်တပါး စုစုဝေးဝေးစားကြ၏။ မိတ်သင်္ဂဟများကိုလည်း ဝေကြလေ၏။

ဤပွဲတော်မှာ လယ်လုပ်ငန်းပြီးကာစ ဦးကြီးများသည် မိမိတို့လယ်မှထွက်သော ကောက်ညှင်းစပါးကို ဦးဦးဖျားဖျား ထမနဲထိုး၍ ဘုရားသို့ ကပ်လှူရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည် ဟုဆိုကြသည်။ ထမနဲမှာ ကောက်ညှင်းကို နှမ်း၊ နှမ်းဆီ၊ အုန်းသီး၊ မြေပဲ၊ ချင်းစသည်တို့ဖြင့် စီမံပြုလုပ်ထားသော မြန်မာ့အစားအစာဖြစ်၍ 'နှမ်းမနဲ'ဟုလည်း ခေါ်ကြသေးသည်။ ဆေးကျမ်းများအလိုအရ တပို့တွဲလသည် ချမ်းအေးလွန်းသောကြောင့် အဆီဓာတ်အားနည်းချိန်ဖြစ်ရာ ဆီနိုင်သောအပူဓာတထမနဲ စားသုံးလျှင်အပူဓာတ်ရပြီး ကျန်းမာရေးအတွက် အကျိုးရှိသည်ဟုဆိုလေသည်။ လက်တွေ့တွင်မူ ထမနဲထိုးရာတွင် အားကြိုးမာန်တက် ချွေးပြိုက်ပြိုက်ကျအောင်ထိုးကြရသဖြင့် ဆောင်းရာသီကို အံတုကာကျန်းမာရေးအတွက် အကျိုးရှိလှသည်ကို တွေ့ရပါသည်။

ထမနဲထိုးသည့်အခါ ထည့်ရမည့်အချိုးအစားကို တေးထပ်တစ်ခုတွင် အတိအကျဖွဲ့ဆိုထားလေသည်။ ထိုတေးထပ်အရ ထမနဲထိုးရာ၌ ကောက်ညှင်းလေးပြည်ထိုးလျှင် ဆီတစ်ပိဿာ၊ မြေပဲရှစ်ဆယ်သား၊ နှမ်းသုံးဆယ့်နှစ်ကျပ်သား၊ အုန်းသီးစိပ်နှစ်ဆယ်သား၊ ဆားခုနှစ်ကျပ်သားနှင့် ချင်းသုံးကျပ်သား တို့လိုသည်ဟုဆိုပါသည်။ ပထမဦးစွာ ကောက်ညှင်းကို ရေစင်အောင်ဆေးရသည်။ မိုးပြဒယ်တွင် ဆီတစ်ပိဿာကို ထည့်၍ ချင်းကိုဆီသတ်ပြီးနှပ်ရပါသည်။ ကောက်ညှင်းနှပ်၍ဆီပြန်သော် မီးဖိုမှချ၍ ယောက်မကြီးနှစ်လက်ဖြင့် ကြေညက်နေအောင် နှဲရပါသည်။ ကောက်ညှင်းကြေသွားမှ နှမ်း၊ အုန်းသီးနှင့်ဆားထည့်ပြီး နှပ်ရပါသည်။ ဤသို့နှင့် ကောက်ညှင်းချွဲချွဲ၊ မြေပဲမွှေးမွှေး၊ ချင်းနံ့သင်းသင်းနှင့် အုန်းသီးစိပ်များ နှမ်းများသမနေသော အထူးအရသာရှိသည့် မြန်မာ့ရိုးရာစားဖွယ်ရာ 'ထမနဲ'ကို ရရှိပါသည်။ ထမနဲပွဲကို အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ်ဟု ယူဆရလေသည်။

မင်းတုန်းဘုရင်လက်ထက်တွင် နန်းတွင်း၌သာမက နေပြည်တော်တစ်ဝှမ်းလုံး၊ တစ်ပြည်လုံးတွင် ထမနဲထိုးပွဲကို ကျင်းပလျှက်ရှိနေပြီဖြစ်သည်။ ယနေ့အခါ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ဌာနအလိုက်၊ အသင်းအဖွဲ့အလိုက်၊ ထမနဲပွဲများ ကျင်းပကြလေသည်။ အိမ်များတွင်လည်း တစ်နိုင်ထိုးကြသည်။ ထမနဲနှင့် တပို့တွဲကား ခွဲမရနိုင်သောပွဲ ဖြစ်သည်။

တပို့တွဲလ၌ ထမနဲပွဲအပြင် မီးပုံခင်းလှူပွဲကိုလည်း ကျင်းပကြသည်။ နံ့သာထင်းများဖြင့် မြတ်စွာဘုရားအား ရည်မှန်း ပူဇော်တတ်ကြသည်။ တပို့တွဲလမှာ ချမ်းအေးလွန်းလှသဖြင့် အချမ်းသက်သာစေရန် ညီတော်အာနန္ဒာသည် ဘုရားရှင်အား ဒုကုဋ်သင်္ကန်းကို တစ်ခုသောတပို့တွဲလပြည့်နေ့ ည၂ချက်တီးအချိန်ကျော်တွင် လွှမ်းတင်ပေးတော်မူခဲ့ရသည်ဆို၏။ ဤသည်ကို အစွဲပြု၍ ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့သည် စေတီပုထိုးများရှေ့၌ စန္ဒကူးအကျော်နံ့သာ ကရမက်စသည့်တို့ကို အမွှေးနံ့ရစိမ့်ငှာ ဆက်ကပ်လှူဒါန်း လေ့ရှိကြ

သည်။ ဤမီးကုသိုလ်ပြုပွဲ(မီးပုံးပွဲ) ကျင်းပသည်ဟုဆိုလေသည်။ ယနေ့ထက်တိုင် မန္တလေး မဟာမြတ်မုနိဘုရားရင်ပြင်တွင် နှစ်စဉ်ကျင်းပလျှက်ရှိနေပါသ ၎်။

တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ ဟု ဆိုပါသည်။ တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်သည် တပည့် သံဃာအပေါင်းတို့အား ဩဝါဒပေးတော်မူသည်ဟု ဆိုပါ၏။ ထို့ကြောင့် ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့တေဒဂ်ရသောနေ့၊ အင်္ဂါလေးရပ်နှင့် ပြည်စုံသော ရဟန်းတို့အလိုအလျောက် စုဝေးမိသောနေ့ကားတပို့တွဲလပြည့်နေ့ဖြစ်သည်ကို တွေ့ရလေသည်။ ထိုဩဝါဒမှာ အပါယ်လေးပါးမှ လွတ်မြောက်သော အဆုံးအမဖြစ်သည်ဟု မှတ်သားရပါ သည်။

တပို့တွဲလကား တမာနု၍ ကျေးများဥသော ရာသီဖြစ်သည်။ ပင်ယံထက်တွင် ဆက်ရက်တို့ တွန်ကျူးညံစီသောလ ဖြစ်သည်။ မြစ်ပြင်တစ်လျှောက်မှာ သဲသောင်ပြင်များ ထွန်းပေါ်၍ နှင်းငွေ့ ဖွေးဖွေးနှင့်လွမ်းဆွေးဖွယ်ရှုခင်းတို့ကို ခင်းကျင်းပြသသောလဖြစ်သည်။ 'ငွေနှင်းရယ်မှုန်၊ လေညင်းငယ် တသုန်သုန်နှင့်၊ ချမ်းပုံမှာကမ်းကုန်ရစ်တာမို့ မန်းတုန်အောင် လမ်းဆုံကဟာစ်ချင်တော့' ဟူ၍ အချုပ်တန်းဆရာဖေကဲ့သို့ပင် ဖွဲ့ဆိုဟစ်ကြွေးလိုက်ချင်ပါတော့သည်။ ချမ်းလှချည်ရဲ့တပို့တွဲရယ် ----။

## ' တပေါင်းသာခေါင်လများနှောင် '

နိဒါန်း - တပေါင်းလ၏အဓိပ္ပာယ်ဖွင့်ဆိုမှုများ

စာကိုယ် - ဝေါဟာရ
- နက္ခတ်တာရာ
- ရာသီပွဲတော်
- ပန်း
- အရုပ်
- သဲပုံစေတီတည်ထားသောလေ့
- တောင်သူဦးကြီးတို့တည်ထားပုံ
- ရွှေစည်းခုံစေတီတော်အစ
- ရွှေတိဂုံသမိုင်း
- တပေါင်းပွဲတော်
- မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့

နိဂုံး - တပေါင်းလည်းကူး မိုးသားကျူး
- တပေါင်း၏ ရှုခင်းဖြင့် ညွတ်လူးဆွတ်ပျံ့ဖွယ်အဆုံးသတ်

## ' တပေါင်းသာခေါင်လမျှားနောင် '

နွေဦးပေါက်လေပြီ။ နွေအဖွင့်တွင် ကြွေလွင့်ရှာသော ရော်ရွက်ဝါတို့သည် တဝေ့ဝေ့ဝဲကာ ရှိလေသည်။ လေနှင်ဒဏ် ခံရသော ကြွေရွက်သည် မြေသက်ရန် ချာချာလည်လျှက်ရှိနေတော့၏။ အချိန်ကား တပေါင်းလမိန်ရာသီဖြစ်ပေသည်။ တပေါင်းနွေဦး မင်းလွင်ကမြူးသည်။ တပေါင်းလ၏ သာမောပုံမှာ လတကာတို့ထက် ပိုမိုသဖြင့် "တပေါင်းသာခေါင်လမျှားနောင်'ဟု ဆိုသည်။ တပေါင်းလတွင် ကျက်သရေတို့က ဆောင်းမိုးထားပြန်သောကြောင့် 'ရာသီကြက်ဆောင်းလတပေါင်း'ဟုလည်း ဆိုကြသည်။ တပေါင်းလ၏ လတစ်ဝက်သည် ဆောင်းရာသီဖြစ်ပြီး လတစ်ဝက်မှုကား နွေရာသီဖြစ်၏။ ထို့ကြောင့်လည်း တပေါင်းလသည် ဆောင်းငွေ့ဆောင်းသဏ် မကုန်သလို နွေရိပ်နွေရောင်ကလည်း ပြနေတတ်သည်။ 'နေ့ပူလို့ညချမ်း၊ တပေါင်းလ လသရမ်းဟု' ဆိုကြရသည် မဟုတ်ပါလော။

တပေါင်းဟူသော အမည်သည် ထန်းရည်များကို ပေါင်းစပ်ကြိုချက်ကြသည့်ကာလ 'ထန်းပေါင်းလ'ဟုခေါ် ဆိုရာမှ တပေါင်းလသို့ ရွေ့လျောလာခဲ့သည်ဟု ဆိုသည်။ အချို့ကမူ ဤရာသီတွင် နက္ခတ်(၁၂)လုံး စုပေါင်းပေါ် ထွက်ခြင်းကြောင့် တပေါင်းတစည်းတည်းကိုပြဆို၍ တပေါင်းလဟုခေါ်သည်ဟု ဆိုလေသည်။ ဤလတွင် ရက်ပေါင်း(၃၀)ရက်စုံ၍ နေ့၃၆နာရီ၊ ည၌ ၂၄နာရီရှိရာ နေ့ဘာရှည်၍ ညတာတိုသောလဖြစ်သည်။ ကောင်းကင်တွင် ဥတ္တရဖလဂုနီနက္ခတ်နှင့် လမင်းယှဉ်ကာ ပြုဗ္ဗာဘဒြနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ဆံကျင်တာရာ ထွန်းပကာရာသီရုပ်မှာ ငါးနှစ်ကောင်ရေကူး

နေပုံဖြစ်သည်။

ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွှင်မြူမထောင်းသည့် ဤ တပေါင်းလတွင် 'မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြစ်နဒီသောင်တခိုက၊ မောင်မယ်ညိုမြူးပြန်တော့တယ်လေး' ဟု မဟာအတုလမင်းကြီး၊ ဖွဲ့ဆိုသကဲ့သို့ တပေါင်းလတွင် အင်ကြင်းပန်းနှင့်သရဖီပန်းတို့ ပွင့်ကြသည်။ မြစ်နဒီတွင်း၌လည်း သောင်များပေါ်ထွန်း၍ မယ်ညိုငှက်တို့ မြူးတူးပျံဝဲကြသည်။ ရွက်ဟောင်းကြွေရွက်သစ်နုချိန်ဖြစ်ပြီး သဲသောင်ခုံများတွင် သဲပုံစေတီတော်တည်ထားကိုးကွယ်သော လလည်းဖြစ်ပေသည်။

သဲပုံစေတီတည်ထားသော ဓလေ့မှာ ကမ္ဘာကမ္ဘေရှေးလွန်လေပြီးသောအခါကပင်ပေါ်ပေါက်ခဲ့သည်ဟု အပဒါန်ပါဠိတော်အရသိရသည်။ ရှေးလွန်လေပြီးသောအခါက နာရဒမည်သော ရသေ့တစ်ပါးသည် မြစ်ကမ်းထိပ်တွင် တရားအားထုတ်၏။ နွေရာသီရောက်၍ မြစ်တွင်သောင်ထွန်းသောအခါ ထိုရသေ့သည် သဲများကို စုပုံကာ သဲပုံစေတီတည်ထားကိုးကွယ်၏။ လူအများက ကဲ့ရဲ့ပြစ်တင်ကြသော် ရသေ့က စိတ်လက်ရှည်ရှည်ရှင်းပြလေ၏။ သူသည် အကြောင်းမဲ့သဲပုံစေတီကို တည်ထားကိုးကွယ်ခြင်းမဟုတ်၊ ရှေးဟောင်းဝေဒကျမ်းများအရ သူသည် ပရိနိဗ္ဗာန်စံလေပြီးသောဘုရားများနှင့်တကွ ဗုဒ္ဓဂုဏ်တော်များ၊ ကိုယ်ပွားတော်များ၊ စေတီများအကြောင်းကိုလည်းသိကြောင်း၊ ဘုရားရှင်၏ စေတီများသည် သဲပုံစေတီကဲ့သို့ပင်ရှိမည်ထင်ရကြောင်း၊ ထိုဘုရားရှင်တို့ကို အာရုံပွား၍ ဤသဲပုံစေတီကို တည်ထားဦးချခြင်းဖြစ်ကြောင်း၊ အကျယ်တဝင့်ရှင်းပြလေသည်။ ထိုသို့ဖြင့် ရှေးရှေးအခါကပင် ပေါ်ပေါက်ခဲ့သော ဤဓလေ့ကို ရှေးမြန်မာတို့နှစ်သက်စွာ ထိန်းသိမ်းခဲ့ကြလေသည်။

တပေါင်းလတွင် မြစ်ချောင်းများ ရေကျကာ သဲသောင် ဖြူလွလွတို့ပေါ်ထွန်းရစမြဲဖြစ်သည်။ ထိုအချိန်၌ တောင်သူဦးကြီးတို့သည် ယိုင်ပတ် (၅) ဆင့်ပြုလုပ်၍ သဲသန့်သန့်ထည့်ကာ သဲပုံစေတီပူဇော်ပြုလုပ်သည်ဟုဆိုသည်။ ပြီးလျှင်တံခွန်ကုက္ကား၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်၍အလှူအတန်းပွဲများပြုလုပ်ကြသည်။

သဲပုံစေတီများကို ဘုရင်မင်းမြတ်များကိုယ်တိုင်ပြုလုပ်၍ ဌာပနာများနှင့်စေတီတော်တည်ထားကြလေသည်။ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးဇေရာဝတီသောင်ကမ်းတွင် သဲပုံစေတီတည်ကာ စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်တစ်ဆူတည်ထားခဲ့သည်။ သဲခုံစေတီ၊ ထိုမှစဲခုံ၊ထိုမှ စည်းခုံ၊ ထို့နောက် 'ရွှေစည်ခုံစေတီတော်ကြီး'ဟု အမည်တွင်ခဲ့လေသည်။ ယခုအခါ ထိုဓလေ့တိမ်ကောမှေးမှိန်လျက်ရှိနေပြီဖြစ်သည်။ တပေါင်းလတွင် အထူးအားဖြင့် တပေါင်းပွဲတော်ကို ကျင်းပကြလေသည်။

မဟာသက္ကရာဇ် ၁၀၃-ခု တပေါင်းလပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီးနှင့်တဖုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့ကြီးမှူး၍ ဘုရားရှင်၏ဆံတော်မြတ်ကို ဌာပနာကာ ရွှေတိဂုံစေတီတော်ကြီးကို တည်ခဲ့သည်ဟု ရွှေတိဂုံသမိုင်းတွင် ဖော်ပြထားပါသည်။ ထိုသို့ ရွှေတိဂုံသမိုင်းတွင် ဖော်ပြထားသောနေ့ကိုအစွဲပြု၍ တပေါင်းလပွဲတော်ကို အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ကြလေသည်။ စာဆိုတော်နဝဒေးက 'တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြတုံ၏၊ မည်းပုံများဖြင့်၊ သဘင်နှစ်ကြောင်း၊ လှေပေါင်းလှည်းက တုပဆင်ယင်၊ မမြင်စဖူး၊ တင့်လွန်းကျူးမျှ၊ စုံပူးမကွာ၊ သို့သော်ခါသည်' ဟု ဖွဲ့ဆိုခဲ့၏။ တပေါင်းပွဲတော်တွင် ရွှေတိဂုံစေတီကြီး၌ လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် ဘုရားဖူးများ ရောက်လာကြရာ အလွန်စည်ကားသည်ဟု ဆိုပေ၏။ ရွှေတိဂုံတပေါင်းပွဲကား ယခုတိုင်စည်ကားမြဲပေတည်း။ ထို့အတူအခြားရပ်ရွာဒေသများတွင်လည်း တပေါင်းလတွင် ဘုရားပွဲများသတ်မှတ်ကျင်းပကြပြီး တပေါင်းပွဲတော်ကို ဆင်နွှဲကြလေသည်။

တပေါင်းလပြည့်နေ့တွင် ကာဠုဒါယိမထေရ်သည် ဘုရားရှင်အား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ဖော်မူပါရန် လျှောက်ထားအောင်မြင်ခဲ့လေသည်။ ရှေးဦးမဆွတွင် ဘုရားရှင်၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဘုရားရှင်ရှိရာ ရာဇဂြိုလ်ပြည်၊ ဝေဠုဝန်ကျောင်းတော်သို့ ခေါင်းဆောင်အမတ်ဆယ်ဦးနှင့် နောက်ပါအခြွေအရံတစ်ထောင်စီလိုက်ပါလျက် (၁၀)ကြိမ်ခဲ့ကာ ဘုရားရှင်ကို ပင့်ဖိတ်ခဲ့သော်လည်း ဘုရားရှင်နှင့်တွေ့ဆုံပြီးသည့်အခါ ဘိက္ခုရဟန်းများဖြစ်ကုန်ကြ၍ မအောင်မြင်ခဲ့ပေ။ ရဟန္တာဖြစ်ပြီးသော ကာဠုဒါယိ

မထေရ်က တပေါင်းလ၏သာယာပုံကို ဂါထာ(၆၄)ခုသီကုံးပြီး ခမည်းတော်၏ ကျေးဇူးကို သိသောငှာ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ကြောင်း လျှောက်ထားခဲ့၏။ ထို့ကြောင့် မဟာသက္ကရာဇ်၁၀၃-ခု တပေါင်းလပြည့် ကျော်(၁)ရက်နေ့တွင် ရာဇဂြိုလ်မှ ကပိလဝတ်ပြည်သို့ ရက်ပေါင်း(၆၀)ကြာ မျှဒေသစာရီကြွချီတော်မူခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် တပေါင်းလပြည့်ရောက်တိုင်း ပြည်တော်ဝင်ရန် ကာဠုဒါယီမထေရ်၏ ပင့်ဖိတ်အောင်မြင်မှုအထိမ်းအမှတ် ဖြင့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ကို သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပလျှက်ရှိလေသည်။

တပေါင်းလည်းကူး မိုးသားကျူးလေပြီ။ ကောင်းကင်တစ်ခွင်တွင် မိုးသားတိမ်တိုက်များ ဖြစ်ထွန်းပေါ် ပေါက်လျှက်ရှိသည်။ မိုးသံကို နားတွင် ကြားရသော်လည်း မိုးမရွာသောလဖြစ်ပေသည်။ တပေါင်းလေရူး ဆော်ကျူး တိုက်ခတ်ချိန်မို့ မိုးတိမ်တို့ထွက်ပြေးဆုတ်ခွာ သွားရပြီဖြစ်သည်။ ဤရာသီကား စာဆိုတို့ မျက်စိကျဖွယ်ရာသီဖြစ်တော့သည်။ စာဆိုတို့ကား ရွက်ကြွေကို မျက်စိကျလေသည်။ တိမ်တိုက်တွေကို မြတ်နိုးကြပြီး လေပြေကိုချစ်ခင်ကြ၏။ လေရူးနှောက်လျှင်စိတ်ကူးပေါက်ကြ၏။ တိမ်ပြေးသဖြင့် မှိုင်မှေးသောအတွေး ပေါ်၏။ ရွက်ကြွေသဖြင့် ရတက်ပွေကြသည်။ ထိုအခါ ကဗျာဖွဲ့၊ စာပြုကြ လေ သည်။ နွေကလည်း မြူးစာဆိုကလည်း ရူးသောကြောင့် ထူးကဲလှသော နွေဦးတေးကဗျာတို့ လူးလွန့်ဖူးကွန့်လာရချေတော့သည်။

တပေါင်းသာခေါင်လများနောင်ကား ရှင်ဥတ္တမကျော် ဖွဲ့ဆိုသကဲ့သို့ ပင်တည်း။

'သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်
သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ
ခြယ်သောပုံသို့----' ။----။

## ' ဆယ့်နှစ်လရာသီပွဲတော်များ '

၁။ သင်္ကြန်တာကူး
၂။ နှစ်ဦးညောင်ရေ
၃။ စာပုလွှေခင်း
၄။ ပဉ္စင်းတော်ခံ
၅။ စာရေးတံနှင့်
၆။ မြစ်ယံပွဲကြီး
၇။ ဆီမီးထွန်းချိန်
၈။ ကထိန်
၉။ နတ်ကျင်း
၁၀။ မြင်းခင်းထွက်ဝင်
၁၁။ သဘင်မီးပုံး
၁၂။ ဂူလုံးသဲပုံ

စေ့စုံစီလျှန်၊ ဤသို့ ယှဉ်ထားလစဉ်အမြဲ၊ ဆယ့်နှစ်ပွဲ။

လက်ဝဲသုန္ဒရအမတ်ကြီး
(သာဓိနုပျို့)

## ' ဆယ့်နှစ်လရာသီအခေါ်များ '

၁။ မိဿ
၂။ ပြိဿ
၃။ မေထုန်
၄။ ကရကဋ်
၅။ သိဟ်
၆။ ကန်
၇။ တူ
၈။ ဗြိစ္ဆာ
၉။ ဓနု
၁၀။ မကာရ
၁၁။ ကုံ
၁၂။ မိန်

တန်ခူးလမှစ၍ တပေါင်းလတွင်ဆုံးသည်။
မိဿမှစ၍ မိန်တွင်ဆုံးသည်။

## ' ဆယ့်နှစ်လရာသီပန်းများ '

၁။ ပန်းကုံကော်
၂။ ရွှေစကားနှင့်
၃။ ငွေသားနုစပယ်မှန်
၄။ မြတ်လေး
၅။ ခေတ္တာနှင့်
၆။ ရွှေယင်းမာ
၇။ ကြာ
၈။ ခဝဲ ဖွဲစ နှင်းလျှံ
၉။ သဇင်ကျန်
၁၀။ ခွာတံ
၁၁။ ပေါက်လဲ
၁၂။ ပွင့်ဝတ်မှုန်ရွှေဖီမင်း၊ သင်းထုံနံ့ကဲ

(ရာသီမသိ၊ ပန်းနှင့်ညီ)

## ' ဆယ့်နှစ်လရာသီ နက္ခတ်များ '

၁။ စိတြနက္ခတ် လမင်း(စန်း)နှင့်ယှဉ်
အာသာဝတီနက္ခတ် နေမင်းနှင့်ယှဉ်
(တန်ခူး)

၂။ ဝိသာခါနက္ခတ် လမင်း (စန်း) နှင့်ယှဉ်
ကြတ္တိကာနက္ခတ် နေမင်းနှင့်ယှဉ်
(ကဆုန်)

၃။ ဇေဋ္ဌနက္ခတ် လမင်းနှင့်ယှဉ်
မိဂသီနက္ခတ် နေမင်းနှင့်ယှဉ်
(နယုန်)

၄။ ပြုဗ္ဗာသာဠ်နက္ခတ် လမင်းနှင့်ယှဉ်
ဖုဿနက္ခတ် နေမင်းနှင့်ယှဉ်
(ဝါဆို)

၅။ သရဝဏ်နက္ခတ် လမင်းနှင့်ယှဉ်
မာဃနက္ခ နေမင်းနှင့်ယှဉ်
(ဝါခေါင်)

၆။ ပြုဗ္ဗာဘဒြနက္ခ လမင်းနှင့်ယှဉ်
ဖလဂ္ဂုဏီနက္ခ နေမင်းနှင့်ယှဉ်
(တော်သလင်း)

၇။ အာသာဝတီနက္ခတ် လမင်းနှင့်ယှဉ်
စိတြနက္ခတ် နေမင်းနှင့်ယှဉ်
(သီတင်းကျွတ်)

၈။ ကြတ္တိကာနက္ခတ် လမင်းနှင့်ယှဉ်
ဝိသာခါနက္ခတ် နေမင်းနှင့်ယှဉ်
(တန်ဆောင်မုန်း)

၉။ မိဂသီနက္ခတ် လမင်းနှင့်ယှဉ်
ပြုဗ္ဗာသဠ်နက္ခတ် နေမင်းနှင့်ယှဉ်
(နတ်တော်)

၁၀။ ဖုဿျှနက္ခတ် လမင်းနှင့်ယှဉ်
ဥတ္တရာသာဠ်နက္ခတ် နေမင်းနှင့်ယှဉ်
(ပြာသို)

၁၁။ မာဃနက္ခတ် လမင်းနှင့်ယှဉ်
သရဝဏ်နက္ခတ် နေမင်းနှင့်ယှဉ်
(တပို့တွဲ)

၁၂။ ဖလဂုဏီနက္ခတ် လမင်းနှင့်ယှဉ်
ပြုဗ္ဗာဘဒြနက္ခတ် နေမင်းနှင့်ယှဉ်
(တပေါင်း)

## ' ဆယ့်နှစ်လရာသီ တာရာများ '

၁။ တံငါတာရာ
၂။ ဆင်တာရာ
၃။ မြင်းတာရာ
၄။ ဗျိုင်းတာရာ
၅။ ဗျိုင်းတာရာ
၆။ ဗျိုင်းတာရာ
၇။ ကျီးတာရာ
၈။ ကျီးတာရာ
၉။ ဟသ်ာတာရာ
၁၀။ ပုဇွန်တာရာ
၁၁။ ချိန်တာရာ
၁၂။ ဆံကျင်တာရာ

## ' ဆယ့်နှစ်လရာသီ ရုပ်များ '

၁။ ဆိတ်သတ္တဝါပုံ
၂။ နွားရုပ်ပုံ
၃။ အပျိုလူပျိုယှဉ်တွဲနေပုံ
၄။ ပုဇွန်လုံးဂဏန်းပုံ
၅။ ခြင်္သေ့ရုပ်ပုံ
၆။ ကညာပျိုရုပ်ပုံ
၇။ ချိန်ခွင်ကိုင်နေသည့်ကုန်သည်ပုံ
၈။ ကင်းမလက်မည်းပုံ
၉။ အထက်ပိုင်းလူ၊ အောက်မြင်းပုံသဏ္ဌာန်ရှိ၍လေးလက်နက်
စွဲကိုင်ထားသော ယောကျ်ားရုပ်ပုံ
၁၀။ သမင်နှင့်ငါးရုပ်
၁၁။ ရေထမ်းသမားဆင်းရဲသားပုံ
၁၂။ ငါးနှစ်ကောင်ရေကူးနေပုံ

## ' ဆယ့်နှစ်လရာသီ နေ့တာညတာများ '

| | | |
|---|---|---|
| ၁။ | တန်ခူး | (နေ့တာညတာတူညီ) |
| ၂။ | ကဆုန် | နေ့တာရှည်၊ ညတာတို |
| ၃။ | နယုန် | နေ့တာရှည်၊ ညတာတို |
| ၄။ | ဝါဆို | (နေ့တာအရှည်ဆုံးလ) ညတာအတိုဆုံး |
| ၅။ | ဝါခေါင် | နေ့တာရှည်၊ ညတာတို |
| ၆။ | တော်သလင်း | နေ့တာရှည်၊ ညတာတို |
| ၇။ | သီတင်းကျွတ် | (နေ့တာညတာတူညီသည်) |
| ၈။ | တန်ဆောင်မုန်း | နေ့တာရှည်၊ ညတာတို |
| ၉။ | နတ်တော် | နေ့တာရှည်၊ ညတာတို |
| ၁၀။ | ပြာသို | (ညတာအရှည်ဆုံးလ) နေ့တာအတိုဆုံး |
| ၁၁။ | တပို့တွဲ | နေ့တာတို၊ ညတာရှည် |
| ၁၂။ | တပေါင်း | နေ့တာရှည်၊ ညတာတို |